# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၂၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ International Army Games-2022 ပြိုင်ပွဲ၏ Tank Biathlon (Tank Crews Competition) Division-2 ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၁ နိုင်ငံ ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ထိုက်ထိုက်တန်တန် ရရှိ

နေပြည်တော် ဩဂုတ် ၂၁

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ဩဂုတ် ၁၅ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games-2022 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကားမောင်းနှင့် ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Tank Crews Competition) Division-2 သို့ မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ထိုက်တန်စွာ ရယူနိုင်ခဲ့သည်။

မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့အနေဖြင့် Tank Biathlon (Tank Crews Competition) Division-2 ၌ ဆီးရီးယား၊ လာအို၊ အီရန်၊ တာဂျစ်ကစ္စတန်၊ တောင်အာဆက်တီးယား၊ အာခ့ါဇီယာ၊ ဆူဒန်၊ ဇင်ဘာဘွေ၊ အာမေးနီးယားနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑




မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ တင့်ကားမောင်းနှင်ပစ်ခတ်ပြိုင်ပွဲဝင်နေစဉ်။

# ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော်

ဘားအံ ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်း(၁၀၀)ကျော် စုပေါင်းနေထိုင်ကြပြီး လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိခြင်းဟူသည့် ထူးခြားသော ဝိသေသများနှင့်အတူ လူမျိုးတစ်မျိုး ရပ်တည်ရှင်သန်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးတိုင်းတွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ရိုးရာဓလေ့များကို တန်ဖိုးထားမြတ်နိုးကြသကဲ့သို့ မပျောက်ပျက်အောင်လည်း ထိန်းသိမ်းမြှင့်တင်လေ့ရှိကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆




**ယနေ့ ဖတ်စရာ**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ**

ပြည်တွင်းသတင်း | စာ - ၄

**ဗိမာန်မည် စာပေနန်းမှသည်**

ဆောင်းပါး | စာ - ၆

**ပြည်တွင်းစစ်အိပ်မက်ဆိုးများကြားက လွတ်မြောက်ရန် ကြိုးစားနေကြသည့် ဆီးရီးယားအမျိုးသမီးများ**

နိုင်ငံတကာရေးရာ | စာ - ၁၃

မြန်မာ့အလင်း

# ဆွေးနွေးညှိနှိုင်းပေါင်းစည်းညီညွတ်

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ နောက်ထပ် အဆင့်တစ်ဆင့်ဆီသို့ တက်လှမ်းခဲ့ပြီဖြစ်သည်။ တစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှု တံခါးကို ဖွင့်ထားဆဲဖြစ်သကဲ့သို့ မည်သည့်အခြေအနေမျိုးတွင်မဆို ကြိုတင်ကန့်သတ်ချက်မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်လက်ကမ်းထားဆဲပင်ဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိမလာသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသ၏ အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးနှင့် တိုင်းပြည်၏ အကျိုးအတွက် အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်ကာ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာကြမည်ဟု မျှော်လင့်မိသည်။

၂၀၂၂ ခုနှစ် မေလမှ ဩဂုတ်လအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် ပထမအကြိမ်တွေ့ဆုံမှုများတွင် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ကြရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့် ကိုက်ညီသော တူညီသည့်ပန်းတိုင်ကို သတ်မှတ်နိုင်ခဲ့ခြင်းပင်ဖြစ်ပြီး ထိုပန်းတိုင်ဆီသို့ အတူတကွ လျှောက်လှမ်းနိုင်ကြမည့် နည်းလမ်းကို စုပေါင်းဆွေးနွေးညှိနှိုင်းရှာဖွေကြရတော့မည်ဖြစ်သည်။ ဤတွင်ညှိနှိုင်းဆွေးနွေးပွဲတို့၏ သဘာဝအရ လိုလားချက်များ၊ တောင်းဆိုချက်များ၊ လုပ်ငန်းစဉ်များကို သံသယကင်းကင်း၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းကြရင်း လက်တွေ့ကျသော၊ ဖြစ်သင့်ဖြစ်ထိုက်သော ရလဒ်များထွက်ပေါ်လာစေရေးဟူသော အပေါင်းလက္ခဏာဆောင်သည့် အမြင်များဖြင့်သာ ဦးတည်ကြရမည်ဖြစ်သည်။

တစ်နည်းအားဖြင့် နိုင်ငံလွတ်လပ်ရေး ရပြီးသည့် ၇၅ နှစ်တာကာလဆီသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်သည့် ကာလတစ်လျှောက်လုံးတွင် လက်နက်ကိုင်တိုက်ခိုက်ခဲ့သည့် နည်းလမ်းများက လိုရင်းအဖြေကို မရရှိစေသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည်လည်း ကမ္ဘာ့အဆင့်မှာရော၊ ဒေသတွင်းအဆင့်နှင့် အိမ်နီးချင်းအဆင့်တို့မှာပါ နောက်ကျကျန်ခဲ့ရသည့် အဖြစ်သို့ ရောက်ရှိစေခဲ့သည်။ မငြိမ်းချမ်းခြင်းကြောင့် နိုင်ငံမဖွံ့ဖြိုး၊ နိုင်ငံမဖွံ့ဖြိုးခြင်းကြောင့် နိုင်ငံအတွင်းရှိ ဒေသအသီးသီးတို့လည်း မဖွံ့ဖြိုးနိုင်၊ ဒေသခံပြည်သူတို့လည်း လူမှုစီးပွားဘဝများနိမ့်ကျ စသည့်ရလဒ်များ ဆက်လက်ဖြစ်ပေါ်လာသည်။ ၎င်းဆိုးကျိုးတို့၏ဒဏ်ကို ခံစားကြရသူများမှာ မိမိတို့ တိုင်းရင်းသားပြည်သူလူထု အားလုံးပင်ဖြစ်သည်။

"ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်" ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့ရာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဂုဏ်သိက္ခာမြင့်မားစွာ အဖြေရှာနိုင်ရန်နှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးတွင် တိုင်းရင်းသားပြည်သူလူထုအတွက် စိတ်စေတနာမှန်ပင်ဖြစ်သည်။ ပေါင်းစည်းညီညွတ်ခြင်းသည်သာ ပြည်ထောင်စုကြီး၏အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်မည့် မဟာအင်အားဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ၂၀၂၂ ပညာသင်နှစ် အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြုများအတွက်အနီးကပ်သင်တန်းများနှင့်စာမေးပွဲများ ကျင်းပမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြု ပထမနှစ် (၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)၊ ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများအတွက် အနီးကပ်သင်တန်းများနှင့်စာမေးပွဲများကို အောက်ပါအတိုင်းကျင်းပမည်ကြောင်း ကြေညာလိုက်သည် -

**(၁) အဝေးသင် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ |
| အနီးကပ်သင်တန်းကာလ | - | (၁၂-၉-၂၀၂၂) ရက်မှ (၂၂-၉-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၂၆-၉-၂၀၂၂) ရက်မှ (၁-၁၀-၂၀၂၂) ရက်ထိ |

**(၂) အဝေးသင် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ |
| အနီးကပ်သင်တန်းကာလ | - | (၃-၁၀-၂၀၂၂) ရက်မှ (၁၅-၁၀-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၁၈-၁၀-၂၀၂၂) ရက်မှ (၂၅-၁၀-၂၀၂၂) ရက်ထိ |

အဆင့်မြင့်ပညာဦးစီးဌာန

## စစ်တွေမြို့နယ်၌ မိုးမြေပဲ စိုက်ပျိုးအောင်မြင်နေမှု ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ လာရောက်လေ့လာ

**စစ်တွေ ဩဂုတ် ၂၁**



စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု မှန်စီကျေးရွာ၌ တောင်သူဦးသန်းအေးကျော်၏ မိုးမြေပဲစိုက်ခင်း စိုက်ပျိုးအောင်မြင်နေမှုအား ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ ဦးဆောင်ကာ ယနေ့ မွန်းလွဲပိုင်းက လာရောက်လေ့လာကြကြောင်း သိရသည်။

ထိုသို့ လာရောက်လေ့လာရာတွင် ရခိုင်စီးပွားရေးဦးဆောင်ကုမ္ပဏီဒုတိယဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ ဂရိတ်ဝေးသာလီအများနှင့်သက်ဆိုင်သော ကုမ္ပဏီဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြီး ဦးဆောင်သော ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအား စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်တင်ထွန်း၊ စစ်တွေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြသကြသည်။

မိုးမြေပဲ စိုက်ပျိုးအောင်မြင်နေမှုအား ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက အထူးစိတ်ဝင်စားကြပြီး မြို့နယ်အတွင်း မိုးမြေပဲ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်မည့်အခြေအနေများအားဆွေးနွေးခဲ့ကြသည်။

ဆင်းပဒေသာ (၁၁) မြေပဲသည် မျိုးသက်သုံးလသားအရွယ်၌ မြေပဲတစ်ပင်လျှင်ပျမ်းမျှ သီးတောင့် ၆၃ တောင့်ရှိသည့်အတွက် တစ်ဧက ၅၀ တင်းခန့် ထွက်ရှိနိုင်ကြောင်း ခန့်မှန်းကြသည့်အတွက် ဒေသအတွင်း ကျယ်ပြန့်စွာ စိုက်ပျိုးခြင်းဖြင့် စီးပွားဖြစ် သီးနှံအဖြစ် စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဥပဒေအသိပညာပြန့်ပွားရေးဌာန Legal Advocacy Center သင်တန်းခန်းမဆောင်နှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ဥပဒေအသိပညာပြန့်ပွားရေးဌာန Legal Advocacy Center သင်တန်းခန်းမဆောင်နှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦ RCC သုံးထပ်ဆောင် ရတနာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ အဆိုပါ အဆောက်အဦ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။(ဓာတ်ပုံ)

အခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီး ဒုတိယ ရှေ့နေချုပ် ဦးစန်းလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးတွင် ရတနာ ပန္နက်တော် တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဥပဒေအသိပညာ ပြန့်ပွားရေးဌာန ဆောက်လုပ်ပြီးစီးပါက ဥပဒေအသိပညာ ပြန့်ပွား ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



---

❑ *ရှေ့ဖုံးမှ*

မာလီနိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့်အတူ မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မီလီမီတာ အမြောက်အား ရုပ်လျက် ကျည် ၃ တောင့်ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မီလီမီတာ လေယာဉ်ပစ်စက် သေနတ် ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မီလီမီတာ ယှဉ်တွဲ စက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက် ပစ်ခတ်ခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ Crew – 1 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့် လည်းကောင်း၊ Crew –2 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့် လည်းကောင်း၊ Crew – 3 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၀ မိနစ် ၂၈ စက္ကန့်ဖြင့် လည်းကောင်း၊ စုစုပေါင်း ပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့် ရရှိခဲ့ပြီး စုစုပေါင်းပစ်မှတ် ၁၅ ခု တွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်း ယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ့ တပ်မတော် တင့်တပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon ကို ယခုနှစ် အပါအဝင် (၅)ကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲဝင် ၂၂ သင်းအနက် အဆင့် ၁၆၊ ၂၀၁၉ ခုနှစ်တွင် Division–2 ၌ ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့် ၅ ၊ ၂၀၂၀ ပြည့်နှစ်တွင် Division–2 ၌ ပြိုင်ပွဲဝင် ၈ သင်းအနက် အဆင့် ၄ ၊ ၂၀၂၁ ခုနှစ်တွင် Division–2 ၌ ပြိုင်ပွဲဝင် ၈ သင်းအနက် တတိယအဆင့် စသဖြင့် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံတကာ စစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ပြင် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲ ( 3rd CISM World Cadet Games) တွင် မြန်မာ့တပ်မတော် ကိုယ်စားပြု ဗိုလ်လောင်းများက ပြိုင်ပွဲ အမျိုးအစား ၇ မျိုး ရှိသည့်အနက် ၃ မျိုးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၂၀ ရှိသည့်အနက် နိုင်ငံအလိုက် အဆင့် ၈ နေရာ ရရှိခဲ့သည်။

အလားတူ မြန်မာ့တပ်မတော် အနေဖြင့် International Army Games–2022 ပြိုင်ပွဲများဖြစ်သော ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ (Military Medical Relay Race (Medical Staff Competition))၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်း ပြိုင်ပွဲ ( Sinper Frontier) များတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သော Army of Culture တွင်လည်း မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့များက ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းမှ ပွဲစဉ်(၁)၊ ပစ်ခတ်ခြင်း(၄) ဝင်ရောက်ယှဉ်ပြိုင်စဉ်။



သူနာပြု(အမျိုးသမီး) ပြိုင်ပွဲဝင်များ တစ်ဦးချင်းဆေးရုံစွမ်းရည်ပြသခြင်းပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။







မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ တင့်ကားမောင်းနှင်ပစ်ခတ်ပြိုင်ပွဲဝင်နေစဉ်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ




**နေပြည်တော် ဩဂုတ် ၂၁**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ ပအိုဝ်းအမျိုးသားလွတ်မြောက် ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ သည် ရှမ်းပြည်နယ် တောင်ကြီး မြို့မှ လည်းကောင်း၊ လားဟူဒီမို ကရက်တစ် အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန် ဦးဆောင် သည့် ငြိမ်းချမ်းရေးကိုယ်စား လှယ်အဖွဲ့သည် ရှမ်းပြည်နယ် တာချီလိတ်မြို့မှ လည်းကောင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာ လင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ရခိုင် ပြည်နယ် စစ်တွေမြို့မှ လည်း ကောင်း ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြ သည်။

ပအိုဝ်းအမျိုးသား လွတ် မြောက်ရေးအဖွဲ့ချုပ် (PNLO) ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ သည် နေပြည်တော်ရှိ Horizon Lake View Resort သို့လည်း ကောင်း၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် ရခိုင် ပြည်လွတ်မြောက်ရေးပါတီ (ALP) ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ တို့သည် နေပြည်တော်လေဆိပ်သို့ လည်းကောင်း ယနေ့ မွန်းလွဲပိုင်း တွင် အသီးသီးသီးရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်း သား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများ က **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ် လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေး ရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန် ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြ ပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်း တည်ငြိမ်အေးချမ်းရ** စသည့်စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော် အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း ကြိုဆိုခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့များနှင့် ပထမ အကြိမ် တွေ့ဆုံဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ် မေလမှ ဩဂုတ်လ အတွင်း ဆောင်ရွက်ခဲ့ပြီး ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပါတီစုံဒီ မိုကရေစီစနစ်ခိုင်မာရေး၊ ဒီမို ကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးတို့အတွက် ဆက်လက် ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ ကြသည်။ ယခု ဒုတိယအကြိမ် လာရောက်ဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ၏ နိုင်ငံရေးလိုလား ချက်နှင့် အနာဂတ်လုပ်ငန်းစဉ် များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် လမ်းဖွင့်ထား ကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေး ပွဲသို့ မလာရောက်သေးသည့် တိုင်ရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများကိုလည်း မည်သည့် အခြေအနေမျိုးတွင်မဆို ကြိုတင် ကန့်သတ်ချက် မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ် ခေါ်ထားကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများသို့ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင် ကျော်ဦးသည် ဩဂုတ် ၂၀ ရက် တွင် တောင်ပိုင်းခရိုင် ကျောက် တန်းမြို့နယ် လျှပ်စစ်မန်နေဂျာ ရုံးနှင့် သန်လျင်မြို့နယ်လျှပ်စစ် မန်နေဂျာရုံးများသို့ ရောက်ရှိပြီး မြို့နယ်အလိုက် ဓာတ်အားခ ကောက်ခံနေမှု၊ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအနေဖြင့် ဓာတ်အား ခများ လွယ်ကူလျင်မြန်စွာပေး ဆောင်နိုင်ရေး ငွေကောက် ကောင်တာ ဖွင့်လှစ်ထားရှိမှု၊ မီးသုံးသူ တစ်ဦးချင်းစီအလိုက် မီတာဘေလ်ပေးဆောင်မှု၊ ဓာတ် အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရန် ဆောင် ရွက်ထားမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထိုသို့ရောက်ရှိစဉ် ဝန်ထမ်း များနှင့် တွေ့ဆုံကာ ဓာတ်အားခွဲရုံ များနှင့် ဝန်ထမ်းအိမ်ရာများ ဥပမိ ရပ်ကောင်းမွန်ရေး၊ ဓာတ်အားခ ကြွေးကျန်များ ရာနှုန်းပြည့်ကောက် ခံရရှိရေး၊ ရရှိလာသော နိုင်ငံတော် ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေ ရေး၊ မီတာဖတ်ခြင်း၊ မီတာဘေလ် ဝေခြင်းနှင့် ဓာတ်အားခ ကောက်ခံ ခြင်းများကို လုံခြုံရေးပြည့်ပြည့် ဝဝဖြင့် ဆောင်ရွက်ရေး၊ ပြည်သူ လူထု၏ လျှပ်စစ်ဓာတ်အားလိုအပ် ချက်များအပေါ် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရေး စေတနာ ထား ဆောင်ရွက်ပေးရန်နှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ နည်းရေး၊ ဓာတ်အားပြတ်တောက် မှုလျှော့နည်းရေးတို့ကို မှာကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်နှင့် အနီးတစ်ဝိုက် တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ် ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် နေရာ ကွက်ကျားမိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

◆ *ရှေ့ဖုံးမှ*

ကရင်တိုင်းရင်းသားလူမျိုးများသည် ပြည်နယ် အတွင်းရှိ နေရာဒေသအနှံ့အပြားတွင်သာမက ကရင် တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်ရာ(ပြည်တွင်း၊ ပြည်ပ) နေရာဒေသများတွင်လည်း ဝါခေါင်လရောက်တိုင်း ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာ(လာခုဂ်ခါင့်.စူး)ပွဲတော် ကို ကရင်ရိုးရာ ထုံးတမ်းအစဉ်အလာများနှင့် အညီ ဆွေမျိုးမိသားစုအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ဆင်ယင်ကျင်းပလေ့ ရှိကြသည်။

ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင့်.စူး) ပွဲတော်ကို ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များ မပျောက်ပျက်စေရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ အကြောင်းကို ပိုမိုသိရှိနားလည် သဘောပေါက်စေပြီး တန်ဖိုးထား ထိန်းသိမ်းမြတ်နိုးတက်လာစေရန်၊ (လာခုဂ်ခါင့်.စူး)ပွဲတော်တွင် အတူတကွ ပူးပေါင်း ပါဝင်ဆင်နွှဲလာစေခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးပွား၍ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက် ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပ ခြင်း ဖြစ်သည်ဟုသိရှိရပြီး ရှေးကရင်ဘိုးဘွားများကမူ ဝါခေါင်လစုပေါင်းလက်ချည်ရာတွင် လယ်ယာ စိုက်ပျိုးပြီးချိန်ဖြစ်၍ ကွဲကွာနေသော မိသားစုဝင်များ ပြန်လည်ဆုံတွေ့ရခြင်း၊ လူကြီးမိဘများ၏ ဆုံးမ သြဝါဒများကိုခံယူရခြင်း၊ လူမှုရေးကိစ္စရပ်များ ညှိနှိုင်း တိုင်ပင်ဆွေးနွေးကြခြင်းနှင့် (လာခုဂ်ခါင့်.စူး)သို့ တက်ရောက်လာသူများ အချင်းချင်းချစ်ကြည် သွေးစည်းညီညွတ်မှုကို ရရှိစေခြင်းတို့ကို ရည်ရွယ် ကြောင်း သိရှိရကာ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင့်.စူး) ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပ လာခဲ့သည်မှာ နှစ်ကာလအားဖြင့် ကြာမြင့်ခဲ့ပြီဖြစ် သည်။

ရှေးသုတေသီပညာရှင်များ၏အဆိုအရ ကရင် လူမျိုးများ၏မူလဒေသမှာ အာရှတိုက်အလယ်ပိုင်းရှိ မြင့်မားသော တောင်တန်းများ ခြံရံသည့်ကုန်းမြင့်ကြီး များဟုယူဆကြပြီး ရေကြည်ရာမြက်နုရာနှင့် အေးချမ်းသော၊ ပိုမိုကောင်းမွန်သော နေရာဒေသ အသစ်များကို ရှာဖွေရန် အရှေ့တောင်အရပ်သို့ ဆင်းသက်လာရာတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲ နှင့် ဘေးဒုက္ခအပေါ်အခြေခံ၍ လက်ကောက်ဝတ်တွင် ချည်ဖြူဖွဲ့သည့် အလေ့အထပေါ်ထွန်းခဲ့သည်ဟု လေ့လာမှတ်သားရပါသည်။

ကရင်လူမျိုးများသည် ရှေးဘိုးဘွားဘီဘင်များ ၏ ယူဆချက်အရ ဝါခေါင်လတွင်အများအားဖြင့် ရေကြီးလေ့ရှိပြီး ဆန်ရေစပါးများ တစ်ဖြည်းဖြည်း လျော့နည်းလာကာ စားသောက်ရာတွင်လည်း ပုံမှန် ထက်ပိုမို၍ကုန်သည်ဟု ထင်မြင်ယူဆကြပြီး မကောင်းဆိုးဝါးများ လူတွင်ဝင်ရောက်ပူးကပ်သည် ဟု ယူဆသည့်အတွက် ကိုယ့်လိပ်ပြာလွင့် မသွား အောင် ဝိညာဉ်လိပ်ပြာကို ခေါ်လေ့ခေါ်ထရှိကြောင်း၊ လိပ်ပြာမလွင့်အောင် ချည်ဖြူဖြင့် လက်တွင် ချည်နှောင်ထားပြီး ဆံဖြူခါးကုန်းသည်အထိ လိပ်ပြာ ဝိညာဉ်ကို ကိုယ်နှင့်မကွာနေထိုင်နိုင်စေရန် ဆုတောင်းမေတ္တာပြုခြင်းသည် ကရင်ရိုးရာချည် ဖြူဖွဲ့မင်္ဂလာ၏ အနှစ်သာရပင်ဖြစ်ကြောင်း သိရ သည်။

အိမ်ထောင်စုတစ်ခုတွင် အိမ်သားတစ်ဦး တစ်ယောက် မကျန်းမမာဖြစ်၍သော်လည်းကောင်း၊ တစ်စုံတစ်ရာ ထိတ်လန့်မှုကြောင့် ကယောင် ချောက်ချားဖြစ်နေခြင်းကိုလည်းကောင်း၊ ချည်ဖြူဖွဲ့ ပြီး ရိုးရာကုထုံးဖြင့် ကုသသည့် သဘောဖြစ်ပြီး ထိပ်လန့်မှုဖြစ်၍ နာမကျန်းဖြစ်နေသောသူကို လိပ်ပြာခေါ်ရန်ရှိလာသည့်အခါ လိပ်ပြာခေါ်ယူသူကို ပင့်ဖိတ်၍ တာဝန်ပေးကြကာ အများအားဖြင့် ဆေးဝါးကုသနေသော သမားတော်များ၊ ကျေးရွာ အကြီးအကဲများနှင့် လင်စုံမယားစုံ သက်ကြီးအဖိုး အဖွားများက ဆောင်ရွက်ပေးကြရသည်။

ကရင်လူမျိုးများ မူလနေထိုင်ရာအရပ်ဒေသမှ ရေကြည်ရာမြက်နုရာရှာဖွေရန် ဆင်းသက်လာရာ လမ်းကြောင်းတစ်လျှောက်တွင် ညီအစ်ကို မောင်နှမအချင်းချင်း တစ်ဦးနှင့်တစ်ဦးမှတ်မိနိုင်ရန် မိမိတို့၏လက်ကောက်ဝတ်တွင် ချည်ဖြူဖြင့် ရစ်ပတ် ချည်နှောင်အမှတ်သညာပြုခဲ့ကြရာမှ လက်ကောက် ဝတ်တွင် ချည်ဖြူရစ်ပတ် ချည်နှောင်ထားသည်ကို တွေ့ရှိလျှင် ကရင်လူမျိုးဖြစ်ကြောင်းသိနိုင်ပြီး ထိုမှ စ၍ ချည်ဖြူဖွဲ့မင်္ဂလာပေါ်ပေါက်လာသည်ဟု အဆိုရှိ ကြောင်း မှတ်သားရပါသည်။

ချည်ဖြူဖွဲ့ခြင်း၏ အနှစ်သာရကိုကြည့်မည်ဆို လျှင် မိသားစုများစည်းစည်းရုံးရုံးနှင့်ပြန်လည်တွေ့ ဆုံခြင်း၊ လက်ရည်တစ်ပြင်တည်းဖြစ်ခြင်း၊ လူကြီးနှင့် လူငယ်များအကြား နွေးနွေးထွေးထွေး တိုင်ပင် ဆွေးနွေးကြခြင်း၊ ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံ ဗဟုသုတများကို အပြန်အလှန်နီးနှောဖလှယ်ကြခြင်း ဖြင့် ချစ်စရာကောင်းသောရိုးရာဓလေ့တစ်ခု ဖြစ်ပြီး တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသကဲ့သို့ သံယောဇဉ်၊ ချစ်ခြင်းမေတ္တာများ ထုံလွှမ်း၍ မိသားစုအတွင်း၊ ဆွေမျိုးသားချင်းအတွင်း၊ အသိုင်းအဝိုင်းအစုအဖွဲ့ အတွင်း ချစ်ခင်ရင်းနှီးမှုများ ဆတက်တိုးပွားရရှိလာ နိုင်မည့် သဘောဖြစ်ပါသည်။

ရှေးယခင်က ချည်ဖြူဖွဲ့ခြင်းကို ကရင်အမျိုးသား တို့၏ အိမ်တိုင်းအိမ်တိုင်းတွင် ဆင်ယင်ကျင်းပလေ့ရှိ ခဲ့သော်လည်း ယခုအခါ ရိုးရာယဉ်ကျေးမှုတစ်ရပ် အနေဖြင့် စုပေါင်းကျင်းပကြသည့်အတွက် မိသားစု တစ်စုတည်းသာမက မိသားစုအများအပြား၏ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုများကို ရရှိလာနိုင် မည်ဖြစ်ကာ ပြည်ထောင်စုဖွား အခြားသော တိုင်းရင်းသားလူမျိုးများလည်း ပါဝင်ဆင်နွှဲနိုင်သည့် အတွက် တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီး မှုနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရာ လည်း ရောက်ပေသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# နောင်ငင်း-ဝမ်ဆိုင်း(လွယ်)လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်ဦးစီးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ ဒေသ၊ ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။(**အောက်ပုံ**)

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကျိုင်းတုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၉၂၇ အိမ်၊ လူဦးရေ ၅၀၅၇ ဦးအတွက် အကျိုးဖြစ်ထွန်းစေမည့် အရှည် (၇/၆) မိုင်ရှိ နောင်ငင်း-ဝမ်ဆိုင်း(လွယ်)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်၍ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော်မှ အားထားရသော ပညာတတ်လူငယ်လူရွယ်များဖြစ်စေရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးစီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန်၊ ရုံးလုပ်ငန်း စာရွက်စာတမ်းများ ပေါက်ကြားမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# သစ်တောဖက်စပ်သည် အများပိုင်စီးပွားရေး အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံအုပ်ချုပ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၂၁**

သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီ မိတက်၏ (၂၉) ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း တော်ဝင်ခန်းမ၌ ကျင်းပသည်။ (**အပေါ်ပုံ**)

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံက နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုနှင့်ဂေဟစနစ် တည်ငြိမ်မျှတရေးတို့ အတွက် အရေးပါသည့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သာမက အခြားဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောဖက်စပ်သည် အများပိုင်စီးပွားရေး အဖွဲ့အစည်း တစ်ခုဖြစ်သဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို ကောင်းမွန်သော ပူးပေါင်းစီမံအုပ်ချုပ်မှု (Good Cooperate Governance) နှင့်အညီ အစဉ်အလာကောင်းများ၊ စည်းမျဉ်း စည်းကမ်းများဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံအုပ်ချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် ရင်းနှီးမြှုပ်နှံသူနှင့် ပြည်သူများ၏ ယုံကြည်မှုရရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့်နှစ်များက ရရှိခဲ့သည့် အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို သုံးသပ်၍ နိုင်ငံတော်၏ အကျိုး၊ ရှယ်ယာရှင်များ၏ အကျိုးကို ရှေးရှုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သဖြင့် လာမည့် ၂၀၂၃ ခုနှစ်ဆိုလျှင် နှစ် (၃၀) ပြည့်မည်ဖြစ်၍ သစ်တောဖက်စပ်၏ အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းကာ စွမ်းဆောင်ရည် ပြည့်ဝသည့် စီးပွားရေး အဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ သစ်တောဖက်စပ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အကြံပေးများ၊ အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၈၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့် ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၂ ရက် မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၈၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ် ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





### ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ဗိမာန်မည် စာပေနန်းမှသည်

***ကိုခက်ဝေ***

**နံနက်အရုဏ်ဦးကတည်းက ရွာလိုက်သည့်မိုး၊ ယခုတိုင် တစိမ့်စိမ့်တငြိမ့်ငြိမ့် ရွာနေဆဲ…။ စောစီးစွာ အိပ်တန်းထခဲ့ကြဟန်တူသည့် ခိုကလေးတွေခမျာမှာလည်း ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်က ညောင်ပင်ကိုင်းတွေမှာ မိုးခိုနေရဆဲ။ လူတစ်ယောက် ဖြတ်လျှောက်လာလိုက်တိုင်း မျှော်လင့်ချက်မျက်ဝန်းကိုယ်စီနှင့် ငုံ့လင့်ကြည့်လိုက်၊ ဆိုင်မဖွင့်သေးသည့် ခိုစာသည် အဘွားကို မျှော်လိုက်နှင့် ယောက်ယက်ခတ်နေကြပြီ။ မနေ့ညနေက တစ်ပိုင်းတစ်ဖြတ် ဒုက္ခပေးခဲ့သည့် မိုးကြောင့် ခိုစာသည် အဘွားအို ဖျားနာနေပြီပဲလားမသိ။**

အတော်ဆာလောင်နေကြသည့် ခိုလေးတွေကို သနားစိတ်ဝင်ကာ ကိုယ့်အိတ်ကပ်လေးထဲ ယမ်းယောင်စမ်းသပ်ကြည့်တော့ လက်ဖက်ရည်ဖိုး ၅၀၀ တန် တစ်ရွက်ကလွဲလို့ အပိုမရှိ၊ ပါမလာ။ ကိုယ့်မှာ တစ်ထောင်မျိုး၊ နှစ်ထောင်မျိုးရှိနေလျှင် လမ်း ၄၀ ထိပ်က မုန့်ဆိုင်မှာ ဘီစကစ်၊ ကိတ်ခြောက်လေးတွေဝယ်၊ ခြေမွပြီး သူတို့အတွက် အာသာပြေကျွေးမွေးခဲ့လို့ ရနိုင်သည်လေ။ သူတို့ဝမ်းနှင့် ကိုယ့်ဝမ်း အာဟာရ လွန်ဆွဲပွဲမှာ ကျွန်တော် အနိုင်ပိုင်းပြီး စွတ်ထွက်လာခဲ့မိသည်။ ခြေလှမ်းတွေက လေးကန်တုံ့ဆိုင်း။

x x x

“ညီလေး ခက်ဝေ… ညီလေး ခက်ဝေ”

လေထန်ကုန်းကဖေးရှေ့ ဖြတ်အလျှောက် ရင်းနှီးပြီးသား ခေါ်သံကြောင့် ငဲ့စောင်းကြည့်မိလိုက်သည်။ လွယ်အိတ်လေးတွေ၊ လက်ဆွဲအိတ်လေးတွေ ရင်မှာပိုက်ပြီး ထိုင်နေကြသည့် စာရေးဆရာများစွာကြား ဘယ်သူက မိမိကို ခေါ်သည်မသိ။ ခပ်မှောင်မှောင် အတွင်းဝိုင်းထဲ ဝေ့ဝဲကြည့်တော့မှ လက်လှမ်းပြနေသည့် ဆရာဦးစိုးတင့်(စိုးတင့်ထူး)ကို လှမ်းမြင်သည်။ သူ့စတိုင်အတိုင်း ဦးထုပ်လေး ခပ်ငိုက်ငိုက်၊ လွယ်အိတ်စင်းကျားလေး ရင်မှာပိုက်၊ ဆေးလိပ်တိုလေး ကိုက်လျက်သား။


“လာ… ထိုင် ညီလေး” ဟုဆိုကာ သူ့ဘေးက လွတ်နေသည့် ထိုင်ခုံတစ်လုံးမှာ နေရာပေးသည်။ ပြီး တစ်ဆက်တည်းမှာပဲ သူနှင့် အတူ ထိုင်နေနှင့်သည့် ဆရာတစ်ဦးနှင့် မိတ်ဆက်ပေးသည်။

“ညီလေး ခက်ဝေ၊ ဒါ ဆရာဦးအောင်မြင့်တဲ့။ နင် သိလောက်ပါတယ်၊ ဆရာ… ဒါ ကျွန်တော့်ညီလေး စာပေရှုညည် ကိုခက်ဝေတဲ့”

ဦးစိုးတင့်က ဝသီအတိုင်းပဲ ခပ်ရွှင်ရွှင်။ သူ စာပေဗိမာန်မှာ တာဝန်ထမ်းစဉ် စာတိုပေစလေးတွေ ရွတ်ရွတ်ပြ၊ စာပေအကြောင်း ငြင်းကြခုံကြတော့ “နင်က စာတိုညီ မဟုတ်ဘူး၊ စာပေရှုညည်” ဟု နောက်ပြောင်ပြောရာက သူ့နှုတ်ဖျားမှာ တွင်သွားသည့် သညာတစ်ခု။ ဘေးက ဆရာဦးအောင်မြင့်က အသိအမှတ်ပြုပြုံးပြပြီး တစ်ခုခု သောက်လေဟုဆိုသည်။ မိမိက မမှာရဲ၊ ဒီဝိုင်းမှာ ကိုယ်က အငယ်ဆုံးမို့ ဂါရဝပြုခြင်းပြု ကိုယ်ကပြုရမည့်သူ မဟုတ်လော။ သည်တော့ ဟန်ကိုယ့်ဖို့အနေဖြင့် “နေပါစေ ဆရာ၊ သောက်ခဲ့ပါပြီ”ဟုပဲ မုသားဖြူလေး သုံးလိုက်မိသည်။

ဆရာဦးစိုးတင့်ထူးကတော့ ဖိတ်ခေါ်ခဲ့သူပီပီ ရေနွေးကြမ်းလေး တစ်ခွက်ငှဲ့ပေးရင်း “ထူးထူးခြားခြား စောလှချည်လား ညီလေး” ဟု ပြုံးရင်း စကားစသည်။ ဘယ်တော့မှ ရုံးစောစောမရောက်တတ်သည့် မိမိအကျင့်ကို သူ မေ့သေးဟန်မတူ။

“စာမူကိစ္စတစ်ခုရှိလို့ ဦးစိုးတင့်ရေ၊ စာပေဗိမာန် စိန်ရတုမဂ္ဂဇင်းအတွက် ဆရာသမားတစ်ယောက်က သူ့စာမူ စာစီပြီးသားကို လာစစ်မယ်ဆိုလို့ စောစောလာနှင့်တာ” ပြောရင်းက “ဟုတ်သားပဲ၊ ဦးစိုးတင့်လည်း တစ်ခုခုရေးလေ”ဟု ကမ်းလှမ်းဖြစ်သည်။ စိန်ရတုမဂ္ဂဇင်း အသံကြားစဉ်ကပင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည့် သူ့အသွင်က တစ်ခုခုရေးပါ ဆိုလေမှ ညှိုးရော်သွားသယောင်။ ပြီး ပင့်သက်တစ်ချက် ရှိုက်ရင်း “ငါ့ကဗျာ သုံးပုဒ် မလားဟာ”ဟု ဆိုရှာသည်။




“ရေးမှာသာ ရေးပါဗျာ၊ ဦးစိုးတင့်လည်း စာပေဆုများရှင်၊ စာပေဗိမာန်ထွက်ပဲ”ဟု အားပေးစကားဆိုရင်း “ပြောသာပြောရ ကျွန်တော်လည်း ဘာရေးဖြစ်မလဲ မသိဘူးဗျ” ဟု ရယ်ဖော့ဖော့ ပြောမိသည်။ စာတည်းမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်သွားသည့် ဆရာဦးအောင်သန်း၊ ဆရာဦးစန်းတင့် (စာတည်း တာဝန်ခံ–ငြိမ်း)၊ ဆရာညွန့်ဟံ (ကြူတော) တို့ဆီတော့ စာမူတွေ တောင်းထားနှင့်ပြီး တချို့ စာစီနေနှင့်ပြီ။ မိမိမှာက ဘာစာမှ ထွက်မလာသေး။ ကဗျာရေးရ ကောင်းနိုး၊ ဆောင်းပါး ရေးရနိုးဖြင့် ချာလည်လည်နေဆဲ..။

“ကျွန်တော် ပထမက ကဗျာရေးမလို့ပဲ၊ နောက်တော့ အာရုံပြောင်းပြီး ဆောင်းပါးရေးဖို့ ရည်ရွယ်နေတာ” ဟု ရင်ဖွင့်မိသည်။ ဦးစိုးတင့်ကတော့ တွေးတွေးဆဆနှင့် ကောင်းသားပဲဟု ဆိုသည်။


“ဒီလို ဦးစိုးတင့်ရ… ကျွန်တော် စာပေဗိမာန် နှစ် ၇၀ မှာ ကဗျာတစ်ပုဒ် ဝင်ရေးသေးတယ်ဗျ၊ ဒါပေမယ့် အဲဒီစာအုပ်မှာ အမှန်ရေးချင်နေတာ တစ်ခုရှိတာက စာပေဗိမာန်အကြောင်း၊ စာပေဗိမာန်ကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်မှာ စတင်ဖွဲ့စည်းတယ်၊ ဦးနုတို့၊ ဦးခင်မောင်လတ်တို့ ဦးဆောင်တယ်၊ ဝိဇ္ဇာစာတည်းအဖွဲ့၊ သိပ္ပံစာတည်းအဖွဲ့ဆိုပြီး အယ်ဒီတာတွေ ခေါ်တယ်၊ပြီးတော့ ရန်ကုန်တက္ကသိုလ်ထဲက အဆောက်အအုံတစ်ခုကို ခေတ္တငှားပြီး ဆိုင်းဘုတ်တင်တယ်၊ ရုံးထိုင်ကြတယ်၊ နောက်တော့ ဆိုရန်တိုဗီလာကို ဝယ်ယူပြီး ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ရယ်လို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တာတွေက စာပေဗိမာန် သမိုင်းတွေ ဆောင်းပါးတွေမှာ ဖော်ပြပြီးနှင့်ပြီဗျ”

“အင်း… အဲဒီတော့”

“အဲဒီတော့ ဦးစိုးတင့်ရာ… ကျွန်တော် တကယ်သိချင်တာ ရေးချင်တာက ဘာသာပြန်စာပေအသင်း စတင်ရုံးထိုင်တဲ့ စတင်ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ထဲက အဆောက်အအုံဆိုတာ ဘယ်နေရာလဲဆိုတဲ့ အချက်ပဲ၊ ကျွန်တော် တတ်နိုင်သမျှ စာအုပ်အတော်များများ၊ ဆရာအတော်များများကို မေးကြည့်ဖွေရှာကြည့်တယ်၊ ကျွန်တော့်အားနည်းချက်ကြောင့် အတိအကျ မသိရဘူး”

ဦးစိုးတင့်က ခေါင်းတဆတ်ဆတ်ညိတ်နေရင်း “အေး… နင်ပြောမှ သတိပြုမိတယ်ဟ၊ ငါလည်း မသိဘူး”ဟု ရယ်ပြော ပြောရှာသည်။

> **❝ ဟုတ်တယ် ဆရာ… ဆရာကြီးက စာပေဗိမာန် ကနဦးဖွဲ့ကတည်းကိုက စာပြုအဖြစ်နဲ့ တာဝန်ထမ်းခဲ့တာ၊ နောက်ပိုင်း အခုကုန်သည်လမ်း စာပေဗိမာန်အထိဆိုပါတော့၊ အဲ… အဲဒီဆရာကြီးစာအုပ်ကို ဖတ်ရတော့မှ သူ့ဘဝတစ်စိတ်တစ်ပိုင်း စာပေဗိမာန်မှာ ပါဝင်ခဲ့တာ၊ စာပေဗိမာန် စတင်ဖွဲ့စည်းခဲ့တာ၊ စာအုပ်ထုတ်ဝေတာ၊ စွယ်စုံကျမ်းတွေ ပြုစုတာ၊ ပဒေသာကပွဲ၊ ဟောပြောပွဲ၊ စာပေဆုပေးပွဲ ကျင်းပခဲ့တာတွေကို ခုနှစ်သက္ကရာဇ်နဲ့ကို မှတ်တမ်းပြုစုထားတာကို တွေ့ရတယ်၊ ကျွန်တော် ဝမ်းအမြောက်ဆုံး၊ ဝမ်းမြောက်လွန်းလို့ ထခုန်မိမတတ်ဖြစ်သွားစေတဲ့ မှတ်တမ်းတစ်ခုကတော့ ဦးစိုးတင့်ရေ… ကျွန်တော် ဆယ်စုနှစ် တစ်ခုကျော်တိုင် ရှာဖွေနေတဲ့၊ သိချင်နေတဲ့ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း ခေတ္တငှားရမ်း ဖွင့်ခဲ့တယ်ဆိုတဲ့ အဆောက်အအုံနေရာကို ဆရာကြီးရဲ့စာအုပ်မှာ အတိအကျဖော်ပြထားလို့ပဲဗျ ❞**




“ကံကောင်းချင်တော့ ကျွန်တော် ဒီသကြ္ကန်ပိတ်ရက် နေပြည်တော်ပြန်ရင်း အဖေ့စာအုပ်တွေ မွှေနှောက်ရာက ဆရာကြီး ဒဂုန်ရွှေမျှားရဲ့ ဘဝနှင့် အတွေ့အကြုံ စာအုပ်ထူကြီး ဖတ်ခွင့်ရလိုက်သဗျ”

“ခင်ဗျားပြောလို့ ဆရာကြီး ဒဂုန်ရွှေမျှားက စာပေဗိမာန် အရာထမ်းဟောင်းပဲ၊ နောက်ပိုင်းမှာ ပညာရှင်အဖွဲ့ထဲတောင် ပါခဲ့သေးတာ”ဟု ဆရာဦးအောင်မြင့်က စကားထောက်သည်။

“ဟုတ်တယ် ဆရာ… ဆရာကြီးက စာပေဗိမာန် ကနဦးဖွဲ့ကတည်းကိုက စာပြုအဖြစ်နဲ့ တာဝန်ထမ်းခဲ့တာ၊ နောက်ပိုင်း အခုကုန်သည်လမ်း စာပေဗိမာန် အထိဆိုပါတော့၊ အဲ… အဲဒီဆရာကြီး စာအုပ်ကို ဖတ်ရတော့မှ သူ့ဘဝတစ်စိတ်တစ်ပိုင်း စာပေဗိမာန်မှာ ပါဝင်ခဲ့တာ၊ စာပေဗိမာန် စတင်ဖွဲ့စည်းခဲ့တာ၊ စာအုပ်ထုတ်ဝေတာ၊ စွယ်စုံကျမ်းတွေ ပြုစုတာ၊ ပဒေသာကပွဲ၊ ဟောပြောပွဲ၊ စာပေဆုပေးပွဲ ကျင်းပခဲ့တာတွေကို ခုနှစ်သက္ကရာဇ်နဲ့ကို မှတ်တမ်းပြုစုထားတာကို တွေ့ရတယ်၊ ကျွန်တော် ဝမ်းအမြောက်ဆုံး၊ ဝမ်းမြောက်လွန်းလို့ ထခုန်မိမတတ်ဖြစ်သွားစေတဲ့ မှတ်တမ်းတစ်ခုကတော့ ဦးစိုးတင့်ရေ… ကျွန်တော် ဆယ်စုနှစ် တစ်ခုကျော်တိုင် ရှာဖွေနေတဲ့ သိချင်နေတဲ့ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း ခေတ္တငှားရမ်း ဖွင့်ခဲ့တယ်ဆိုတဲ့ အဆောက်အအုံနေရာကို ဆရာကြီးရဲ့ စာအုပ်မှာ အတိအကျဖော်ပြထားလို့ပဲဗျ”

“ဟေ… ဟုတ်လား၊ ပြောပါဦး ဘယ်အဆောက်အအုံတဲ့လဲ”

“ဆရာကြီး ဒေါက်တာလှဘူးအိမ်တဲ့”

“ဟာ…”

“ဩော်… ပါမောက္ခ ဒေါက်တာလှဘူးဆိုတော့ ဒဿနိကပါမောက္ခ ထင်တယ်”

“ဟုတ်တယ် ဆရာ၊ ပါမောက္ခ ဒေါက်တာဦးလှဘူး အိမ်ကို ခေတ္တငှားရမ်းကာ အသင်းကို စတင်ဖွင့်လှစ်သည်လို့ ဆိုထားတာ၊ အဲဒီလို သိလိုက်ရမှပဲ ဦးစိုးတင့်ရာ အနှစ်နှစ်အလလ သိခွင့်မရလို့ ဘဝင်မကျဖြစ်နေတဲ့စိတ်က အစိုင်အခဲကျေသွားသလို ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်းဗျာ”

“ဒါပေါ့ ညီလေးရ၊ ကိုယ်မသိတဲ့ သိခွင့်မရသေးတဲ့အရာတစ်ခုကို သိလိုက်ရတာ၊ ခေါင်းစဉ်စဉ်းစားရခက်နေတဲ့ ကဗျာတစ်ပုဒ်အတွက် စားမဝင် အိပ်မပျော်ဖြစ်နေရာက ရုတ်တရက်ခေါင်းစဉ်လေးတစ်ခု ဖျတ်ခနဲ တွေးလိုက်မိ၊ တွေ့လိုက်မိတာမျိုးက ဘာနဲ့မှနှိုင်းမရတဲ့ အရသာပဲဟ”

ဆရာစိုးတင့်ထူးကတော့ ကဗျာသမားပီပီ တစ်ခုခုဆို ကဗျာအတွေးလေးနဲ့ နှိုင်းဆလိုက်ရမှ။

“ပြီးတော့ ရှိသေးတယ် ဦးစိုးတင့်ရ”

“ဟေ… လုပ်ပါဦး စာပေရှုညည်ရ”

“ပြောရင်းက ဖောက်လာပြန်ပြီ၊ ဒီစာပေရှုညည်ဆိုတာကြီး၊ စောစောကပြောတဲ့ ရန်ကုန်တက္ကသိုလ်ထဲက ပါမောက္ခဒေါက်တာလှဘူးအိမ်မှာ ဘာသာပြန်စာပေအသင်းကို စတင်ရုံးစိုက်ပြီး ၁၉၄၈ ခုနှစ် မေလရောက်တော့ ဆိုရန်တိုဗီလာ အဆောက်အအုံကို ဝယ်ယူပြောင်းရွှေ့ပြီးနောက်တော့ စာအုပ်ထုတ်ဝေရေးတွေ၊ သတင်းစာသင်တန်းတွေ၊ စာပေဟောပြောပွဲတွေ ကျင်းပနေရာက စာအုပ်ထုတ်ဝေဖြန့်ချိရေးပိုင်းတွေ၊ စာကြည့်တိုက်လို စာပေဝန်ဆောင်မှု

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ အခု စာပေဗိမာန် နေရာဖြစ်လာမယ့် ကုန်သည်လမ်းက အမှတ် ၅၂၉-၅၃၁ နေရာကို ငွေကျပ် ၁၂၅၀၀၀ နဲ့ ဝယ်ယူပြီး အင်ဂျင်နီယာ မစ္စတာ ဟူစိန်က ဒီဇိုင်းရေးဆွဲ၊ ကန်ထရိုက်တာ မစ္စတာ ယူစွပ်က ဆောက်လုပ်ခဲ့တာ စုစုပေါင်း ငွေကျပ် ၁၆၈၅၀၀၀ ကျသင့်ခဲ့တယ်ဆိုတာတွေကို စာပေဗိမာန်က ထုတ်ဝေခဲ့တဲ့ စာပေဗိမာန်မဂ္ဂဇင်းထဲမှာ ဖတ်ရှုမှတ်သားခဲ့ဖူးတယ်ဗျ။ ဒါပေမယ့်...”

“အဲ... လုပ်ပါဦး၊ ဒါပေမယ့်လေး ထပ်ဆင့်ပါလာပြီဆိုတော့”

“ဖြည်းဖြည်းပေါ့ ဦးစိုးတင့်ရာ၊ ခုပြောမယ့် စကားက ဦးစိုးတင့် ပိုစိတ်ဝင်စားနိုင်မယ့် အချက်ဗျ၊ ဟဲ... ဟဲ”

“တိန်... ငါက ဘာကိုပိုစိတ်ဝင်စားရမှာတုန်း၊ ဒီမှာ ပင်စင်သွားတာ ဖြင့် နင့်သားအသက်ထက်တောင် ကြီးနေမှ” ဟု ဆိုကာ


“ကဲပါ စာပေရှုည်ရယ်... နင် ဒီလောက် လေရှည်နေမှတော့ လက်ဖက်ရည်သောက်လိုက်ပါတော့” ဟု ပြောပြောဆိုဆို ပေါ့ဆိမ့်တစ်ခွက် မှာပေးလေတော့၏။

ဟုတ်ပေသား၊ လေအတော်ရှည်နေမိသည့်အတွက် စောစောက ဗိုက်ဆာနေသည့်စိတ်လေး ဘယ်လွင့် ပြေးသည်မသိ။ ဦးစိုးတင့်မှာပေးသည့် ပေါ့ဆိမ့်လေး ရောက်လာတော့မှ အူအော် အသံ အတန်ငြိမ်းအောင် တစ်ရှိန်ထိုး ကောက်ယူမော့ချလိုက်တော့သည်။

“ကိုင်း... ဆက်ပါဦး ဆရာစာပေ... အဲ.. အဲ..”

လက်ဖက်ရည်ဒကာ ဆရာဦးအောင်မြင့်က ဦးစိုးတင့် လေဖြင့် ခေါ်မည်ပြုပြီးခါမှ ဘရိတ်အုပ်လိုက်ပြီး တဟဲဟဲရယ်နေသည်။

“ဒီလို ဆရာ... အခု ကုန်သည်လမ်း စာပေဗိမာန်ကို စပြီး မတည်ဆောက်မီ မြေကွက်နေရာနဲ့ ဆောက်လုပ်ပြီးစီးမယ့်အခါ မြင်တွေ့ရမယ့် စာပေဗိမာန် အဆောက်အအုံဆိုပြီး ဒီဇိုင်းပုံတွေကို စာပေဗိမာန်မဂ္ဂဇင်းတစ်အုပ်မှာ ဖတ်ရဖူးတယ်၊ အဲဒီတုန်းက စာပေဗိမာန် တည်ဆောက်မယ့်နေရာဆိုတာ တဲလေးတွေလိုလို အဆောက်အအုံ နိမ့်နိမ့်လေးတွေကို ဓာတ်ပုံမှာတွေ့ရတော့ ဩော်... ဒီနေရာမှာ ကျူးတဲလေးတွေများနေခဲ့ကြလေသလား ဘာလားပေါ့ ဆရာရယ်၊ ဓာတ်ပုံဝါးဝါးကြည့်ပြီး အတွေးဝါးဝါးပေါ့၊ ပြီးတော့ စာပေဗိမာန်ဆောက်ဖို့ ဒီမြေနေရာကို ငွေကျပ် ၁၂၅၀၀၀ နဲ့ ဝယ်လိုက်တယ်ဆိုတော့လည်း




အဲဒီပိုင်ရှင်လေးတွေ ဘယ်ဆီများ ရောက်သွားသလဲပေါ့”

“အေးပေါ့... နင်က ကုန်သည်လမ်းမှာ ကျူးတဲရှိမယ် ထင်ထားတာ အတော်ရွှေဉာဏ်တော် ကြီးတာပေါ့”

ထဖောက်လိုက်သည့် ဦးစိုးတင့်စကားကြောင့် စကားပင် ဆက်မရတော့ဘဲ တဟဲဟဲရယ်မောမိသည်။ ဟုတ်တော့လည်း အဟုတ်သား။ ဟိုယခင်ကပင် စထရင်းဟိုတယ်တို့၊ ဆူးလေဘုရားလမ်းတို့နှင့် နီးကပ်သည့် စည်ကားလှသော ဤနေရာဝယ် ဘယ်ဆီက ကျူးတဲတို့ ရှိနေနိုင်မည်နည်း။ အတွေးတိမ်မိသည့် မိမိအဖြစ်ကို ကိုယ်တိုင်ရှက်ပြီး ရယ်မောမိခြင်း ဖြစ်သည်။

“ပြောလည်းပြောတော့ ဦးစိုးတင့်ရေ၊ ကျွန်တော်ကလည်း ကျွန်တော်ပဲ၊ အဲ... စောစောကပြောတဲ့ တဲလေးတွေလိုလိုနေရာကို စိတ်ဝင်စားခဲ့မိတာတော့ အမှန်ပဲဗျ။ ဒါပေမယ့် မထင်မှတ်တဲ့နေ့မှာ မထင်မှတ်ထားတဲ့ သူဆီက မထင်မှတ်ထားတဲ့ စာလက်ဆောင်တစ်ခု ရလိုက်တော့မှ ရန်ကုန်တက္ကသိုလ်ထဲက အဆောက်အအုံနေရာကို သိလိုက်ရသလိုမျိုး ထခုန်မိတော့တာပဲဗျ” ဟုဆိုကာ ခြောက်နေသည့် အာခေါင်ကို ရေနွေးတစ်ခွက် စွက်လိုက်စဉ်-

“အေးပေါ့၊ နင့်အရပ်နဲ့ ထခုန်တော့ ကြည့်လှနေ ဦးမှာပဲ”ဟု ဆရာဦးစိုးတင့်ထူးက ထဖောက်ပြန်သည်။


PRINTERS and PUBLISHERS

The People Daily

(LARGEST DAILY NET CIRCULATION IN UPPER BURMA)

84TH STREET, LETSEGAN.

Phone No. 129
Telegrams: "LUDU"
P. O. Box 14

Ref: No.

Mandalay ၂-၄-၅၀ 19

“ကျွန်တော် ညတာဝန်မှူးကျတဲ့ တစ်ညဗျ၊ ဦးစိုးတင့်လည်း သိပါတယ်၊ လုံခြုံရေးက ကိုမောင်အေး လေ”

“ဩော်.. အေး.. အဲဒီကလေးတောင် ပျောက်နေတာကြာပြီ။ အင်မတန်အေးတဲ့ကလေး။ သတိရတယ်ကွာ”

လွမ်းရိပ်ငွေ့ငွေ့တို့ ဦးစိုးတင့်မျက်ဝန်းမှာ စွန်းထင်လာသည်။

“ကျွန်တော်လည်း မတွေ့တာ လေးငါးနှစ်ရှိပြီဗျ၊ နေမှ ကောင်းရဲ့လား မသိဘူး၊ အဲဒီ ကိုမောင်အေးက ကျွန်တော် ဝါသနာပါမှန်း သိလို့ဆိုပြီး သူရှာဖွေစုဆောင်းထားတဲ့ စာစောင်အဟောင်း တစ်စောင် လက်ဆောင်ပေးပါရောလား၊ ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောပြီး ယူထားလိုက်မိပေမယ့်အဲဒီညက မဖတ်မိသေးဘူးဗျ၊ဘာစာမှန်းလည်း မသိဘူး၊ နောက်တစ်နေ့ အိမ်ရောက်လို့ သူပေးတဲ့ အိတ်ကို ဖွင့်ပြီး ဆွဲထုတ်ယူလိုက်တော့မှဗျာ၊ စာရွက်တွေဆိုတာ ထိလိုက်တာနဲ့ တစ်စစီ ပွဲလုပွဲခင် ဆွေးမြည့်ဟောင်းနွမ်းနေရောပဲ၊ ဒါနဲ့ အပျို့ပါး တို့သလို တယုတယလေး ထုတ်ယူပြီး မျက်နှာဖုံးကို ကြည့်လိုက်တော့မှ လားလား ၁၉၃၆ ခုနှစ်ထုတ် မြန်မာ့အလင်း ဖြစ်နေတာကိုးဗျ”

“ဟ... ဒါဆို လွတ်လပ်ရေးမရခင်က...”

“ဟုတ်တယ် ဆရာရေ၊ အဲဒီခေတ်က ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်းကြီး၊ ကျွန်တော့်မှာ ဝမ်းလည်းသာ၊ လူလည်း ကတုန်ကယင်ကြီးဖြစ်ပြီး လက်ဆောင်ပေးတဲ့ ကိုမောင်အေးကြီးသာ အနားမှာရှိရင် ဖက်နမ်းမိမှာ အသေအချာပဲ၊ အဲဒီလောက် စေတနာ ကောင်းသူကြီးဆိုပြီး၊ ဒါနဲ့ပဲ တစ်ရွက်ချင်း တစ်မျက်နှာချင်းဖတ်၊ အဲဒီခေတ်က ပန်းတနော် ကျောင်းအုပ်ကြီး ရာထူးပဲရှိသေးတဲ့ ဦးသန့်ရဲ့ ဆောင်းပါးတွေ၊ မအမာ (တက္ကသိုလ်) ကလောင်အမည်နဲ့ ရေးထားတဲ့ အမေ လူထုဒေါ်အမာရဲ့ ဆောင်းပါးတွေ၊ ဆရာကြီးပီမိုးနင်း၊ တက္ကသိုလ်သမဂ္ဂ ကိုနု အမည်နဲ့ ရေးခဲ့တဲ့ ဦးနု၊ ဆရာကြီး ဦးညာဏတို့ရဲ့ စာတွေ၊ ကာတွန်းဦးဟိန်စွန်းရဲ့ ကာတွန်းတွေ၊ ရှေးခေတ် မြန်မာ့အနုလက်ရာ ပန်းချီလက်ရာတွေကို ဖော်ပြထားတဲ့ စာမျက်နှာတွေကို ကုန်သွားမှာစိုးလို့ တစိမ့်စိမ့် ဖတ်နေရာက တစ်စောင်လုံးဖတ်ပြီး နောက်ကျောဖုံးကိုလည်း လှန်လိုက်ရော အဲဒီခေတ်က ဗျစ်ကုမ္ပဏီကြော်ငြာ၊ ဒီခေတ်ဆိုရင် အရက်ကုမ္ပဏီ ကြော်ငြာပေါ့ဗျာ၊ “သော့တံဆိပ်ဗျစ်ရည်၊ သံဖုံးထဲတွင် ကံစမ်းမဲပါသည်” ဆိုတာကို ကြော်ငြာထားတာကိုးဗျ”


“ဟေ... ဒါဆို အရက်ပုလင်းဖုံးထဲ ကံစမ်းမဲထည့်တာက အဲဒီခေတ်ကတည်းကလို့ ဆိုလိုတာလား”

“ဟော... ပြောရင်းဆိုရင်း ဦးစိုးတင့်ကြီး စိတ်ဝင်စားလာပြီမို့လား၊ အသေအချာပဲ ဦးစိုးတင့်ရေ၊ ကျွန်တော်ဆို မျက်လုံးတောင် ပြူးသွားတယ်၊ ဟ... ခုခေတ် ကံစမ်းမဲဆိုတာ ခေတ်နောက်ပြန်ဆွဲ စတိုင်လား ဟ... ပေါ့၊ ထားတော့ဗျာ၊ အဲဒီအထိက ဘာဟုတ်သေးလို့လဲ၊ ကျွန်တော်လည်း ကြော်ငြာကို သဘောကျစိတ်ဝင်စားမိရာက အောက်ဆုံးက ကုမ္ပဏီလိပ်စာအထိပါ ဆက်ဖတ်လိုက်တော့မှ ထရေဒင်ကုမ္ပဏီ (နာမည်ဟောင်း ဟိတ်ကုမ္ပဏီ) အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်း ဆိုတဲ့လိပ်စာကို တွေ့လိုက်ရတော့ တာပါပဲဗျာ”

“ဟေ... ဒါဆို...”

“အဟုတ်ပဗျာ... စောစောက ကျွန်တော် ထင်မှားခဲ့တဲ့ တဲနိမ့်နိမ့်လေးတွေလို ဝေဝေဝါးဝါး အဆောက်အအုံတွေဟာ ထရေဒင်ကုမ္ပဏီပဲလား၊ ကုမ္ပဏီနောက်ပိုင်း အဆောက်အအုံလေးတွေပဲလား မဆိုနိုင်ပေမယ့် အဲဒီနေရာမှာ ကုမ္ပဏီတစ်ခု တည်ရှိခဲ့တယ်ဆိုတဲ့ အထောက်အထားကတော့ အခိုင်အမာ အထင်အရှားပဲ ဦးစိုးတင့်ရာ”

“အေးဟာ... ညီလေးခက်ဝေရာ၊ နင်ပြောတာ ဗဟုသုတရသလို နင့်ရဲ့ ရှာဖွေတွေ့ရှိမှုတွေကလည်း အံ့သြစရာတိုက်ဆိုင်မှုတွေ



အပြည့်ပါပဲ”

“ကျွန်တော်လည်း အဲဒါ အံ့သြတာ၊ ဆရာကြီး ဒဂုန်ရွှေမျှား စာအုပ်ထဲက တွေ့ရှိချက်ကတော့ ထားဗျာ၊ အခု ဒီနေရာကိစ္စကတော့ ဒီကြော်ငြာပါတဲ့ ရှေးဟောင်းရှားပါးသတင်းစာကတော့ သိချင်လွန်းနေတဲ့ ကျွန်တော့် လက်ထဲမရောက်ရောက်အောင် လာထည့်ပေးလိုက်လေသလားလို့တောင် တွေးမိတယ်”

ကျွန်တော်နှင့် ဦးစိုးတင့်တို့ အပြန်အလှန်ပြောစကားကို နားထောင်နေသည့် ဆရာဦးအောင်မြင့်က ခေါင်းတဆတ်ဆတ်ညိတ်လျက် “ဒါ ဂမ္ဘီရလို့ ဆိုရမလား၊ စိတ်စွမ်းအားလို့ ဆိုရမလားပဲဗျ၊ ဒါမျိုးဆိုတာ ကြုံရခဲတဲ့ တိုက်ဆိုင်မှုတွေကိုး”ဟု တွေးတွေးဆဆ ဆိုသည်။

“နောက်တစ်ခုက...”

“နောက်တစ်ခု ရှိသေးတာလား၊ လုပ်ပါဦးဟ၊ သက်ငယ်စကား သက်ကြီးကြားရအောင်”

“ရှိသေးတာပေါ့ဗျာ... ပြောခဲ့တဲ့ နှစ်ခုလောက်နဲ့ ဘယ်ကလာဆောင်းပါးရေးလို့ဖြစ်မလဲ”ဟု ဆိုကာ လက်ဖက်ရည်တန်ခိုးကြောင့် ချဉ်လာသည့် ခံတွင်းကို အခိုးအငွေ့တချို့ဖြင့် အာသာဖြေလိုက်သည်။ (ဆေးလိပ် သောက်သည်ဟု မဆိုလို။)

“ကျွန်တော် အလုပ်ဝင်စကတည်းက စွယ်စုံကျမ်းနှစ်ချုပ်မှာ တာဝန်ထမ်းရတာ ဦးစိုးတင့် အသိသားပဲ၊ ကျွန်တော်ရောက်တော့ ဆရာဦးအုန်းလွင်က ပင်စင်နားစ အချိန်ဗျ၊ ဆရာဦးစိုးမြင့်သန်းတောင် တာဝန်ခံ မဖြစ်သေးဘူး”

“အေး... ဆရာလှိုင် (ဦးမောင်လှိုင်) က ပင်စင်နားပြီးပေမယ့် စာတည်းမှူးချုပ်တာဝန် ခေတ္တကိုင်နေရတုန်း”

“ဟုတ်တယ်... ကျွန်တော့်ဇနီး ဖြစ်လာမယ့် မယ်စီ (သန်းသန်းစီ) ကတော့ စာပေလက်ထောက်အဖြစ်နဲ့ စွယ်စုံမှာ ရောက်နှင့်နေပြီ”

“အောင်မာ... ကြော်ငြာကဝင်သေး” ဟု ဆိုရင်း ဦးစိုးတင့် တစ်ယောက် တဟားဟား။

“နောက်တော့ ဆရာဦးစိုးမြင့်သန်းနဲ့ နှစ်ယောက်သားရှေ့က ဆရာတို့ရဲ့ စာအုပ်ဗီရိုတွေကို ရှင်းရင်း စာလေးတစ်စောင် အမှတ်မထင် တွေ့ရပါရော”

“အဲ... ကောင်းခန်းရောက်တော့မယ် ထင်ရဲ့”

“အဟုတ်ပဲ ဆရာရေ... စာလေးတစ်စောင်လို့သာ ပြောရတာ၊ အမှန်က နှစ်စောင်ဗျ၊ အပြန်အလှန်ရေးထားကြတဲ့ စာနှစ်စောင်ရယ်၊ ကျွန်တော်က ရုတ်တရက်တော့ ဟောင်းမြည့်နေတဲ့စာတွေမို့ ရှေ့ဆရာတွေရဲ့ ကိုယ်ရေးကိုယ်တာ စာတွေနေမှာပဲဆိုပြီး အမှိုက်တောင်းထဲ လွှင့်ပစ်မလို့လုပ်ပြီးမှ လူထုဆိုတဲ့ အမှတ်တံဆိပ်ပါတဲ့စာလေး ပါနေတာနဲ့ စူးစမ်းတဲ့ သဘောဖွင့်ဖတ်လိုက်တော့မှ စာပေဗိမာန် စာတည်းမှူး တာဝန်ထမ်းနေတဲ့ ဆရာကြီး ဦးစံထွန်းနဲ့ မန္တလေးက ဆရာကြီး လူထုဦးလှနဲ့ အပြန်အလှန်ဆက်သွယ်ထားတဲ့စာ ဖြစ်နေတာကိုး ဆရာရဲ့”ဟုဆိုကာ စကားတစ်ဖြတ် နားထားလိုက်ရာ ဦးစိုးတင့် မိတ်ဆွေ ဆရာဦးအောင်မြင့်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ လက်ကို ဖျတ်ခနဲပုတ်ရင်း-ဆက်ပါဦး ကိုခက်ဝေရ၊ ဒီမှာ စိတ်ဝင်စားလို့ ကောင်းနေမှ” ဟု ဆိုလေသည်။

“ဟုတ်ကဲ့ ဆရာ၊ ရေးထားတဲ့ ကာလကတော့ ရက်စွဲပါအရ ၁၉၅၀ ပြည့်နှစ် မတ်လထဲမှာပဲ၊ ရက်စွဲတော့ မမှတ်မိတော့ဘူးဆရာ၊ အကြောင်းကတော့ အဲဒီကာလမှာ ကျွန်တော်တို့ စာပေဗိမာန်က ပြည်သူ့အကျိုးပြု စာအုပ်စာစောင်တွေ များစွာထုတ်ဝေဖြန့်ချိနေချိန်၊ နိုင်ငံရေးဘာသာရေးမပါတဲ့ စာစောင်တစ်စောင် ထုတ်ဝေလိုကြောင်း၊

*စာမျက်နှာ ၈ သို့*

# စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်စေတီတော်ကြီးတွင် အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ



မုံရွာ ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ၊ ပရိတ်တရားတော်ချီးမြှင့်ပွဲနှင့် ပင့်သံဃာတော် ၃၃၃ ပါးတို့အား ဆွမ်းတော်ကြီးလောင်းလှူပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်က အဆိုပါစေတီတော်ကြီး အရှေ့ဘက်အာရုံခံ တန်ဆောင်းတော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့ ခေမာသီဝံကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြပြီး စစ်ကိုင်းမြို့ ဇေယျာညွန့်ကျောင်း ဆရာတော် ဘဒ္ဒန္တသုမနက အသံမစဲမဟာပဋ္ဌာန်းပွဲ အောင်မြင်ကြောင်း အောင်သြဘာပတ္ထနာအား ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် စစ်ကိုင်းမြို့ ရွှေဘုန်းရှံသီ ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍာဝံသ ဆရာတော်ကြီးထံတော်မှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် မန္တလေးမြို့နှင့် စစ်ကိုင်းတောင်ရိုးရှိ ကျောင်းတိုက်အသီးသီးတို့မှ ပင့်သံဃာဆရာတော်ကြီးများနှင့် သံဃာတော် ၃၃၃ ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး အသံမစဲမဟာပဋ္ဌာန်း ကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ၊ ပရိတ်တရားတော်ချီးမြှင့်ပွဲနှင့် ပင့်သံဃာတော် ၃၃၃ ပါးတို့အား ဆွမ်းတော်ကြီး လောင်းလှူပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးမိသားစုနှင့် ခုနစ်ရက်သားသမီးများက အလှူငွေကျပ် ၂၂၆၅၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က အလှူငွေကျပ် ၂၀၀၀၀၀၀၀၊ ဒေါက်တာသာရင်မြတ်မိသားစုက အလှူငွေကျပ် ၂၅၃၅၀၀၀၀ တို့အား လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်အောင် မင်္ဂလာကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရွာမဘုန်းတော်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ပညာဇေယျကျောင်းတိုက်သို့လည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ကနဦးမှာတော့ တစ်လတစ်ကြိမ်ထုတ်ရင်း နောက်ပိုင်းမှာ တစ်ပတ်တစ်ကြိမ် ထုတ်ဝေဖို့ ရည်ရွယ်ထားကြောင်း အဲဒီစာစောင်ကို ဆရာကြီး လူထု ဦးလှက တာဝန်ယူ ဆောင်ရွက်ပေးစေလိုကြောင်းတွေ ပါတယ်ဗျ"

"အဲဒီကာလဆိုရင် စာပေဗိမာန်မဂ္ဂဇင်း ထုတ်ဝေဖို့ တာစူနေတာများလားပေ့ါ ကိုခက်ဝေ၊ စာပေဗိမာန်စာတည်းဌာန အသီးသီးကလည်း စာအုပ်မျိုးစုံကို ကိုင်တွယ်နေရတော့ ဆရာလူထုဦးလှကို လှမ်းဆက်သွယ်တာဖြစ်မယ်"

"ကျွန်တော်လည်း အစက အဲဒီလိုထင်တာ ဦးစိုးတင့်ရေ၊ စာပေဗိမာန် လစဉ်စာစောင်ကိုတော့ ထုတ်ဝေနေနှင့်ပြီး ၁၉၅၂ မှာ စာပေဗိမာန်မဂ္ဂဇင်းကို ထုတ်ဝေတာဆိုတော့ မဂ္ဂဇင်းအတွက်လို့ ယူဆမိတယ်၊ ဒါပေမယ့် ဆရာကြီးဦးစံထွန်းက အပတ်စဉ်စာစောင်လို့ဆိုထားတော့ စာပေဗိမာန်ဂျာနယ်ဆိုပြီးထုတ်ဖို့ ရည်ရွယ်လေသလား တွေးမိပြန်တယ်"

"အေး... ဆက်ပါဦးဟ၊ အဲဒီတော့ ဦးလှက ဘယ်လိုစာပြန်သလဲ"

"အဲဒီတော့ ဆရာကြီး လူထုဦးလှက ဂျာနယ်ထုတ်ဝေမယ့် အကြောင်းကြားရလို့ ဝမ်းသာကြောင်း၊ ထုတ်လည်း ထုတ်သင့်သလို တိုင်းပြည်အတွက် အကျိုးများမယ်ထင်ကြောင်း၊ သူ့အနေနဲ့က အစီအစဉ်လေးတွေချထားပြီး ရှိနှင့်ပြီဖြစ်လို့ ဂျာနယ်ထုတ်ဝေရေး တာဝန်ကို မထမ်းရွက်နိုင်တာကို အစီရင်ခံပါကြောင်း၊ ဒါပေမယ့် ဝတ္ထု၊ ဆောင်းပါးကောင်းလေးတွေ ရရှိအောင် ကြိုးပမ်းပေးမယ့်အကြောင်း ပြန်ကြားလာတော့ တွေ့လိုက်ရတာပဲဗျ"

"အေးပေ့ါဟာ... မန္တလေးကနေ တကူးတက လာရမှာလည်းပါမယ်ထင်တယ်"

ကျွန်တော် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး–

"ကျွန်တော်လည်း ဒီလိုပဲ ယူဆမိတယ်ဗျ၊ ပြီးတော့ အဲဒီအပတ်စဉ်စာစောင်ထွက်လာရင် ဘယ်လိုများ ဖြစ်လေမလဲလို့ တွေးကြည့်မိရဲ့"

တရစပ်ပြောဆိုနေကြရာမှ စကားဝိုင်းက ရုတ်တရက် တိတ်ဆိတ်သွားသည်။ အတွေးကိုယ်စီ၊ စိတ်ကူးကိုယ်စီတွေကြောင့်ဟု ထင်သည်။ ခဏကြာတော့မှ ကျွန်တော်ကပဲ တိတ်သွားသည့်ဝိုင်းကို ပြန်လည်လှုပ်နှိုးလိုက်သလို "ကျွန်တော် အဲဒီအကြောင်းလေးတွေ ရေးရင်ကောင်းမလားလို့"ဟု ဆိုမိသည်။ ကျွန်တော့် စကားဆုံးတော့ ဦးစိုးတင့်လည်း တွေခနဲ တစ်ချက်ဖြစ်သွားပြီး အကြံပေးဖို့ စဉ်းစားနေဟန်တူသည်။

ထိုစဉ်မှာပင် ဆရာဦးအောင်မြင့်က "ဟာ... ဘယ်က ရေးရင်ကောင်းမလား လုပ်နေမှာလဲဗျာ၊ ဒီလိုအကြောင်းတွေဆိုတာ ခင်ဗျားတို့ချင်း ပြောနေလို့သာ ကျုပ်တို့ နားထောင်နေရ သိရတာ၊ ဒါတွေကို စာဖတ်သူ တချို့အနေနဲ့ တစ်စုတစ်စည်းတည်းသိဖို့ ဘယ်လွယ်မလဲဗျ၊ ပြီးတော့ ဒီလို စိန်ရတုအထိမ်းအမှတ်မျိုးမှာ ဒါမျိုးလေးတော့ ပါဝင်ရေးသင့်တာပေ့ါဗျာ၊ ရေးမှာသာ ရေးစမ်းပါ"ဟု တွန်းတွန်းတိုက်တိုက် ဆိုလာသည်။ သည်တော့မှပဲ–

"ဟုတ်တယ် ညီလေး၊ ဒါရေးကို ရေးသင့်တယ်၊ စောစောကမင်းပြောတဲ့ ဘာရေးရမှန်းမသိဘူးဆိုတဲ့စကားက မှားနေတယ်ကွ၊ အခု ငါတို့ပြောတဲ့ဆိုတဲ့အကြောင်းကိုပဲ ချရေး၊ ဘာမှလှည့်ပတ်မနေ ပညာပြမနေနဲ့၊ ခုပြောတဲ့စကားအတိုင်းသာရေး၊ ပြီးတော့..."

"တိန်ညောင်... တိန်ညောင်..."

ဆရာဦးစိုးတင့် စကားမဆုံးခင်မှာပင် ကျွန်တော့်ခါးကြားမှ ဖုန်းသံက စကားဝိုင်းကို တိခနဲ ဖြတ်ချသလို ဖြစ်သွားသည်။ ကပျာကယာ ကြည့်လိုက်တော့ ထင်မှတ်ထားသည့်အတိုင်း စာတည်းမှူးချုပ်ဟောင်း ဆရာဦးအောင်သန်း၏ ဖုန်း။

"ဘယ်သူလဲ ညီလေး"

ကျွန်တော့်မျက်နှာ ကွက်ခနဲ ပျက်သွားတာမြင်ရော့ထင့်၊ ဆရာဦးစိုးတင့်က စိုးရိမ်တကြီး မေးရှာသည်။

"ဆရာ... CE ဦးအောင်သန်းဗျ၊ ရုံးရောက်နေပြီ ထင်တယ်ဗျာ၊ သူပေးထားတဲ့စာမူ လာစစ်မယ် ကြိုပြောထားခါမှ ကျွန်တော်က နောက်ကျနေပြီ"ဟု ဆိုကာ ကပျာကယာ ပြန်ထူးလိုက်သည်။ "ဟလို ... ဟလို... ဟုတ်ကဲ့၊ ကျွန်တော် ရုံးရှေ့ရောက်နေပါပြီ" ဟူ၍။ ဆရာတို့ကလည်း နားလည်ပေးရှာသည်။

"သွား သွား ညီလေး..နောက်မှဆုံတာပေ့ါ၊ ငါတို့ ပြောတာ မမေ့နဲ့၊ ဒီအကြောင်းကိုသာရေး"ဟု အားပေးကြသည်။

ကျွန်တော်လည်း လက်တစ်လုံးလောက် ကျန်နေသေးသည့် လက်ဖက်ရည်ခွက်ကျန်လေး ခွပ်ခနဲ ကောက်မော့လိုက်ပြီး–

"တကယ်တော့ ပြောစရာက မပြီးသေးဘူးဗျ၊ စာပေဗိမာန် ဒုတိယထပ်က အခုစာကြည့်တိုက်ခန်းမမှာ အောင်ဘာလေထီဖွင့်ပွဲတွေ လုပ်ခဲ့တဲ့အကြောင်း ကျန်သေးတာ၊ အဲဒါတော့ ၂၀၀၇ ခုနှစ် စာပေဗိမာန် သုတပဒေသာ(ဝိဇ္ဇာ)စာမူ (ပထမဆု)ရ ဆရာထင်လင်းကျော်ရဲ့ အောင်ဘာလေထီသမိုင်း စာအုပ်ကိုသာ ဖတ်ကြပေတော့ ဆရာတို့ရေ" ဟုဆိုကာ လေထန်ကုန်းမှ ခပ်သုတ်သုတ် ထွက်လာခဲ့တော့သည်။

x x x

ကံကောင်းသူသွားလေရာ မိုးခလို့ရွာဟု ဆိုရမည်လားမသိ၊ ဆိုင်ကထွက်ထွက်ချင်းမှာပဲ မိုးက သွန်ချလိုက်သလို ဝေါခနဲ ရွာလာပြန်သည်။ မိုးရွာလိုက်တော့မှ စောစောက ခိုကလေးတွေဆီ အာရုံတစ်ဖန်ရောက်သွားမိပြန်သည်။ သူတို့လေးတွေ ညောင်ပင်ထက်မှာ၊ ညောင်ကိုင်းအောက်က မီးကြိုးလေးတွေပေါ်မှာ မိုးခိုလျက်ရှိဆဲ။ ဒါနရှင်တို့ကို မျှော်နေကြဆဲ။ ချိန်းထားပြီး နောက်ကျရသည့်အဖြစ်ကို နောက်မှပဲ ဆရာ့ကို တောင်းပန်ရပေတော့မည်။ ယခုတော့ ဆရာဦးအောင်မြင့် ကျေးဇူးကြောင့် မကုန်ကျလိုက်သည့် လက်ဖက်ရည်တစ်ခွက်ဖိုးကို ခိုလေးတွေအတွက် အာဟာရဒါနပြုခဲ့ရပေဦးမည်။

x x x

၃၈ လမ်းကို ဖြတ်ကူးပြီး စာပေဗိမာန်ရှေ့ရောက်တော့ ကျွန်တော့်မိခင်ဌာနကို တစ်ချက်မော့ကြည့်လိုက်မိပါသည်။ ဟိုးလွန်ခဲ့သည့် ၂၀၀၇ ခုနှစ်တုန်းကလည်း စာပေဗိမာန်ရုံးရှေ့မှာ အငယ်တန်းစာရေးဘဝဖြင့် ခြေစအချ၊ ယခုလိုပဲ မော့ကြည့်ခဲ့ဖူးသည်။ မော့ကြည့်ရင်းက စာပေဗိမာန်မဂ္ဂဇင်းမှာ ဆရာတက္ကသိုလ် မောင်မောင်ခင် ရေးဖွဲ့ခဲ့သည့် ကဗျာတစ်စက ရင်ထဲ ပွဲ့တင်ထပ်လာသည်။

"မားမြင့်မြင့်ခေါင်စံ၊
တိမ်တိုက်စွန် နေခြည်လက်မှာ
ပြိုးပြက်ထိန်လျှံ။
ဗိမာန်မည် စာပေနန်းရယ်က
တစ်ခန်းဖွင့် ကြုံလာပြန်
ပြည်မြန်လုံး ကံမို့။
ဂန္ထဝင်
အမှန်ပင် တစ်ဖန်လှစ်ပေလိမ့်
လာလာလေ စာပေချစ်ရယ်
အားသစ်ပါစို့။ ။ ဟူ၍...

ဆရာကြီး တက္ကသိုလ်မောင်မောင်ခင် ဂုဏ်တင်ရေးဖွဲ့ခဲ့သည့် ဗိမာန်မည် စာပေနန်းသည်ကား ယခုဆိုလျှင် ၇၅ နှစ်အရွယ် စိန်ရတုသက်တမ်းသို့ ရောက်ရှိလာခဲ့ပေပြီ။ အတိတ်က ပြိုးပြက်ခဲ့သည့် အရှိန်အဝါတို့သည် ယခုကာလတိုင် မမှေးမမှိန်၊ မဖျော့မဝါး ဆေးသားတို့ ခိုင်မြဲတောက်ပနေဆဲ။ ရှေ့နှစ် ၁၀၀၊ နှစ် ၅၀၀၊ နှစ်ထောင်ချီသောင်းချီကာလအထိ ပြိုးပြက်ထိန်လျှံ စာပေဗိမာန်အဖြစ် တည်တံ့နေနိုင်ရေးသည်ကား ကျွန်တော်တို့ မျိုးဆက်၏ တာဝန်မဟုတ်ပါလား။

# ကျန်းမာရေးဝန်ထမ်းအင်အား ဖြည့်တင်းပေးမှုကို ဦးစားပေးကဏ္ဍအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ

**ပဲခူး ဩဂုတ် ၂၁**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့က ကျန်းမာရေးမှူး-၄၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) သင်တန်းဆင်းပွဲ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု တစ်ရပ်လုံးကို အခြေခံကျသည့် မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုများ အရည်အသွေးပြည့်ဝစွာ ပေးအပ်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို နှစ်အလိုက် တိုးမြှင့်ဖြည့်ဆည်းပေးထားပြီး လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ကျန်းမာရေးဝန်ထမ်းအင်အား ဖြည့်တင်းပေးမှုကိုလည်း ဦးစားပေးကဏ္ဍအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကြီးကြပ် (၂) များသည် ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင်လည်း ရပ်ကွက်/ကျေးရွာအဆင့်ထိ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အခြေခံ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြောင်း၊ ကျန်းမာရေးကြီးကြပ်(၂)များ အနေဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများတွင် ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပေးရမည့် ဝန်ထမ်းများဖြစ်ပြီး ယနေ့ သင်တန်းဆင်းကြမည့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) က မိမိတာဝန်ကျရာဒေသရှိ ပြည်သူများ လိုအပ်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို အခြားကျန်းမာရေးဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းများ၊ နီးနွယ်ဌာနများ၊ ရပ်ရွာမှတာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို အောင်မြင်အဆင်ပြေစွာ ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် ထူးချွန်ဆုရရှိကြသော သင်တန်းသား/သင်တန်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး(ဝဲပုံ) တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီဟက သင်တန်းသား/သင်တန်းသူများ ကိုယ်စား ကိုယ်စားလှယ် နှစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းဆင်း ကျန်းမာရေးမှူး-၄၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

အဆိုပါ ကျန်းမာရေးမှူး-၄၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်းသို့ သင်တန်းသား/သင်တန်းသူ ၁၇၁ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ခြောက်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

---

❍ *ကျောဖုံးမှ*

## ဓာတ်အားပြတ်တောက်လျက်ရှိ

ဖြစ်စဉ်မှာ မော်လမြိုင်-မြဝတီဓာတ်အားလိုင်း ၂၃၀ ကေဗွီ တာဝါတိုင်အမှတ် - ၁၇၂ နှင့် တာဝါတိုင် အမှတ် - ၁၇၃ တို့အား KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဩဂုတ် ၂၀ ရက် ည ၁၁ နာရီခန့်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် တာဝါတိုင်အမှတ် - ၁၇၂ တွင် အောက်ခြေတိုင် တစ်တိုင် ပျက်စီးခဲ့ပြီး တာဝါတိုင်အမှတ် - ၁၇၃ သည် မြေပြင်တွင် လဲကျပျက်စီးခဲ့ကာ ကရင်ပြည်နယ် ကျုံဒိုးမြို့၊ ကော့ကရိတ်မြို့၊ မြဝတီမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့များတွင် ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရှိရသည်။




ဓာတ်အားတာဝါတိုင် မိုင်းခွဲခံရသည့်ဖြစ်စဉ်နေရာပြ ကောင်းကင်ဓာတ်ပုံ။



မိုင်းထောင်ဖောက်ခွဲခံရသည့် တာဝါတိုင်အမှတ် - ၁၇၂ ၏ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးလျက်ရှိသော တာဝါတိုင်များကို ပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## တရားမဝင်သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများ ဖယ်ရှားရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ဓာတ်အားလိုင်းတိုင်များပေါ်တွင် တရားမဝင်သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ မိမိအစီအစဉ်ဖြင့် ဖယ်ရှားရန် ကြေညာထားပြီးဖြစ်သည်။

သို့ရာတွင် လိုက်နာဆောင်ရွက်မှုမရှိဘဲ တရားမဝင်ဆက်လက်သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများကို စစ်ဆေးဖော်ထုတ်ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းတစ်လျှောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ဓာတ်အားလိုင်းတိုင်များပေါ်တွင် တရားမဝင် သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများ ဖယ်ရှားရှင်းလင်းခြင်းကို ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများနှင့် တရားဝင်ခွင့်ပြုထားသော ဆက်သွယ်ရေးကုမ္ပဏီများမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း **(အောက်ပုံ)** ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။ **သတင်းစဉ်**



---

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မန္တလေးမြို့တွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးနေသည့် တရားခံများကို ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အဦများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့သော အကြမ်းဖက်လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်း၊ အားပေးကူညီခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်းများ ပြုလုပ်ခဲ့လျှင် တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးနေသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေ မွန်သူအောင်အား အကြမ်းဖက်မှုများကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ မွန်သူအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် မြန်မာ့သူရကျောက်မျက်ကုမ္ပဏီ၌ ယာဉ်မောင်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး မြန်မာသူရကျောက်မျက်ကုမ္ပဏီပိုင်ရှင် ကျော်သူရသည် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးအမြောက်အမြား ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျော်သူရအား ချမ်းအေးသာစံမြို့နယ် ဇေယျာသီရိလမ်းသွယ် ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြားရှိ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ မြန်မာသူရကျောက်မျက် ကုမ္ပဏီခြံဝင်းအတွင်းရှိ နေအိမ်အိပ်ခန်းအတွင်းမှ Sigsauer ပစ္စတို တစ်လက်၊ ၎င်းကျည် ၁၂ တောင့်၊ ကျည်အိမ် နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ မွန်သူအောင်နှင့် ကျော်သူရတို့၏ ထွက်ဆိုချက်များအရ ဆူပူဆန္ဒပြလှုပ်ရှားသူများ၊ CDM ဝန်ထမ်းများနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား အောက်ပါအတိုင်း ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးမှု ၃၅ ကြိမ်၊ ငွေကျပ် ၁၉၄၇ သိန်း၊ ALPHARD ကား တစ်စီး၊ အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် တရုတ်ယွမ် ၁၉၀၀၀။

*စာမျက်နှာ ၁၁ သို့*






၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ကျော်သူရ၏နေအိမ်အား ချိတ်ပိတ်သိမ်းဆည်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တရားခံ ကျော်သူရ



တရားခံ မွန်သူအောင်



ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ ကျော်သူရ ပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီခြံဝင်းအတွင်းရှိ နေအိမ်အိပ်ခန်းအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ကျော်သူရ၏နေအိမ်မှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များ။



၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီ အလုပ်ရုံမှ သိမ်းဆည်းရမိသည့် ကျောက်စိမ်းဖြတ်သားမျိုးစုံ တန် ၈၀ ခန့်၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ကျောက်မျက်ကွက်သစ် လုံးခင်းလမ်းရှိ ကျော်သူရ ပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီရုံးအား ချိတ်ပိတ်သိမ်းဆည်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက် ရွှေလမ်းမကြီးဘေး A လမ်းနှင့် B လမ်းကြားရှိ ကျော်သူရ ပိုင်ဆိုင်သော နေအိမ်အား ချိတ်ပိတ်သိမ်းဆည်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၀ မှ*

- ကျောက်မျက် လုပ်ငန်းရှင်များ ကိုယ်စားပြု၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးမှု သုံးကြိမ်၊ ငွေကျပ် ၁၃၃ သိန်း။
- လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ကို လုပ်ဆောင်၍ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ တရားခံပြေး အိပန်ဆယ်လို (ခ) အိမ့်ပိုးဥအား ငွေကြေးထောက်ပံ့ပေးမှု ခုနစ်ကြိမ်၊ ငွေကျပ်သိန်း ၃၉၀၀ ။
- မန္တလေးတိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု သုံးကြိမ်၊ ငွေကျပ်သိန်း ၁၂၀ ။
- မန္တလေးမြို့အတွင်း အကြမ်းဖက်ဆူပူဆန္ဒပြသူများအား ငွေကျပ်သိန်း ၅၀။

မြန်မာသူရ ကျောက်မျက်ကုမ္ပဏီ ပိုင်ရှင်တရားခံ ကျော်သူရသည် ဆူပူဆန္ဒပြလှုပ်ရှားသူများ၊ CDM ဝန်ထမ်းများနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား စုစုပေါင်း ငွေကျပ် ၆၁၅၀ သိန်း၊ ALPHARD ကား တစ်စီး၊ အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တရုတ်ယွမ်ငွေ ၁၉၀၀၀ တို့ကို ထောက်ပံ့ကူညီခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ တရားခံ ကျော်သူရနှင့် မွန်သူအောင်တို့သည် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ငွေကြေးအဓိကထောက်ပံ့ပေးနေသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် တည်ဆဲဥပဒေများအရ ထိရောက်စွာ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုနှင့် သက်ဆိုင်သော နေအိမ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ အောက်ပါအတိုင်း နိုင်ငံဘဏ္ဍာအဖြစ် ချိတ်ပိတ်သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၃၃ လမ်းနှင့် ၅၂ လမ်းထောင့်ရှိ မြန်မာသူရကျောက်မျက် ကုမ္ပဏီနှင့် နေအိမ်ခြံဝင်းအတွင်းရှိ အဆောက်အဦ လေးလုံး၊ မော်တော်ယာဉ်မျိုးစုံ ငါးစီး။
- ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် ၈၈(ဘီ)လမ်း ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ အဆောက်အအုံ သုံးလုံး၊ မော်တော်ယာဉ်မျိုးစုံ နှစ်စီး၊ မီးစက် နှစ်လုံး၊ ကျောက်စိမ်းဖြတ်သားမျိုးစုံ တန် ၈၀ ခန့်။
- ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် စစ်ကိုင်းလမ်းနှင့် သဇင် (၆) လမ်းထောင့်ရှိ ခြံဝင်းနှင့် အဆောက်အဦ တစ်လုံး။
- ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ကျောက်မျက်ကွက်သစ်လုံးခင်းလမ်းရှိ ခြံဝင်းနှင့် အဆောက်အအုံ နှစ်လုံး။
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက် ရွှေလမ်းမကြီးဘေး A လမ်း နှင့် B လမ်းကြားရှိ ခြံဝင်းနှင့် အဆောက်အဦ တစ်လုံး။
- ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီခြံဝင်း အတွင်း၌ အဆောက်အဦမျိုးစုံ ၁၈ လုံး၊ ကျောက်စိမ်း ဖြတ်သားနှင့် အရိုင်းတုံးမျိုးစုံ ၁၉၃ တန်၊ မီးခံသေတ္တာနှစ်လုံး၊ MITSU-BISHI အမျိုးအစား ပစ္စည်းတင်မော်တော်ယာဉ် တစ်စီး။
- ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာရှိ ၁၀ ဧကကျယ်ဝန်းသည့် ကုမ္ပဏီလုပ်ကွက်နှင့် အဆောက်အဦမျိုးစုံ ခုနစ်လုံး၊ ကျောက်ဖောက်စက် လေးလုံး၊ ကျောက်ဖြတ်စက် အကြီး လေးလုံး၊ ကျောက်ဖြတ်သား တန် ၃၀၊ မြေသယ်ယာဉ်မျိုးစုံ ၁၄ စီး၊ ရေသယ်ယာဉ် နှစ်စီး၊ ဘက်ဟိုးယာဉ် ငါးစီး။
- သို့ဖြစ်၍ မြန်မာသူရ ကျောက်မျက်ကုမ္ပဏီ ပိုင်ရှင် တရားခံ ကျော်သူရ ပိုင်ဆိုင်သည့် နေအိမ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၁၈၄၄၉ ခန့်အား နိုင်ငံဘဏ္ဍာအဖြစ် ချိတ်ပိတ်သိမ်းဆည်းခဲ့ကြောင်း။






၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ ကျော်သူရ ပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီဝင်းအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် ကျောက်စိမ်းဖြတ်သားများနှင့် ကျောက်စိမ်းအရိုင်းတုံးများ မှတ်တမ်းဓာတ်ပုံ။

တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုများလုပ်ဆောင်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ကျော်သူရအပြင် ကျောက်မျက်လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် အခြားစီးပွားရေးလုပ်ငန်းရှင်များသည်လည်း အလားတူထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် ကွင်းဆက်တရားခံများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများအရ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ငွေကြေးထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**




၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ ကျော်သူရ ပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီဝင်းအတွင်းရှိ အဆောက်အဦများ ချိတ်ပိတ်သိမ်းဆည်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီလုပ်ကွက်မှ သိမ်းဆည်းရမိသည့် စက်ယန္တရားများ မှတ်တမ်းဓာတ်ပုံ။

# ကျွန်စနစ်သည် အမေရိကန်၏ မူလအပြစ်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် ဩဂုတ် ၂၁**

ကျွန်ပြုခြင်းသည် "အမေရိကန်၏ မူလအပြစ်ဖြစ်သည်" ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဩဂုတ် ၂၀ ရက်က ပြောကြားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်က ကျွန်ပြုခံရသောအာဖရိကသား အယောက် ၂၀ ကို အမေရိကန်ပြည်ထောင်စု ဖြစ်လာမည့် ကမ်းရိုးတန်းဒေသသို့ အတင်းအကျပ် ခေါ်ဆောင်ခဲ့ကြောင်း၊ ယင်းနောက် နောက်ရာစုနှစ်များအတွင်း လူသန်းပေါင်းများစွာ



ခိုးယူရောင်းချခံခဲ့ရပြီး ကျွန်စနစ်၏ တစ်စိတ်တစ်ပိုင်းသည် အမေရိကန်တို့၏ မူလအပြစ်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စုတွင် ဩဂုတ် ၂၀ ရက်အား ကျွန်ပြုခံရခြင်းအထိမ်းအမှတ် အောက်မေ့ဖွယ်နေ့အဖြစ် သတ်မှတ်ရန် ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုရန် အိမ်ဖြူတော်က အဆိုပါ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် အထက်လွှတ်တော်အမတ် အဲလစ်ဇဘတ် ဝါရန်နှင့် အောက်လွှတ်တော်အမတ် အယ်လ်ဂရင်းတို့သည် ကျွန်ပြုခံရခြင်း အထိမ်းအမှတ်အောက်မေ့ဖွယ်နေ့ကို သတ်မှတ်ရန် ယမန်နှစ်က ပူးတွဲဆုံးဖြတ်ချက်ကို စတင်မိတ်ဆက်ခဲ့သည်။

**ဆင်ဟွာ**

# အမုန်းပွားမှုနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုအားလုံးကို ရှုတ်ချကြရန် အရေးကြီးကြောင်း ကုလသမဂ္ဂအကြီးအကဲ တိုက်တွန်း

**ဂျီနီဗာ ဩဂုတ် ၂၁**

အစိုးရများ အားလုံးအပါအဝင် ဘာသာရေးခေါင်းဆောင်များနှင့် အခြားနာမည်ကြီး သရုပ်ဆောင်များသည် ဘာသာတရား သို့မဟုတ် ယုံကြည်ချက်အပေါ် အခြေခံသည့် အမုန်းပွားမှုနှင့် အကြမ်းဖက်မှု ဖြစ်စေရန်



လှုံ့ဆော်မှု အားလုံးကို ရှုတ်ချကြရန် အရေးကြီးကြောင်း၊ အားလုံးပါဝင်ပြီး လူ့အဖွဲ့အစည်း တစ်ရပ်လုံးက ကြိုးပမ်းအားထုတ်မှသာလျှင် အားလုံးအတွက် ဘေးကင်းလုံခြုံစွာ အတူယှဉ်တွဲ နေထိုင်နိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားလိုက်သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဒုက္ခသည်များကို ထောက်ပံ့ရန်နှင့် ရန်လိုအမုန်းပွားစေမည့် အခြေအနေများကို ဆန်းစစ်နိုင်ရေး ပိုမိုလုပ်ဆောင်ရန် နှစ်စဉ် ဩဂုတ် ၂၂ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရသူများနေ့ အထိမ်းအမှတ် သဝဏ်လွှာတွင် ၎င်းက တောင်းဆိုလိုက်သည်။

အဆိုပါ လုပ်ဆောင်ချက်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် အမုန်းစကားဆိုင်ရာ အရေးယူဆောင်ရွက်မှု အစီအစဉ်များကဲ့သို့ လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းမှုများ၏ အစပျိုးမှုနှင့်အတူ ရှုပ်ထွေးပြီး တင်းမာသော ပြဿနာများကို ဖြေရှင်းရန် လုပ်ဆောင်မှုပင်ဖြစ်ကြောင်း အန်တိုနီယို ဂူတာရက်စ်က မှတ်ချက်ပြုပြောသည်။

**ဆင်ဟွာ**

# ယခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံခြားခရီးသွား ၈၃၄၀၀၀ ကျော် ကျူးဘားသို့ ဝင်ရောက်

**ဟာဗားနား ဩဂုတ် ၂၁**

ကျူးဘားနိုင်ငံသည် ယခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်သည် ၈၃၄၀၀၀ ကျော်ရှိကြောင်း အမျိုးသားစာရင်းအင်းနှင့် ပြန်ကြားရေးရုံးက ဩဂုတ် ၂၀ ရက်တွင် ပြောသည်။

ကျူးဘားနိုင်ငံသို့ လာရောက်လည်ပတ်သော အဆိုပါ ခရီးသွားအရေအတွက်သည် ယခင်နှစ်က အလားတူ ကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၅၉၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။ ထို့အပြင် ယခုနှစ်တွင် ကျူးဘားနိုင်ငံသို့ လာရောက်လည်ပတ်သည့် ထိပ်တန်းကိုးနိုင်ငံ စာရင်းတွင် ကနေဒါ၊ အမေရိကန်၊ စပိန်၊ ရုရှား၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီနှင့် မက္ကဆီကိုနိုင်ငံတို့ ပါဝင်ကြောင်း ကျူးဘားခရီးသွားလာရေးဝန်ကြီးဌာနက ပြောသည်။

ကျူးဘားနိုင်ငံသည် ယခုနှစ် နိုင်ငံတော်ဘတ်ဂျက်၏ ၂၄ ရာခိုင်နှုန်းကို ခရီးသွားကဏ္ဍအတွက် ခွဲဝေချထားပေးကြောင်းနှင့် လာမည့်လများအတွင်း ဟိုတယ်သစ်အဆောက်အအုံများ ဆောက်လုပ်ရန် မျှော်လင့်ထားကြောင်း သိရသည်။ ကျူးဘားအစိုးရသည် ယခုနှစ်တွင်



ခရီးသွားဧည့်သည် ၂ ဒသမ ၅ သန်း ရောက်ရှိလာမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၄ ရာခိုင်နှုန်းမြင့်တက်ရန် မျှော်မှန်းထားသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ ၃၈ ဦးရှိ

**နယူးဒေလီ ဩဂုတ် ၂၁** - မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုမှုများကြောင့် အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် လွန်ခဲ့သည့်နှစ်ရက်အတွင်း သေဆုံးသူ ၃၈ ဦးရှိကြောင်း သိရသည်။ သေဆုံးမှုအများစုမှာ မြောက်ပိုင်းတောင်တန်း ပြည်နယ် များမှဖြစ်ပြီး ဟီမာချယ်ပရာဒေ့ရှ်တွင် ၂၂ ဦး ၊ အရှေ့ပိုင်း ဩရိဿပြည်နယ်တွင် ခြောက်ဦး၊ ဥတ္တရာခန်နှင့် ဂျာခန်တို့တွင် လေးဦးစီနှင့် ကက်ရှ်မီးယားရှိ အိန္ဒိယထိန်းချုပ်နယ်မြေတွင် နှစ်ဦးတို့ဖြစ်သည်။

သေဆုံးသူများထဲမှ ရှစ်ဦးသည် မိသားစုတစ်ခုတည်းမှ ဖြစ်သည်။ ဟီမာချယ် ပရာဒေ့ရှ်တွင် အိမ်ပြိုကျမှုနှင့် မြေပြိုမှုတွင် လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့ပြီး ခြောက်ဦး ပျောက်ဆုံးနေဆဲဖြစ်ကာ သေဆုံးသူဦးရေ တိုးလာမည်ကို စိုးရိမ်လျက်ရှိသည်။

**ဆင်ဟွာ**

# ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရ

**တိုကျို ဩဂုတ် ၂၁**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် ဩဂုတ် ၂၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ဂျပန်အစိုးရက ပြောသည်။ အစိုးရအဖွဲ့အတွင်းဝန်ရုံး၏ ထုတ်ပြန်ချက်အရ ဝန်ကြီးချုပ်သည် ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် အဖျားအနည်းငယ်တက်ပြီး ချောင်းဆိုးခြင်းကဲ့သို့သော လက္ခဏာပြသကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ပီစီအာရ်နည်းဖြင့် စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ညနေပိုင်းတွင် ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မိသားစုနှင့်အတူ တစ်ပတ်ကြာ အားလပ်ရက် ဖြတ်သန်းပြီးနောက် ဩဂုတ် ၂၂ ရက်တွင် ၎င်း၏ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ကီရှီဒါသည် လာမည့်သီတင်းပတ်တွင် တူနီးရှားနိုင်ငံသို့ သွားမည့် ၎င်း၏ ခရီးစဉ်ကို ဖျက်သိမ်းဖွယ်ရှိနေသည်။

**ဆင်ဟွာ**



# ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်တွင် မိုးနှင့်ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် သေဆုံးသူ ၇၂၈ ဦးအထိ ရှိလာ

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၁**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရုတ်တရက် ရေကြီးရေလျှံခြင်းနှင့် အခြားသော မိုးနှင့်ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် ၃၆ ဦး ထက်မနည်း သေဆုံးပြီး ၁၄၅ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် ပြောသည်။

အင်န်ဒီအမ်အေက ထုတ်ပြန်သော အချက်အလက်အရ ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးနှင့်ဆက်စပ်သော ဖြစ်စဉ်အမျိုးမျိုးကြောင့် အဆိုပါသေဆုံးသူများထဲတွင် အနည်းဆုံး ကလေးငယ်ခုနစ်ဦးနှင့် အမျိုးသမီး ငါးဦး ပါဝင်ကြောင်း သိရသည်။ နိုင်ငံ၏ တောင်ပိုင်းဆင်းဒ်ပြည်နယ်သည် သေဆုံးသူ ၁၈ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၂၈ ဦး ရှိသည့်အတွက် အဆိုးရွားဆုံးထိခိုက်ခဲ့သည့် ဒေသဖြစ်ပြီး ယင်းနောက်တွင် နိုင်ငံ၏ အနောက်မြောက်ပိုင်း ခီဘာပခ်ါတွန်ခွာ ပြည်နယ်သည် အဆိုပါဖြစ်စဉ်ကြောင့် သေဆုံးသူ ၁၁ ဦးရှိပြီး အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် သေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရသည်။

ထို့အပြင် အဆိုပါဖြစ်စဉ်ကြောင့် အိုးအိမ် အလုံးရေ ၂၇၈၇၀ ထိခိုက် ပျက်စီးမှုဖြစ်ပွားခဲ့ပြီး ၁၀၈၆၀ သည် အလုံးစုံ ထိခိုက်ပျက်စီးခဲ့၍ ၁၇၀၁၀ သည် တစ်စိတ်တစ်ပိုင်း ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်တွင် လက်ရှိအချိန်အထိ မိုးနှင့်ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် အမျိုးသမီး ၁၅၆ ဦးနှင့် ကလေးငယ် ၂၆၃ ဦးအပါအဝင် သေဆုံးသူအရေအတွက် စုစုပေါင်း ၇၂၈ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့အပြင် ထိခိုက်ဒဏ်ရာရရှိသူသည်လည်း ၁၂၉၁ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ပြည်တွင်းစစ်အိပ်မက်ဆိုးများကြားက လွတ်မြောက်ရန်ကြိုးစားနေကြသည့် ဆီးရီးယားအမျိုးသမီးများ

**နွယ်နီလင်း**



ဆီးရီးယားနိုင်ငံ တောင်ပိုင်း ဆွီဒါမြို့၌ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် အမျိုးသမီးတစ်ဦး အနုပညာလက်ရာတစ်ခု ပြသနေသည်ကို တွေ့ရစဉ်။

တစ်ဆယ့်တစ်နှစ်ကြာ ဆီးရီးယားစစ်ပွဲကြောင့် ဆီးရီးယားပြည်သူများအတွက် မရေတွက်နိုင်သော ဝေဒနာများနှင့် နာကျင်မှုများကို ခံစားခဲ့ရပြီးနောက် ဒေသခံအမျိုးသမီးတစ်စုသည် ၎င်းတို့၏ ကြေကွဲနေသော နှလုံးသားများကို ကုစားရန် နည်းလမ်းကို ရှာဖွေခဲ့ပြီး စွန့်ပစ်အမှိုက်များထဲမှ လက်မှုအနုပညာလက်ရာများကို ဖန်တီးခြင်းဖြင့် အဓိပ္ပာယ်ပြည့်ဝသော ဘဝတစ်ခုရရှိရန် ကြိုးပမ်းနေခဲ့ကြသည်။

### ပရော့ဂျက်တစ်ခုကို စတင်

လွန်ခဲ့သောနှစ်အနည်းငယ်က ဆီးရီးယားနိုင်ငံ တောင်ပိုင်း ဆွီဒါမြို့ရှိ လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးဖြစ်သူ ခါလော့ ဟာနေဒီသည် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုပြီး ပန်းချီကား၊ စားပွဲခင်း၊ ကော်ဇောများနှင့် အလှဆင်အနုပညာလက်ရာများကိုဖန်တီးသည့် ပရော့ဂျက်တစ်ခုကို စတင်ခဲ့သည်။

အထူးသဖြင့် ဆီးရီးယားနိုင်ငံတွင် ရင်ဆိုင်နေရသော စီးပွားရေး ကျပ်တည်းမှုများကြားတွင် အနုပညာကို ချစ်မြတ်နိုးသည့် ဟာနေဒီသည် ဟောင်းနွမ်းနေသည့် ပစ္စည်းများအား ပြန်လည်အသုံးပြုသည့် အစဉ်အလာကို ပြန်လည်အသက်သွင်းလိုသော ၎င်း၏ဆန္ဒက အဆိုပါပရော့ဂျက်ကို ဖန်တီးရန် တွန်းအားပေးခဲ့သည်။

နိုင်ငံတစ်ဝန်းမှ အမျိုးသမီး အများအပြားသည် ရက်ကန်းအတတ်ပညာများ တိုးတက်စေရန် ဟာနေဒီ၏ အလုပ်ရုံသို့ လာရောက်ခဲ့ကြပြီး ၎င်းတို့၏ ကိုယ်ပိုင်ဇာတ်လမ်းများကို မျှဝေခြင်းဖြင့် ရင်းနှီးသော နှောင်ကြိုးကို ဖွဲ့စည်းခဲ့ကြသည်။ ၎င်းတို့ကြားက ခင်မင်ရင်းနှီးမှုများနှင့်အတူ ပစ္စည်းအဟောင်းများကို ပြန်လည်အသုံးပြုပြီး လက်မှုအနုပညာလက်ရာများ ဖန်တီးခြင်းအားဖြင့် အမျိုးသမီးများသည် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် ဘဝဇာတ်စုံကို မျှဝေနိုင်စေရန်အတွက် ဟာနေဒီက တွန်းအားပေးနိုင်ခဲ့သည်။

### ဘဝခရီးကြမ်း အဖုံဖုံ

"လူတိုင်းက ဘဝခရီးကြမ်း အဖုံဖုံကို ဖြတ်သန်းခဲ့ဖူးကြပြီး အထူးသဖြင့် စစ်ပွဲအတွင်းမှာ မတူညီတဲ့ ကိုယ်ပိုင် အတွေ့အကြုံများစွာ ရှိခဲ့ကြပါတယ်၊ အရင်ကတော့ တစ်ယောက်နဲ့ တစ်ယောက် မသိကြဘူး။ ဒါပေမယ့် တစ်ဦးစီတိုင်းကနေ သူ့ဘဝ၊ သူ့သားသမီးနှင့် ခင်ပွန်း၊ ဒါမှမဟုတ် သူရောက်လာတဲ့ နေရာဒေသတွေကို သူတို့ပြောပြတဲ့ သူတို့ဘဝ ဇာတ်ကြောင်းတွေကတစ်ဆင့် သိနိုင်ပါတယ်" ဟု ဟာနေဒီက ဆိုသည်။

ယခုအချိန်တွင် ဟာနေဒီ၏ အလုပ်ရုံတွင် အနုလက်ရာများဖြင့် ဖန်တီးထားသော အနုပညာခန်းမတွင် ခင်းကျင်းထားသည့် ပန်းချီကားတစ်ချပ်စီတိုင်းတွင် ပန်းချီဆရာ၏ ဇာတ်လမ်းကို စာတန်းလေးများဖြင့် စီခြယ်ထားသည်။

### စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများကို ဖြေရှင်းနိုင်

အဆိုပါပရော့ဂျက်သည် သင်တန်းသားများအား ခက်ခဲသောအချိန်များကို ဖြတ်ကျော်ကာ စစ်ပွဲနှင့် မိသားစုရေးရာများကြောင့် ဖြစ်ပေါ်လာသည့် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများကို ဖြေရှင်းနိုင်ခဲ့ကြသည်။

"ကျွန်မအပါအဝင် ဒီနေရာမှာရှိကြတဲ့သူတွေအားလုံးဟာ ကိုယ်ပိုင်အတွေးအခေါ်တွေ ဒါမှမဟုတ် ကိုယ့်ဘဝကို ဘယ်လိုရှုမြင်တယ်ဆိုတဲ့အပေါ်မှာ အခြေခံပြီးတော့ လျှောက်လှမ်းနိုင်ခဲ့ကြပြီ။ ဒါကြောင့် ဒီနေရာဟာ လူတွေကို ပံ့ပိုးကူညီပေးနေတဲ့ နေရာတစ်ခုလို့ မြင်ပါတယ်" ဟု ဟာနေဒီက ဆိုသည်။

အသက်သုံးဆယ်ကျော်အရွယ် ဆီးရီးယားအမျိုးသမီး မာနယ် မာဆွတ်သည် တစ်ချိန်က အိမ်တွင်းအကြမ်းဖက်မှုဒဏ်ကို ခံစားခဲ့ရပြီး ခင်ပွန်းဖြစ်သူက ဦးခေါင်းကို ရိုက်နှက်မှုကြောင့် မှတ်ဉာဏ်ဆုံးရှုံးသွားခဲ့သည်။ သို့သော် လအနည်းငယ်အကြာတွင် မှတ်ဉာဏ် ပြန်လည်ကောင်းမွန်လာခဲ့ပြီးနောက် ၎င်းသည် သန့်ရှင်းရေးလုပ်နေစဉ် လှေကားပေါ်မှ ပြုတ်ကျခြင်းဖြစ်သည်ဟု အဖြစ်အပျက်များကို လိမ်ညာပြောဆိုခဲ့သည့် ၎င်း၏ ခင်ပွန်းဖြစ်သူကိုလည်း ကွာရှင်းခဲ့သည်။

မာဆွတ်သည် သူမ၏ မကျေနပ်ချက်များကို လွတ်မြောက်စေရန် လှေကားပုံ ပန်းချီကားတစ်ချပ်ကို ပုံဖော်ရေးဆွဲခဲ့သည်။ ဒါကပင် သူ့အတွက် အဆိုးမြင်စိတ်များက လွတ်မြောက်စေခဲ့သည်။

### ဘဝမှာ ကိုယ်တစ်ယောက်တည်း မဟုတ်ပါလား

"ဒီနေရာဟာ နာကျင်မှုတွေကို ဖော်ပြနေတယ်၊ ကိုယ့်ဘဝအကြောင်း ကိုယ်ပြောပြနေတယ်ဆိုတာ ထက်ပိုပါတယ်။ ဘာလို့လဲဆိုရင် သူများတွေရဲ့ အကြောင်းကိုလည်း နားထောင်ပြီး ကိုယ့်ထက်ပိုနာကျင် ခံစားရတဲ့သူတွေ ရှိပါလားဆိုတာ သိလာနိုင်တယ်။ ပြီးတော့လည်း ဘဝမှာ ကိုယ်တစ်ယောက်တည်း မဟုတ်ပါလား ဆိုတာလည်း ခံစားရတယ်" ဟု ၎င်းကပြောသည်။

အမျိုးသမီးများအတွက် စွမ်းဆောင်နိုင်မှုနှင့် ပံ့ပိုးကူညီမှုသည် ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရန်အတွက် အရေးပါပြီး ယင်းပရော့ဂျက်တွင် ပါဝင်ခဲ့သူများအတွက် များစွာအဓိပ္ပာယ်ရှိကြောင်း ပရော့ဂျက်တွင် ပါဝင်သူ ဟာနန် ရာဒ်ဝမ် ပြောကြားသည်။

အမျိုးသမီးများသည် အိမ်တွင်းပုန်းနေရုံမဟုတ်ဘဲ တစ်စုံတစ်ဦးကို မှီခိုအားထားနေမည့်အစား ကိုယ်တိုင် ရပ်တည်နိုင်ရေးအတွက် ဘဝကို သတ္တိရှိရှိရင်ဆိုင်နိုင်ရန် တွန်းအားပေးနေကြောင်း အလုပ်ရုံ၏ ကနဦးရည်ရွယ်ချက်က မီးမောင်းထိုးပြသနေသည်။

**ကိုးကား – ဆင်ဟွာ**

❑ လွန်ခဲ့သောနှစ်အနည်းငယ်က ဆီးရီးယားနိုင်ငံ တောင်ပိုင်း ဆွီဒါမြို့ရှိ လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးဖြစ်သူ ခါလော့ဟာနေဒီသည် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုပြီး ပန်းချီကား၊ စားပွဲခင်း၊ ကော်ဇောများနှင့် အလှဆင်အနုပညာလက်ရာများကို ဖန်တီးသည့် ပရော့ဂျက်တစ်ခုကို စတင်

❑ အဆိုပါ ပရော့ဂျက်သည် သင်တန်းသားများအား ခက်ခဲသောအချိန်များကို ဖြတ်ကျော်ကာ စစ်ပွဲနှင့် မိသားစုရေးရာများကြောင့် ဖြစ်ပေါ်လာသည့် ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများကို ဖြေရှင်းနိုင်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၅ | ၂၅၂၅ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၂၉၃၀ |
| 95 Ron | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၅၅ | ၂၅၄၀ | ၂၅၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၇၉၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၈၂၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၂၅ | ၂၈၆၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၅၀ | ၂၉၆၅ | ၂၉၆၀ | ၂၈၅၅ | ၂၈၆၅ | ၂၉၀၀ | ၂၉၀၀ | ၂၉၀၅ | ၃၁၂၀ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၉၂ | ၂၃၇၁ |
| 95 Ron | ၂၃၇၆ | ၂၄၅၈ |
| HSD (500 ppm) | ၂၆၉၇ | ၂၇၈၀ |
| HSD (50 ppm) | ၂၇၇၁ | ၂၈၅၆ |
| HSD (10 ppm) | ၂၇၇၁ | ၂၈၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၁

**၂၀၂၂ ခုနှစ် ဝါတွင်းကာလ၌ နေပြည်တော်ကောင်စီနယ်မြေရှိ ပျဉ်းမနားမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများမှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်တွင် ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး၊ စစ်ရေးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ စစ်ဦးစီး အရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် အခမ်းအနားသို့ တက်ရောက် လာကြသူများက နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစက္ခဏာထံမှ ငါးပါး သီလခံယူ ဆောက်တည်ကြပြီး တပ်မတော် ( ကြည်း၊ ရေ၊ လေ ) မိသားစုများနှင့် စေတနာရှင် ပြည်သူများမှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ဆေးများအား ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၇၆၅၆၀၀၀၊ ဆန် ၈၅၅ အိတ် ပြည် ၂၀၊ ဆီ ၃၂၄ ပိဿာ၊ ၅၀ ကျပ်သား၊ ပဲ ၂၂၄၅ ပိဿာ၊ ဆား ၂၂၄၅ ပိဿာ၊ လက်သန့်ဆေးရည် ၉၁၂ ဘူးနှင့် တိုင်းရင်းဆေးမျိုးစုံ ၂၅၀၈ ဘူးတို့ဖြစ်ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၆၃၁၀၀၈၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## လက်ပံတန်းမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်လှစ်

**လက်ပံတန်း ဩဂုတ် ၂၁**

လက်ပံတန်းမြို့နယ်တွင် စပါးသီးနှံ၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်မှုအတွက် ဝန်ထမ်းများနှင့် တောင်သူများအား နည်းပညာပေး သင်တန်းကို ယနေ့နံနက်ပိုင်းက ချမ်းသာကုန်းကျေးရွာ စိုက်ပျိုးရေး ပညာပေးစခန်း၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး သာယာဝတီခရိုင်စိုက်ပျိုးရေး ဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မာမာအောင်က အမှာစကားပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးညဏ်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လယ်ယာကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးသီးနှံများ ရည်မှန်းချက်အတိုင်း အပြည့်အဝစိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ရာ ရာသီစိုက်ပျိုး သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးရေးနည်းပညာဆိုင်ရာများကို ဝန်ထမ်းများ နှင့် တောင်သူများကို သင်တန်းပို့ချခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဩဂုတ် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၅၆ ရာခိုင်နှုန်းရှိ

(၂၁–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၆) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၃) ဦးအနက် (၅) ဦး၊ (၁၅.၁၅) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၈) ဦး၊ (၈၄.၈၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၂၁–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၅) ဦး | (၁၅.၁၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၈) ဦး | (၈၄.၈၅) % |
| စုစုပေါင်း | (၃၃) ဦး | (၁၀၀) % |

- သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၆၇,၁၀၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၆၅၄) ဦး ရှိပြီ ဖြစ်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၂၃၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။
- ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၀–၈–၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၁၂,၇၆၆) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၂၈၀,၇၆၀) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၀–၈–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၁၂,၇၆၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၂၈၀,၇၆၀ |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၃၂၀ ၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ နှင့် သံတွဲမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၇၂ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၆၀၁၃ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၄၇ ဦး၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၄၆၉၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကလိန်အောင်မြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**ကလိန်အောင် ဩဂုတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့တွင် နိုင်ငံတော်မှ အသက် ငါးနှစ်မှ ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယမန်နေ့က ကလိန်အောင်မြို့အမှတ်(၃)ရပ်ကွက် အထက ကျောင်းဝင်းအတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အသက် ငါးနှစ်မှ အသက် ၁၈ အထိ ကိုဗစ်ကာကွယ်ဆေး မထိုးနှံရသေးသော ကျောင်းသား ကျောင်းသူ ၂၁၀ နှင့် အသက် ၁၈ နှစ်အထက်ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသော ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး၍ ကာကွယ်ဆေးထိုးနှံပေးပြီး ၆ လပြည့်ပြီးသူများအား Booster Dose ဆက်လက်ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့အုပ်ချုပ်ရေးမှူးအဖွဲ့ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ခင်လှဲ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**Bullet News ဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ** က အခြေခံဥပဒေပုဒ်မ ၃၉၈(ဂ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ ပြည်ထောင်စုဝန်ကြီးများနှင့် တန်းတူဖြစ်သည်ဟု ကြားသိရကြောင်း၊ သို့သော် အခြေခံဥပဒေပုဒ်မ ၄၀၀ တွင်မူ ဥပဒေကိုလိုအပ်သလိုရေးဆွဲနိုင်သည်ဟု ပါရှိကြောင်း၊ ဥပမာအနေဖြင့် မိမိပြောလိုသည်မှာ ရွေးကောက်ပွဲကော်မရှင်တစ်ခု၏ လက်ထက်တွင် ရွေးကောက်ပွဲကိုကျင်းပပေးခဲ့ပြီး ရွေးကောက်ပွဲအငြင်းပွားမှုခုံရုံး ပြုလုပ်သည့်အခါတွင် အခြားရွေးကောက်ပွဲကော်မရှင်တစ်ခု၏ လက်ထက်သို့ ရောက်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်ရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသည့် ဥပဒေများကို နောက်မှ တာဝန်ယူဆောင်ရွက်သည့် ရွေးကောက်ပွဲကော်မရှင်က သေသေချာချာ မလိုက်နာသည့်ပုံစံမျိုးဖြစ်နေကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းကို ရွေးကောက်ပွဲအငြင်းပွားမှု ပြီးဆုံးသည်အထိဟု သတ်မှတ်မည်ဆိုပါက ပို၍သင့်လျော်လိမ့်မည်ဟု ထင်မြင်မိကြောင်း၊ ထိုအချိန်တွင် ရွေးကောက်ပွဲကော်မရှင်အသစ်နှင့် အဟောင်းတို့အကြား Over Linking ဖြစ်ကောင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ သို့သော် ရွေးကောက်ပွဲကော်မရှင်အဟောင်းသည် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို ဖြေရှင်းရန်အတွက်သာဖြစ်သည်ဟု ဥပဒေကဲ့သို့အာဏာတည်သော အမိန့်တစ်ရပ်ထုတ်ပြန်၍ ဆောင်ရွက်မည်ဆိုပါက အဆင်ပြေနိုင်လိမ့်မည်ဖြစ်ကြောင်း။

ဒုတိယမေးခွန်းအနေဖြင့် မဲရုံတစ်ရုံတွင် မဲမသမာမှုလုပ်သည်ဟု စစ်ဆေးပေါ်ပေါက်ပါက ယင်းကိုပယ်ဖျက်ပြီး ဒုတိယလူက တက်ရမည်ဆိုသည့် အချက်ကို ဥပဒေတွင်လည်း အတိအလင်း ပြဋ္ဌာန်းထားကြောင်း၊ သို့သော် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ယခုအချုပ်ထဲရောက်နေသည့် ခုံရုံးအဖွဲ့များကို မိမိက နေရာ ၆ နေရာခန့်တွင် မဲမသမာမှုများ ဖြစ်ပေါ်နေသည်ဟု ပြောခဲ့ကြောင်း၊ သို့သော် ၎င်းတို့က "အဲဒီ ၆ နေရာလောက်က မဲရုံတွေမှာနိုင်တဲ့ မဲတွေအကုန်လုံးကို ဦးလှဆွေကို ပေးလိုက်တယ်ထားဦး၊ ကျန်တဲ့မဲရုံတွေက ရှုံးတဲ့အတွက် ဦးလှဆွေ ရှုံးတယ်" ဟု ပြောကြောင်း၊ မိမိကလည်း ထပ်မံအယူခံဝင်ခဲ့ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ် ၁၀၀ ဖြင့် အောင်မြင်သည့်သူနှင့် အမှတ် ၄၀ ဖြင့် အောင်မြင်သူရှိသည့်အနက် အမှတ် ၁၀၀ ဖြင့် အောင်မြင်သည့်သူက ငါးမှတ်တန် ပုစ္ဆာတစ်ပုဒ်ကို အဖြေခိုးချနေကြောင်း ပြောပြသည်ကို ဆရာက အဲဒီခိုးချတဲ့ ငါးမှတ်ကို နှုတ်လိုက်ဦး၊ ၉၅ မှတ် ကျန်တဲ့အတွက် ဂုဏ်ထူးမထွက်ရင်တောင်မှ အောင်သေးတယ်ဟု ပြောသကဲ့သို့ ဖြစ်နေကြောင်း၊ ထို့ကြောင့် ဦးလှဆွေ မဲရှုံးတယ်ဟု ၎င်းတို့က ပြောခဲ့ကြောင်း၊ မိမိဆိုလိုသည်မှာ ထိုကဲ့သို့ မဲလိမ်ခြင်း၊ မဲခိုးခြင်းကို တွေ့ရှိရပြီဆိုပါက ထိုသူကို ကျောင်းထုတ်ပစ်ရမည်ဖြစ်ကြောင်း၊ သို့သော် ထိုကဲ့သို့မလုပ်ခဲ့ကြောင်း၊ ယခုလာမည့် ရွေးကောက်ပွဲတွင် ဥပဒေအရ မည်သို့ပင်ဆိုစေကာမူဟုဆို၍ မဲရှုံးခြင်းများကို မဖြစ်ပေါ်စေဘဲ ဥပဒေအရ အမှန်တကယ် မဲလိမ်၊ မဲခိုးခြင်းဖြစ်ပါက မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိလိုကြောင်း။

နောက်ဆုံးမေးခွန်းအနေဖြင့် အခြေခံဥပဒေပုဒ်မ ၃၉၂ အရ မဲပေးခွင့်မရှိသူ ငါးမျိုးရှိသည်ဟု ဖော်ပြထားကြောင်း၊ ထိုသူများအထဲတွင် စိတ်ပေါ့သွပ်သူ၊ လူမွဲအဖြစ်ကြေညာထားသူ၊ ထောင်ကျနေသူ၊ တားမြစ်ခံရသူနှင့် သာသနာ့ဝန်ထမ်းများဟု ပါရှိကြောင်း၊ သာသနာ့ဝန်ထမ်းများနှင့် စိတ်ပေါ့သွပ်သူများ၊ ထောင်ကျနေသူများကို တစ်တန်းတည်းထားသကဲ့သို့ ဖြစ်နေကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သူ ရဟန်းသံဃာ စုစုပေါင်းအင်အား ငါးသိန်းခန့်ရှိသည်ဟု သိရကြောင်း၊ ထိုရဟန်းသံဃာများကို ၎င်းတို့အနေဖြင့် ဆန္ဒမဲပေးလိုက ပေးနိုင်သည်ဆိုသည့် ဥပဒေတစ်ရပ်ကို အမိန့်တစ်ရပ်အဖြစ် ပြဋ္ဌာန်းပေးမည်ဆိုပါက သံဃာတော်များအနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာကိုစောင့်ရှောက်လိုသည့် ပါတီများကို မဲပေးပိုင်ခွင့်ရရှိသွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် အဆိုပါမေးခွန်းများကို ပြန်လည်ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

> **"Closed List PR စနစ်မှာ ပါတီကိုသာ မဲပေးရသည့်စနစ်ဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များကိုမူ သိခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီမှာ ကန့်ကွက်ခြင်းခံရပြီး ကန့်ကွက်ချက်များမှာလည်း မှန်ကန်ကြောင်း ဆုံးဖြတ်မည်ဆိုပါက ထိုပါတီတစ်ခုလုံးရရှိသည့် ဆန္ဒမဲများမှာ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ကြောင်း၊ ထိုသို့ပယ်ဖျက်ပြီးပါက ထိုပါတီက ရရှိခဲ့သည့်ဆန္ဒမဲများကို နုတ်ပယ်၍ ခိုင်လုံမဲများအနက် ပယ်ဖျက်ခံရသည့်ပါတီ၏ ဆန္ဒမဲများကိုနုတ်ပယ်ပြီး ကျန်ရှိသည့် ဆန္ဒမဲများကို ကျန်ရှိသည့်ပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ အချိုးကျ ရရှိသည့်အတိုင်း ကိုယ်စားလှယ်များ ရရှိနိုင်မည်ဖြစ်ကြောင်း"**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က မေးခွန်းသုံးခုအနက် ပထမမေးခွန်းဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့် ခုံရုံးများနှင့်စစ်ဆေးသည့်ကိစ္စကို ပြန်လည်ဖြေကြားရမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ရွေးကောက်တင်မြှောက်ခြင်းအခန်း ၉ တွင် ပါဝင်ကြောင်း၊ ပုဒ်မ ၃၉၈ (က)တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း ပါဝင်ကြောင်း၊ ၎င်းဖွဲ့စည်းပုံမှာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တူသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅ (က) တွင်လည်း ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပြောရမည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့်အတူဖြစ်ကြောင်း၊ အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၆ တွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ နိုင်ငံတော်သမ္မတ၏သက်တမ်းနှင့် အတူတူဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့သော် နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းခြင်းမပြုမီအချိန်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဟောင်းကသာ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သာမန်အားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့် အတူတူပင်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို စတင်ခန့်အပ်သည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်း၍ ကန့်ကွက်လွှာများကိုစစ်ဆေးရာတွင် ၂၀၁၀ ပြည့်နှစ်တွင် ကန့်ကွက်လွှာအမှု ၂၉ မှုသာ ရှိခဲ့ကြောင်း၊ အဆိုပါအမှုများ စစ်ဆေးပြီးစီး၍ ရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းရာတွင် စစ်ဆေးပြီးအမှု တစ်မှု၊ ရုပ်သိမ်းသွားသည့်အမှု တစ်မှုရှိခဲ့သည့်အတွက် ကျန်ရှိသည့် အမှု ၂၇ မှုကို ရွေးကောက်ပွဲကော်မရှင်အသစ်ထံ ထပ်မံလွှဲပြောင်းပေးခဲ့ရကြောင်း၊ အလားတူ ၂၀၁၅ ခုနှစ်တွင် ကန့်ကွက်လွှာအမှု ၄၅ မှုရှိခဲ့ကြောင်း၊ ထိုအမှုများအနက် စစ်ဆေးပြီးစီးသည့်အမှု သုံးမှု ရှိခဲ့သည့်အတွက် ရွေးကောက်ပွဲကော်မရှင်အသစ်ထံ အမှု ၄၂ မှု ကို လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်အမှုများကို ရွေးကောက်ပွဲကော်မရှင်အသစ်က ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ အထက်ပါလုပ်ငန်းစဉ်များတွင် ခုံရုံးများဖွဲ့စည်းခြင်း၊ ကန့်ကွက်လွှာများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ အယူခံများ တင်သွင်းခြင်း၊ ပြင်ဆင်မှုများ စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း စသည့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် တွေ့ကြုံရသည့် အတွေ့အကြုံများအရ အထက်ပါလုပ်ငန်းစဉ်များမှာ အချိန်ကာလ နှစ်နှစ်ခန့်အထိ ကြာမြင့်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်အဟောင်းက နှစ်နှစ်ခန့်ထပ်မံ၍ လုပ်ငန်းများလုပ်ဆောင်နေမည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်နှစ်ခု ဖြစ်နေမည်ဖြစ်သောကြောင့် အဆင်မပြေနိုင်ကြောင်း။

ထို့ပြင် အမှုများကိုပြီးပြတ်အောင် ဆောင်ရွက်ရန်အတွက်မှာလည်း လက်တွေ့တွင် မလွယ်ကူကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှုပေါင်း ၂၈၇ ခုကျော်ရှိခဲ့ကြောင်း၊ ထိုကဲ့သို့ အမှုများ များပြားသောကြောင့် အဆင်ပြေနိုင်သည့် အခြေအနေမရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကော်မရှင်ဥပဒေ သတ်မှတ်ချက်များအတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင်လည်း အကောင်းဆုံး၊ အတတ်နိုင်ဆုံး ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြောကြားသည်။

ဒုတိယမေးခွန်းဖြစ်သည့် မဲမသမာမှုများနှင့် ပတ်သက်၍ ကန့်ကွက်လွှာများကို ဆုံးဖြတ်သည့် အပိုင်းကို ဖြေကြားရလျှင် မဲမသမာမှုကို ကျူးလွန်ပါက ကျူးလွန်သူကိုပယ်၍ ဒုတိယလူကို ရွေးချယ်ရမည့်သဘောရှိကြောင်း၊ ဥပဒေသဘောတရားအရ ထိုအနေအထားမျိုးဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် Closed List PR စနစ်ကို အသုံးပြုမည်ဖြစ်သောကြောင့် ရွေးကောက်ပွဲကန့်ကွက်လွှာများမှာ ပို၍ အရေးကြီးကြောင်း၊ ထိုကိစ္စကို ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ Closed List PR စနစ်မှာ ပါတီကိုသာ မဲပေးရသည့် စနစ်ဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များကိုမူ သိခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီမှာ ကန့်ကွက်ခြင်းခံရပြီး ကန့်ကွက်ချက်များမှာလည်း မှန်ကန်ကြောင်း ဆုံးဖြတ်မည်ဆိုပါက ထိုပါတီတစ်ခုလုံးရရှိသည့် ဆန္ဒမဲများမှာ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ကြောင်း၊ ထိုသို့ပယ်ဖျက်ပြီးပါက ထိုပါတီကရရှိခဲ့သည့်ဆန္ဒမဲများကို နုတ်ပယ်၍ ခိုင်လုံမဲများအနက် ပယ်ဖျက်ခံရသည့်ပါတီ၏ ဆန္ဒမဲများကိုနုတ်ပယ်ပြီး ကျန်ရှိသည့်ဆန္ဒမဲများကို ကျန်ရှိသည့်ပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ အချိုးကျရရှိသည့်အတိုင်း ကိုယ်စားလှယ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတင်ပြလိုသည်မှာ ကန့်ကွက်လွှာများဖြစ်ပေါ်လာပြီး မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိပါက မဲဆန္ဒနယ်တစ်ခုလုံးမှ ကိုယ်စားလှယ်များအားလုံး ဆုံးရှုံးသွားမည်ဖြစ်ပြီး ပယ်ဖျက်ခံရမည်ဖြစ်သောကြောင့် PR စနစ်ဖြင့်ကျင်းပမည်ဖြစ်သည့် နောင်လာမည့် ရွေးကောက်ပွဲများတွင် မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများ လုပ်ဆောင်မည်ဆိုပါက များစွာထိခိုက်နစ်နာနိုင်မည်ဖြစ်သည့်အတွက် ထိုကိစ္စများကို သတိပြုရှောင်ရှားကြစေလိုကြောင်း ပြောကြားသည်။

တတိယမေးခွန်းဖြစ်သည့် မဲပေးပိုင်ခွင့်နှင့် ပတ်သက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၂ (က)တွင် မဲပေးပိုင်ခွင့်မရှိသူများ စာရင်းတွင် သာသနာ့ဝန်ထမ်းများဟူ၍ ပါဝင်ကြောင်း၊ အလားတူ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇ တွင်လည်း သာသနာ့ဝန်ထမ်းများသည် မဲပေးပိုင်ခွင့်မရှိဟု ပါဝင်ကြောင်း၊ ထိုကိစ္စမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များဖြစ်သည့်အတွက် ထိုပြဋ္ဌာန်းချက်များနှင့် အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့် ရရှိနိုင်မည်မဟုတ်ကြောင်း၊ သို့သော် ထူးခြားချက်အနေဖြင့် ထိုဥပဒေများတွင် သာသနာ့ဝန်ထမ်းနှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း ပါဝင်ကြောင်း၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ စသည့်ဘာသာများ ပါဝင်ကြောင်း၊ ထိုအထဲတွင် ဟိန္ဒူဘာသာဆိုပါက ပို၍ပြည့်စုံစေရန် အကျုံးဝင်သည့်စာရင်းများကို ပြည့်ပြည့်စုံစုံ ဖြည့်စွက်ထားကြောင်း၊ အစ္စလာမ်ဘာသာဆိုလျှင် မပါဝင်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*


ဦးလှဆွေ
Bullet News ဂျာနယ်


ဦးကျော်မျိုးမင်း
NP News သတင်းဌာန


နောင်တော်လေး
Myanmar National Post


ဦးဝင်းဦး
NHP သတင်းဌာန


ဦးအောင်ထူးထက်
General Life သတင်းဌာန


ဦးကျော်စိုးဦး
People News Agency

*စာမျက်နှာ ၁၆ မှ*

သာသနာ့ဝန်ထမ်းများကို ပြည့်ပြည့်စုံစုံဖြစ်စေရန် ထပ်မံထည့်သွင်းထားကြောင်း၊ သာသနာ့ဝန်ထမ်းများအားလုံးမှာ မဲပေးခွင့်ရရှိမည် မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း** က ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲ သုံးကြိမ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနည်းဆုံး တစ်နှစ်ခန့် ကြိုတင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစည်းအဝေးများပြုလုပ်၍ တိုင်ပင်ခြင်းများဆောင်ရွက်ခဲ့သည်ဟု သိရကြောင်း၊ မဲစာရင်းပေးမည့် စာရွက်များကို ပုံနှိပ်သည့်လုပ်ငန်းများအတွက်လည်း ကြိုတင်ပြင်ဆင်ရသည်ဟု သိရကြောင်း၊ ယခုအချိန်တွင် ကြိုတင်ပြင်ဆင်မှုများ စတင်လုပ်ဆောင်နေခြင်းရှိ၊ မရှိ သိလိုကြောင်း၊ အကယ်၍ လုပ်ငန်းများစတင်ရခြင်း မရှိသေးပါကလည်း ၂၀၂၃ ခုနှစ်တွင် ကျင်းပမည်ဟုဆိုသည့် ရွေးကောက်ပွဲအတွက် အချိန်ကာလမှာ Limit ဖြစ်နေသည်ကို တွေ့ရကြောင်း၊ မည်သည့်အတွက်ကြောင့် လုပ်ငန်းများစတင်ခြင်းမရှိသေးသည်ကို သိလိုကြောင်း၊ ယခုလက်ရှိ မိမိတို့နိုင်ငံတွင် နိုင်ငံရေးပါတီ ၉၀ ကျော်ရှိသည့်အနက် အချို့သောပါတီများမှာ ပါတီဝင်အရေအတွက် အနည်းငယ်ဖြင့် ပါတီထူထောင်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသည်ကို တွေ့ရကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ပါတီဝင်အရေအတွက်ကို ကန့်သတ်သွားမည်ဆိုသည့် သတင်းများကိုလည်း ကြားနေရကြောင်း၊ အကယ်၍ ကန့်သတ်ရန် အစီအစဉ်ရှိပါက ပါတီဝင်အရေအတွက်မည်မျှရှိလျှင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်၊ သတ်မှတ်ထားသည့် ပါတီဝင်အရေအတွက်မပြည့်မီပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဟုဆိုသည့် ကန့်သတ်ချက်မျိုး ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယခုမေးခွန်းကို မေးမြန်းသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ရွေးကောက်ပွဲပြင်ဆင်မှုအပိုင်းနှင့် ပတ်သက်သည့် မေးခွန်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးမေးမြန်းခဲ့သကဲ့သို့ ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများကို လွှတ်တော်သက်တမ်းများအလိုက် ပုံမှန် Circulation အရ ဆောင်ရွက်ရသည့် ရွေးကောက်ပွဲများဖြစ်ကြောင်း၊ အဆိုပါရွေးကောက်ပွဲများအတွက် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲအကြိုကာလ ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလ လုပ်ငန်းစဉ်များဟူ၍ ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအတိုင်း Timeline များ၊ Schedule များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ယခုကျင်းပမည့် ရွေးကောက်ပွဲမှာမူ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးကျင်းပရမည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မည်သို့ပင်ဖြစ်စေကာမူ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် အရေးကြီးသည့် အချက်များမှာ ဥပဒေမူဘောင်များ၊ ဥပဒေများ၊ နည်းဥပဒေများဖြစ်ကြောင်း၊ ထိုကိစ္စများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ကိစ္စများကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သော်လည်း အချို့ကိစ္စများမှာမူ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အခြားတစ်ခုမှာ အရေးကြီးကိစ္စတစ်ခုဖြစ်သည့် Civic and Voter Education ကိစ္စများကိုလည်း ဆောင်ရွက်ထားကြောင်း၊ ယခုလတ်တလောတွင် ဥပဒေပြဋ္ဌာန်းရခြင်းမရှိသေးသောကြောင့်ဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးစီးပါက တစ်ပြိုင်နက်တည်း ဥပဒေနှင့်အတူ Follow Up လုပ်မည်ဖြစ်ကြောင်း။

အရေးအကြီးဆုံးကိစ္စတစ်ခုမှာ မဲစာရင်းဖြစ်ကြောင်း၊ ထိုမဲစာရင်းကိစ္စကိုလည်း မိမိမကြာခဏတင်ပြခဲ့ကြောင်း၊ မဲစာရင်းများပြုစုရာတွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိနိုင်ရန်အတွက် အလေးထား၍ဆောင်ရွက်နေကြောင်း၊ ထိုကိစ္စဆောင်ရွက်နေသည်မှာ အချိန်အတော်ကြာပြီဖြစ်ကြောင်း၊ အရေးကြီးကိစ္စဖြစ်သည့်အတွက် အချိန်ယူ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အတော်ခရီးရောက်နေပြီဖြစ်ကြောင်း၊ Up-Date လုပ်၍ ဆက်လက်ဆောင်ရွက်ရမည့်အပိုင်းသာ ကျန်တော့ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ရွေးကောက်ပွဲကို ခြောက်လအတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ခြောက်လအတွင်း ရွေးကောက်ပွဲများကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ဆောင်ရွက်ရမည့်အနေအထားသို့ ရောက်ရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သတ်မှတ်ချက်နှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ပါတီများနှင့်ပတ်သက်ပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီများအနေဖြင့် အဆင့်အတန်းနှင့် အရည်အသွေးပိုမိုမြင့်မားသည့်ပါတီများ ဖြစ်စေရန်အတွက် ပါတီဝင်အင်အားနှင့် ပါတီရန်ပုံငွေအင်အား တောင့်တောင့်တင်းတင်းရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပါတီရုံးခန်းများလည်း စနစ်တကျရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် ကိုယ်စားလှယ်လောင်းအရေအတွက် ပိုမိုများပြားလာမည့် သဘောသဘာဝရှိကြောင်း၊ ထိုအချက်အလက်များကို ကြိုတင်မျှော်တွေး၍ ဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးပါက အချိန်နှင့် တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး** က မိမိမေးလိုသည့် အကြောင်းအရာနှင့်ပတ်သက်၍ UEC ၏ Website တွင်လည်း ဖော်ပြထားကြောင်း၊ နိုင်ငံရေးပါတီများက ၎င်းတို့၏ နိုင်ငံရေးသဘောထားနှင့် ရပ်တည်ချက်၊ လုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံများ ရေးဆွဲထားသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ရေးဆွဲထားသည့် လုပ်ငန်းစဉ်များနှင့် မူဝါဒများကို လိုက်နာရန်ပျက်ကွက်ပါက UEC အနေဖြင့် မည်ကဲ့သို့သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ကို သိလိုကြောင်း၊ NLD ပါတီတစ်ခုတည်းသာမကဘဲ နိုင်ငံရေးပါတီများအားလုံးကို စစ်ဆေးတွေ့ရှိချက်များအပေါ် UEC အနေဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က သတင်းထောက်ကြီးမေးမြန်းခဲ့သကဲ့သို့ UEC အနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယအပတ်မှစတင်၍ နိုင်ငံရေးပါတီများကို စစ်ဆေးခဲ့ကြောင်း၊ အချိန်ကာလတစ်နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ ထိုကာလအတွင်း တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိသည့်အနက် ၈၅ ပါတီကို စစ်ဆေးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် နိုင်ငံရေးပါတီခုနစ်ပါတီကိုလည်း စစ်ဆေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်ကွက်သည့်ပါတီများကို ယာယီတစ်နှစ် ရပ်ဆိုင်းခဲ့ခြင်းများလည်း ရှိကြောင်း၊ ကျန်ရှိနေသည့်ပါတီများကိုလည်း အခြေအနေအပေါ်မူတည်၍ သတ်မှတ်ချက်နှင့်အညီ အစစ်ဆေးခံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများတွင် ပါတီဖွဲ့စည်းပုံ စည်းမျဉ်း၊ စည်းကမ်းများရှိကြောင်း၊ ထိုစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ ပျက်ကွက်ခြင်းတို့ကို ကျူးလွန်ပါက မည်ကဲ့သို့ အရေးယူသွားမည်ကို မေးမြန်းလိုသည်ဟု ထင်ကြောင်း၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့်ဥပဒေမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေသာဖြစ်ကြောင်း၊ ထိုဥပဒေတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်ပျက်ကွက်ပါက UEC အနေဖြင့် အချိန်ကာလတစ်ခု သတ်မှတ်၍ ပျက်ကွက်ချက်ကို သတ်မှတ်ထားသည့်ကာလအတွင်းဆောင်ရွက်ရန် အသိပေးမည်ဖြစ်ကြောင်း၊ သို့သော် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း၊ ထပ်မံ၍ လိုက်နာဆောင်ရွက်ခြင်း မရှိသေးပါက အပြီးအပိုင်ပယ်ဖျက်ခြင်းများလည်း ရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း။

အလားတူ ပါတီများ ရပ်တည်ပိုင်ခွင့်မရှိသည့် ကိစ္စများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂(က) နှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၅ တို့တွင် ပါဝင်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်သည်ဟု တိတိကျကျစစ်ဆေးတွေ့ရှိပါက ထိုပါတီမှာ ရပ်တည်ပိုင်ခွင့်ရရှိတော့မည် မဟုတ်ကြောင်း၊ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ပိုင်ခွင့်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်သည့် UEC က ထိုပါတီကို ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံရေး ပါတီတစ်ခုအနေဖြင့် ၎င်း၏ ရပ်တည်ပိုင်ခွင့်မရှိသည့်အချက်နှင့် ငြိစွန်းပါက ပါတီဖျက်သိမ်းခံရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေတွင် ပါဝင်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ နှင့် ၄၀၈ တို့တွင်လည်း ပါဝင်ကြောင်း၊ အခြားတစ်ခုမှာ ပုဒ်မ ၂၃ အရ သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့်အမိန့်များကို ထုတ်ပြန်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပုဒ်မ ၂၄ (က)၊ (ခ)၊ (ဂ)၊ (ဃ) တို့နှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်၍ရကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြောလိုကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး** က အစောပိုင်းတွင် ဆရာပြောကြားခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေမှာ ရာခိုင်နှုန်း မည်မျှရေးဆွဲပြီးဖြစ်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က အသစ်ရေးဆွဲနေသည့်ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် Concern အဖွဲ့အစည်းဖြစ်သည့် မိမိတို့က ဥပဒေကို Initiate လုပ်၍ မူကြမ်းများကို ရေးဆွဲကြောင်း၊ ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနတွင် ထိုဥပဒေများနှင့်ပတ်သက်၍ စိစစ်ခြင်းများ ဆောင်ရွက်ကြောင်း၊ ပြီးမှသာ ဥပဒေပြုနိုင်သည့် Authority ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ဥပဒေပြုရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်ခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးစီးပါက အမြန်ဆုံး အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး** က မိမိအနေဖြင့် ဒီမိုကရေစီခေတ်ပြောင်းကာလတွင် တပ်မတော်အစိုးရက ကျင်းပပေးခဲ့သည့် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲ USDP အစိုးရက ကျင်းပပေးသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် NLD အစိုးရက ကျင်းပပေးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတို့ကို သတင်းယူရင်း ဖြတ်သန်းခဲ့ကြောင်း၊ မိမိ၏ တွေ့ရှိချက်များကို ပြောရမည်ဆိုပါက တပ်မတော်အစိုးရက ကျင်းပပေးခဲ့သည့်

*စာမျက်နှာ ၁၈ သို့*

# မွန်ပြည်နယ်အတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးဆွေးနွေး

**မော်လမြိုင် ဩဂုတ် ၂၁**

မွန်ပြည်နယ်အတွင်း သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်၍ ကြိုတင် ကာကွယ်နိုင်ရေးနှင့် အရေးပေါ်တုံ့ပြန် နိုင်ရေးအတွက် မွန်ပြည်နယ် သဘာဝ ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော် လင်းထွန်းက မွန်ပြည်နယ်တွင် လေဘေး၊ ရေဘေး၊ မြေပြိုဘေး၊ ကမ်းပြိုဘေးနှင့် မိုးကြိုးဘေးဖြစ်စဉ်များ ဖြစ်ပွားလေ့ ရှိပြီး ဖြစ်စဉ်များအလိုက် လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့နှင့် ယင်းအောက်ရှိ လုပ်ငန်းကော်မတီ ၁၁ ခုတို့ကို စနစ်တကျဖွဲ့စည်းထားရှိပြီး ဖြစ်ကာ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ခွဲဝေပေးထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ဆိုသည်မှာ ကြိုတင်မှန်းဆ၍ မရနိုင်ဘဲ အချိန်အခါ မရွေး ဖြစ်ပေါ်လာနိုင်သည့်အတွက် သက်ဆိုင်ရာဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့ အစည်းများအနေဖြင့် ရှာဖွေကယ်ဆယ် ခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်း၊ အသိပညာ ပေးခြင်းလုပ်ငန်းများကို အမြဲမပြတ် ကြိုတင်ပြင်ဆင်စီမံထားရှိကြရန် လိုအပ် သလို ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ထားရှိကြရန် လိုကြောင်း ပြောကြားသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်များတွင် သဘာဝဘေးဖြစ်ပွားသည့် ဖြစ်စဉ်များ အနေဖြင့် ၂၀၁၈ ခုနှစ်တွင် ထူးကဲဒီရေ မြင့်တက်မှုကြောင့် ရေလွှမ်းမှု၊ ရေကြီး နစ်မြုပ်မှုနှင့် မြေထိန်းနံရံပြိုကျမှု၊ ၂၀၁၉ ခုနှစ်တွင် တောင်ပြိုကျမှု၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် မြေပြိုကျမှု၊ ရေကြီးမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ကာကွယ်နိုင်ရေးနှင့် အရေးပေါ်တုံ့ပြန် နိုင်ရေးလုပ်ငန်းများကို မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့၏ ဦးဆောင်မှုဖြင့် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးနိုင် ခဲ့သည့်အပြင် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေ များနှင့် ထောက်ပံ့ရေးပစ္စည်းများ ကူညီ ထောက်ပံ့ပေးခြင်းနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း၊ မြို့နယ်များအနေဖြင့်လည်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံ ချက်များရေးဆွဲပြီး စနစ်တကျဆောင်ရွက် ထားရှိရန်နှင့် ဖြစ်ပွားလာပါက ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်း ဆောင်ရွက်ခြင်းနှင့် လိုအပ်သည်များ ကူညီခြင်းကို အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြည်နယ် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။




ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ ၁၁ ခု၏ အတွင်းရေးမှူးများက လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီး များက သုံးသပ်ဖြည့်စွက်တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်**

**(ပြန်/ဆက်)**

*စာမျက်နှာ ၁၇ မှ*

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် USDP အစိုးရက ကျင်းပပေးသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့ တွင် မိမိတို့လို သတင်းမီဒီယာသမားများအတွက် လွတ်လပ်စွာသတင်းရယူခွင့် ရရှိခဲ့ကြောင်း၊ NLD အစိုးရက ကျင်းပပေးခဲ့သည့် ၂၀၂၀ ပြည့်နှစ် NLD လက်ထက်ပြုလုပ်ပေးသည့် ရွေးကောက်ပွဲတွင် မိမိတို့တွင်ကန့်သတ်မှုများ အများအပြားရှိခဲ့ပြီး သတင်းရယူခွင့် လွတ်လပ်ခွင့်မရှိခဲ့ပါကြောင်း၊ အဆင့်အမျိုးမျိုးဖြတ်သန်းခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းသမားများကို မေးသည့်အတွက် မိမိဖြေခဲ့ ပါကြောင်း၊ မိမိမေးလိုသည်မှာ UEC အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြုလုပ်မည့် လာမည့်ရွေးကောက်ပွဲတွင် သတင်းမီဒီယာများ အား ရွေးကောက်ပွဲသတင်းကို မည်မျှအထိ သတင်း လွတ်လပ်ခွင့်၊ သတင်းရယူသည့်နေရာတွင် လွတ်လပ်စွာ ရယူခွင့်ပြုပေးနိုင်မည်၊ ကန့်သတ်မှု များလည်း NLD အစိုးရက လုပ်သကဲ့သို့ ကန့်သတ်မှု များ လုပ်သွားမည်ကို သိလိုပါကြောင်း မေးမြန်း သည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ အများယုံကြည် သည့် ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် မီဒီယာများကို သတင်းယူခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုမည် လည်း ဖြစ်ပါကြောင်း၊ မီဒီယာများ သတင်းယူခွင့် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မီဒီယာ များသည် လွတ်လပ်စွာ သတင်းရယူခွင့်ရှိသကဲ့သို့ မဲပေးသည့် မဲဆန္ဒရှင်၊ မဲရုံတွင် တာဝန်ထမ်းဆောင် နေသည့်သူများ၏ ဆောင်ရွက်ချက်များကို မထိ ခိုက်ရန်လည်း လိုပါကြောင်း၊ လွတ်လပ်စွာ ဆန္ဒမဲပြု ခွင့်ကိုလည်း နှောင့်ယှက်မှုပြု၍မရပါကြောင်း၊ ယင်း သို့ လိုအပ်ချက်များနှင့် အဆင်ပြေစေမည့် အနေ အထားကို မိမိတို့ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ပြုလုပ်ရာတွင် ပြည်တွင်း/ပြည်ပ မီဒီယာ များလည်းရှိကြောင်း၊ ပြည်တွင်းမီဒီယာများအနေ ဖြင့် သတင်းရယူမည့် ကော်မရှင်အဖွဲ့ခွဲများသို့ လျှောက်ထားပြီး မီဒီယာအသိအမှတ်ပြုမှု ကတ်ရယူ ရမည်ဖြစ်ကြောင်း၊ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာနှင့် ဆက်သွယ်ပြီး ဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမီဒီယာများလည်း ပြန်ကြားရေးနှင့် ဆက်သွယ်ပြီး စိစစ်မှုခံယူကာ အသိအမှတ်ပြုကတ်ပြုလုပ်ပြီး သတ်မှတ်ချက်နှင့် အညီ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သတင်း ယူခွင့်ပြုမည်ဖြစ်ကြောင်းနှင့် စည်းမျဉ်းစည်းကမ်း နှင့်အညီ မီဒီယာလွတ်လပ်ခွင့်လည်းရှိသကဲ့သို့ မဲဆန္ဒရှင်နှင့် မဲရုံဝန်ထမ်းများ လုံခြုံရေးထိခိုက်မှု မရှိအောင် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **NHP သတင်းဌာနမှ ဦးဝင်းဦး** က ပြည်တွင်း/ပြည်ပ လေ့လာစောင့်ကြည့်သူများ ကို UEC အနေဖြင့် မည်ကဲ့သို့ message ပေးလို သည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ လေ့လာသူများ (Observer) အပိုင်းကို ယခင်ရွေး ကောက်ပွဲများတွင်လည်း ခွင့်ပြုခဲ့ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စနစ်တကျ ခွင့်ပြုပေးရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်း ဖြေကြားသည်။

**General Life သတင်းဌာနမှ အယ်ဒီတာ ဦးအောင်ထူးထက်** က ရွေးကောက်ပွဲတစ်ခုတွင် ရွေးကောက်ပွဲအသိပညာပေး လုပ်ငန်းများကို ရွေးကောက်ပွဲကော်မရှင်က လုပ်ပေးသွားပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က အသိပညာပေးလုပ်ငန်း များလုပ်သည့်အခါတွင် နိုင်ငံပိုင်သတင်းစာ၊ နိုင်ငံပိုင် ရုပ်သံမီဒီယာများမှတစ်ဆင့် လုပ်ပါကြောင်း၊ မြေပြင် တွင် သတင်းစာနှင့်ဝေးနေသည့် လူတန်းစားများ ရှိကြောင်း၊ TV က ပေးသည့် message ကို မကြည့် ဘဲ ကိုရီးယားကားများကိုသာ ကြည့်နေသည့် လူတန်းစားများလည်းရှိကြောင်း၊ အကုန်လုံးကို မလွှမ်းခြုံနိုင်သည်ကိုတွေ့ရပါကြောင်း၊ ရွေးကောက်ပွဲ ပညာပေးနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်သည့် ပညာပေးလုပ်ငန်းစဉ်ကို ယခုအချိန်တွင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း Civic and Voter Education သည် အရေးကြီးပါကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲသည် PR စနစ်ဖြင့် ကျင်းပမည် ဖြစ်သည့်အတွက် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည်များကို ပိုမိုအသိပညာပေးရန် လိုပါကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင်နှင့် ပြည်သူ လူထုကို အသိပညာပေးနိုင်ရန်အတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်မှုများလည်းရှိကြောင်း၊ သတင်း ထောက်ကြီး ပြောသကဲ့သို့ State Media များသည် မိမိတို့အတွက် အဆင်အပြေဆုံးနှင့် အလွယ်ကူဆုံး ဆောင်ရွက်နိုင်သည့်ကိစ္စဖြစ်ပြီး ပျံ့နှံ့မှုကောင်းပါ ကြောင်း၊ State Media များဖြစ်သည့် TV၊ သတင်း စာ၊ ရေဒီယိုများမှလည်း ပုံမှန်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ယခုအခါ တချို့သတင်းစာများတွင် ဆောင်းပါးများထည့်ပြီး ဆောင်ရွက်နေပါကြောင်း၊ အလားတူ ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးများကိုလည်း Civic and Voter Education စပြီး လုပ်နေပါကြောင်း၊ ထိုကဲ့သို့ လုပ်နေသည့်အဖွဲ့များက ၎င်းတို့နယ်မြေအလိုက် ဆောင်ရွက်ခြင်းတစ်ပိုင်း ရှိပါကြောင်း၊ ယင်းနည်း ဖြင့် တစ်ခုလုပ်မည်ဖြစ်ပါကြောင်း၊ အလားတူ ပါတီများက ယင်းတို့ပါတီအလိုက် ဆောင်ရွက်ခြင်း များရှိကြောင်း၊ ကိုယ်စားလှယ်လောင်းများကလည်း ယခင်ကတည်းကတိုင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပါကြောင်း၊ အလားတူ Neutral ဖြစ်သည့် CSO အဖွဲ့များ၊ တခြားနည်းဖြစ်သည့် ပျံ့နှံ့မှုအားကောင်းသည့် မီဒီယာကတစ်ဆင့် လုပ်ဆောင်ခြင်းသည် ပိုပြီးထိရောက်နိုင်ခြင်း ကြောင့် နည်းမျိုးစုံဖြင့် ရွေးကောက်ပွဲအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဥပဒေ/ နည်းဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက အသင့်စီစဉ်ထားသည့် အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **General Life သတင်းဌာနမှ ဦးအောင်ထူးထက်** က ယခင်ရွေးကောက်ပွဲများတွင် မြေပြင်သတင်းရယူခြင်း၊ ရွေးကောက်ပွဲအကြို ကာလ သတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ပါ ကြောင်း၊ Observer များ အပိုင်းနှင့် သက်ဆိုင်ရာ နယ်မြေအလိုက် ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အသိပညာ ပေးလုပ်ငန်းစဉ်တွင် အခြေခံတကျမဟုတ်ဘဲ ပညာပေးလမ်းစဉ် လွဲချော်နေခြင်းများကို တွေ့ရပါ ကြောင်း၊ ဆိုလိုခြင်းမှာ မဲဆန္ဒရှင်က မဲကို မည်သို့ ထည့်ရမည့်အဆင့်ကို ကျော်လွန်ပြီး ၎င်းတို့အားပေး လိုသည့် ပါတီတစ်ခုခုကိုထည့်ရန်ဆိုသည်မျိုး ပကတိမြေပြင်အခြေအနေတွင် တွေ့ရပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်အနေ ဖြင့် ဥပဒေ/နည်းဥပဒေတစ်ခုခုဖြင့် ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ရန်၊ အကယ်၍ ယခုအချိန် တွင် ပေါ်ပေါက်ခဲ့ပါက မည်သို့ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်း သည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က အပိုင်းနှစ်ပိုင်းရှိပြီး တစ်ပိုင်းမှာ Civic and Voter Education မဲဆန္ဒရှင် အသိ ပညာပေးခြင်းလုပ်ငန်း၊ ဒုတိယတစ်ခုမှာ မဲဆွယ် စည်းရုံးခြင်းလုပ်ငန်း ဖြစ်ပါကြောင်း၊ ကာလတစ်ခု ရောက်ပါက မဲဆွယ်စည်းရုံးခွင့်ပေးရခြင်းများ ရှိကြောင်း၊ မဲဆွယ်စည်းရုံးခြင်းကာလတွင် မိမိပါတီ၊ မိမိကိုယ်စားလှယ်ကိုပေးရန်ကိစ္စ၊ စည်းရုံးဟောပြော ခြင်းများကို မြေပြင်တွင် ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့် ကာလတစ်ခုတည်းတွင် သတင်းထောက်ကြီးပြောသည့် ကိစ္စမျိုးရှိနိုင် ကြောင်း၊ မဲဆွယ်စည်းရုံးခြင်း ဆောင်ရွက်မည့် ပုဂ္ဂိုလ်များသည် သတ်မှတ်ထားသည့် မဲဆွယ် စည်းရုံးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အတူ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ Civic and Voter Education ပေးသည့်သူများသည် သမာသမတ် ရှိရှိ ပေးရမည်ဖြစ်ပါကြောင်း၊ Civic and Voter Education ပေးရင်း မဲဆွယ်စည်းရုံးသလိုဖြစ်၍ မရပါကြောင်း၊ ထို့ကြောင့် ယင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်အောင် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**People News Agency မှ ဦးကျော်စိုးဦး** က နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း အသစ်ရေးဆွဲထား ခြင်းနှင့်ပတ်သက်ပြီး ရှေ့တွင်ရှင်းပြခဲ့သည်ကို ကြားသိခဲ့ရပါကြောင်း၊ ဥပဒေအသစ်များ ၊ နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာများနှင့် ပတ်သက် ပြီး တရားဝင်နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် အစီအစဉ်၊ ယင်းတို့၏ အကြံဉာဏ်ကို နားထောင် သွားရန် ရှိ / မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်း ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စုစုပေါင်း လေးကြိမ်တွေ့ဆုံပြီး ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီအများစု တက်ရောက် ပါကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် ဖြစ်ပေါ် ခဲ့သည်များကို သုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲ မည်ကဲ့သို့ကောင်းအောင် လုပ်မည်ဆိုသည်က တစ်ပိုင်း၊ မြန်မာနိုင်ငံနှင့် သင့်တော်သည့် အချိုးကျ ကိုယ်စားပြုစနစ်ကျင့်သုံးနိုင်ရေးတို့ကို ဆွေးနွေး နိုင်ခဲ့ပါကြောင်း၊ အလားတူ ဥပဒေ/နည်းဥပဒေများ ပြဋ္ဌာန်းပြီးသည့် အချိန်၊ အခြားအကြောင်းကိစ္စများ ပေါ်ပေါက်လာသည့်အခါတွင် ပေါ်ပေါက်လာသည့် အပေါ်မူတည်ပြီး နိုင်ငံရေးပါတီများနှင့် မိမိတို့ ကော်မရှင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဖြေကြား သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၈-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** ပဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** စစ်မီးငြိမ်းချိန်တန်ပါပြီ
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၁:၃၀** ဘဝနှင့်အနုပညာ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၅+၁၁၆)(ဇာတ်သိမ်းပိုင်း)
**၁၃:၄၀** MRTV National News
**၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၀** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရန့်လွင့်ပျံ့အမှုန်း' (အပိုင်း-၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၃)

**mitv**

**07:01** Evergreen Classic: Dhamma Settkyar (Nan Sandi)
**07:11** Tahbuhla Dam & Oakkan Chaungtha
**07:23** Tray Art Products
**07:34** Chef Life: Ce'dric Davoine (French Chef)
**08:01** Sitagu International Buddhist Academy (Part-1)
**08:26** Myanmar Traditional Snacks: Myanmar Doughnut
**08:30** A Memorable Visit to Alaungdaw Kathapa National Park
**09:01** News
**09:27** Global Partnership for Brighter Future: Albania Pavilion at Expo 2020 Dubai
**09:33** Palm-leaf Inscriptions and Parabaiks from Inlay Region
**09:43** The Listening Eye
**10:01** Myanmar Masterclass: Artist Maung Aye

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဖားပုတောင်ပေါ်မှ လှပသောမြင်ကွင်းတစ်ခွင်

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
မုန်လာဥနီ၏ဆေးဖက်ဝင်အစွမ်းထက်မှုများ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ရာမညမြေမှအလှတရားများ(အပိုင်း-၂)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
မြေအိုးပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဗုဒ္ဓတစ်ထောင်အကောက်တောင်

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဝှံအစပ်ချက်နှင့်သခွတ်ပွင့်သုပ်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုင်းဝါး'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ်
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** ရတနာတန်းဝင်ရွှေကျွန်းပင်
**၀၇:၅၅** စပါးအထွက်တိုးစေဖို့ သိပ္ပံနည်းကျစိုက်ပျိုးနည်းဆိုင်ရာ အလေ့အကျင့်ကောင်း(၁၄)ချက်
**၀၈:၂၅** ပျူးပန်းဝေဆာတောင်သူ့စိုက်ခင်းမှာ
**၀၉:၂၀** အကောင်းဆုံးမြေပဲမျိုးနဲ့ဒေသကိုအလှခြယ်မယ်
**၀၉:၄၅** သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြင်ဦးလွင်နှင့် အောင်ပန်းဒေသများမှ ထွက်ရှိလာသည့် ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိ



**မန္တလေး ဩဂုတ် ၂၁**
မန္တလေးမြို့ အောင်မြေသာဇံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသများမှထွက်ရှိ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ ယခင်လထက် ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ ဂေါ်ဖီပွဲရုံများထံမှ သိရသည်။

အဆိုပါ ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်း ယခင်လများထက် ဈေးကောင်းရရှိနေကြောင်း၊ ယခင်လက ဂေါ်ဖီထုပ်တစ်ထုပ်လျှင် အမြင့်ဆုံးဈေးနှုန်းမှာ ငွေကျပ် ၁၅၀ မှ ၂၀၀ သာရှိခဲ့ပြီး ယခုလက်ရှိအချိန်တွင် ဂေါ်ဖီဈေးနှုန်းများသည် ငွေကျပ် ၇၀၀ မှ ၈၀၀ ထိ ဈေးကောင်းများရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ဂေါ်ဖီ အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသနဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ ကျန်တဲ့ ဒေသက ဂေါ်ဖီထွက်ရှိတာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အတွက် ဒီလထဲမှာ ဈေးနှုန်းတွေက မထင်မှတ်ပဲ တက်သွားတာပါ။ လက်ရှိမှာ ဒီဈေးကို ဂေါ်ဖီကားတွေအနေနဲ့ အောင်ပန်းက တစ်ရက်ကို ၁၂ ဘီးကားနဲ့ငါးစီး၊ ခြောက်စီးဝင်တယ်။ ပြင်ဦးလွင်က တစ်ရက်ကို ခြောက်ဘီးကားနဲ့ လေးစီးဝင်ပါတယ်။ ပြင်ဦးလွင်နဲ့ အောင်ပန်းဒေသကပဲ ထွက်ရှိလာပြီး ဒေသစုံကဝယ်ကြတာများတဲ့အတွက် ဈေးတက်ကုန်တာပါ။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းများ ရရှိနေကြပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ပြင်ဦးလွင်နှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိနေပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းဂေါ်ဖီများ ဈေးကောင်းရရှိနေခြင်းနှင့်အတူ ကျန်သည့် ကုန်သီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့သည်လည်း ဈေးနှုန်းများတက်ကာ ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း၊ လက်ရှိအချိန် ဈေးသို့ ကုန်မျိုးစုံဝင်ရောက်နေသည့် ကားအစီးရေမှာ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁-၈-၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၅၄၀၀၇ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၅၃၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၅၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၅၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၆၅ ကျပ် | ၂၈၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၄၀ ကျပ် | ၂၈၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၅၅ ကျပ် | ၂၄၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၄၀ ကျပ် | ၂၄၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၁၈ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၉၀၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၉ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၉ . ၁၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၈ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၁၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၆၉၀၀ | ၄၁၃ | ၂၈၅၆၉၀၀ |
| MTSH | ၂၄၅၀ | ၂၅၀၀ | ၁၅၀၄ | ၃၇၂၄၇၅၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၄၈ | ၃၃၁၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၃၀၀ | ၂၃၅၀ | ၈၄၆ | ၁၉၄၆၃၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်အားကောင်းဖို့ ရေအသုံးချသူများအားဖြင့် ဖော်ဆောင်စို့

**တိုးတက်ခေတ်မီလာသော စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန် စိုက်ပျိုးရေစီမံခန့်ခွဲမှုစနစ်ကို နိုင်ငံတိုင်းတွင် အလေးထား ဆောင်ရွက်လာကြသည်။ စိုက်ခင်းများတွင် စိုက်ပျိုးရေကို အချိန်ကိုက် လိုအပ်သည့်ပမာဏ ပေးဝေနိုင်ရန်နှင့် ပိုလျှံရေများ အလွယ်တကူနုတ်ပေးနိုင်ရန်အတွက် ရေသယ်မြောင်း၊ ရေပေးမြောင်းများနှင့် ရေထိန်းအဆောက်အအုံများကို တည်ဆောက်ပေးခြင်း၊ သီးနှံရေလိုအပ်ချက် တွက်ချက်ခြင်းနှင့် တွက်ချက်မှုအတိုင်း စနစ်တကျရေပေးဝေမှုကို တိုင်းတာခြင်းစသည့် လုပ်ငန်းစဉ်များကို ဘက်စုံစနစ်ကျ အချိုးညီစေခြင်းဖြင့် ရေစီမံခန့်ခွဲမှုကို စနစ်တကျ ဖော်ဆောင်လာကြသည်။**

**ရွှေယွန်း**

ရေစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းမှုနှင့်အတူ တစ်ဖက်မှလည်း ဆည်မြောင်းကဏ္ဍ၏ ရေသယ်မြောင်း၊ ရေပေးမြောင်းများနှင့် ရေထိန်းအဆောက်အအုံများအတွက် ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျငွေကို အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်လာကြသည်။

**ပြုပြင်ထိန်းသိမ်းရန် လိုအပ်လာ**

မြန်မာနိုင်ငံ၏ ဆည်မြောင်းကဏ္ဍတွင် သီးနှံစိုက်ပျိုးရေးအတွက် ဆည်ရေသောက်စနစ် တိုးတက်လာစေရန်၊ ရေပေးသွင်းနိုင်သော ဧရိယာ တိုးချဲ့ကာ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်အကောင်အထည်ဖော်လျက်ရှိသော်လည်း တစ်ဖက်တွင် အသုံးပြုမှုကြာမြင့်လာသည့် ဆည်မြောင်း အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လာမှုကို တွေ့ကြုံလာရသည်။

ထိုအခြေအနေကို ကျော်လွှားသွားနိုင်ရန်အတွက် ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်ရသည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်မြောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ထိရောက်စေရန်နှင့် ရေကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန် ရေအသုံးချသူများအသင်း၊ အဖွဲ့အစည်းများမှတစ်ဆင့် ရေအသုံးချသူ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော ဆည်ရေစီမံခန့်ခွဲမှု အားကောင်းခိုင်မာအောင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

**တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော ဆည်ရေစီမံခန့်ခွဲမှု**

ရေအသုံးချသူ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော ဆည်ရေစီမံခန့်ခွဲမှု အားကောင်းခိုင်မာပြီး ရေစီမံခန့်ခွဲမှု စနစ်တကျ တိုးတက်အောင် ဆောင်ရွက်နိုင်ပါက ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျငွေများကို အနည်းဆုံးဖြစ်အောင် တစ်ဖက်မှ စီမံဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ထိုသို့ စီမံဆောင်ရွက်လာနိုင်မှုနှင့်အတူ တောင်သူများအတွက် ရေလိုအပ်ချက်ကို အချိန်ကိုက်ပေးဝေနိုင်ခြင်း၊ ရေပေးဝေရမည့် သတ်မှတ်ဧရိယာများကို အညီအမျှပေးဝေနိုင်ခြင်း၊ ရေသွင်းစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေအကျိုးသက်ရောက်မှုကို အကောင်းဆုံးဖြစ်စေခြင်း၊ စဉ်ဆက်မပြတ် တိုးတက်လာသော စိုက်ပျိုးရေး နည်းစနစ်များကို အခြေခံ၍ သီးနှံအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်လာနိုင်ခြင်းတို့ကိုပါ တစ်ပါတည်း ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။



ရေပေးမြောင်းရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်နေသည့် တပ်ကုန်းမြို့နယ်မှ ရေအသုံးချသူများ အဖွဲ့ဝင်တောင်သူများ။

စိုက်ပျိုးရေး ဆောင်ရွက်သည့် နိုင်ငံတိုင်းတွင် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် စီမံခန့်ခွဲမှုသည် အများလက်ခံနိုင်သည့် အလေ့အကျင့်ကောင်းတစ်ခု ဖြစ်လာပြီ ဖြစ်သည်။ ရေအသုံးချ တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် စီမံခန့်ခွဲမှုစနစ် နိုင်ငံအတွင်း ခိုင်မာအားကောင်းရေးကို ရေအသုံးချသူများ၏ ကိုယ်တိုင်ပါဝင်အားဖြင့်သာ ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။

**လူမှုဘဝပိုမိုမြင့်မားလာနိုင်**

"ကျွန်တော်တို့ အခုဖွဲ့စည်းပေးနေတဲ့ ရေအသုံးချသူများအဖွဲ့ Water User Group တွေဆိုတာ လယ်သမားထုအတွင်း တစ်နည်းအားဖြင့် ဒီမိုကရေစီနည်းကျ အလေ့အကျင့်တွေကို အကောင်အထည်ဖော် ပေးနေခြင်းပဲဖြစ်ပါတယ်။ အချင်းချင်း စိုက်ပျိုးရေးအတွက် သွင်းအားစုကဏ္ဍတွေမှာ ရေရယူတာကအစ မမျှမတ မညီမညွတ်ဖြစ်နေတာတွေကို ညှိနှိုင်းတိုင်ပင်ယူနိုင်ခြင်း၊ စိုက်တဲ့သီးနှံမျိုးကို တစ်ဆက် တစ်စပ်တည်း စိုက်နိုင်ခြင်း၊ စိုက်ပျိုးချိန်တူလာတဲ့အတွက် ရိတ်သိမ်းချိန်တူလာခြင်းနဲ့ နှစ်သီးစားစိုက်ရာက သုံးသီးစားစိုက်ပျိုးနိုင်တဲ့အနေအထားတွေရရှိလာတဲ့အတွက် ရေအသုံးချသူလယ်သမားတွေအတွက် အလွန်လိုအပ်တဲ့ အသင်းအဖွဲ့တွေဖြစ်ပါတယ်။ ဆည်ရေသောက်စနစ် တစ်ခုချင်းအလိုက် လက်တံမြောင်း၊ လက်တံခွဲမြောင်းတွေကို WUG တွေက တစ်ဆင့် WUA အထိ တိုးမြှင့်ဖွဲ့စည်းနိုင်ပြီး သိမြင်နိုးကြားအစီအစဉ်တွေကို ဌာနတွေက ပူးပေါင်းစီမံဆောင်ရွက်ကြမယ်ဆိုရင် သီးနှံအထွက်တိုးလာပြီး လယ်သမားတွေ လူမှုဘဝပိုမိုမြင့်မားလာနိုင်မှာဖြစ်ပါတယ်" ဟု တပ်ကုန်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိက ရှင်းပြသည်။

**စနစ်ကျသော ရေစီမံခန့်ခွဲမှုကဏ္ဍ**

တောင်သူများ၏ စိုက်ခင်းများဆီသို့ ဆည်ရေပေးသွင်းရာတွင် ရေစီမံခန့်ခွဲမှု ပိုမိုတိုးတက်လာစေရေးအတွက် ရေအသုံးချသူ(တောင်သူ)များ ပူးပေါင်းပါဝင်သော စနစ်ကျသော ရေစီမံခန့်ခွဲမှုကဏ္ဍသည် လိုအပ်လာနေပြီဖြစ်သည်။ သို့အတွက် ရေအသုံးချတောင်သူများ ကိုယ်တိုင်စီမံခန့်ခွဲသည့် ဆည်မြောင်းစနစ် ဖြစ်လာစေရန် ရေအသုံးချသူများအဖွဲ့(WUG)၊ ရေအသုံးချသူများအသင်း (WUA) တို့ကို ဖွဲ့စည်းဆောင်ရွက်လာရခြင်းဖြစ်သည်။

တစ်ဖက်မှလည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနသည် ဆည်မြောင်းစနစ် စီမံခန့်ခွဲမှုအတွက် ကျင့်သုံးလျက်ရှိသည့်ဦးစီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို လျှော့ချပြီး ရေအသုံးချတောင်သူများသို့ လွှဲပြောင်းခြင်း (Irrigation Management Transfer –IMT) ကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်နေပြီဖြစ်သည်။

"ဒီအဖွဲ့အစည်းတွေဆိုတာ ဥပမာပြောရရင် လက်ငါးချောင်း ဖြန့်ထားသလိုပါပဲ။ WUG တစ်ဖွဲ့ချင်းဟာ လက်ချောင်းလေးတွေဆိုရင် သူ့ဘာသာသူ ရပ်တည်နိုင်ကြပါတယ်။ သို့သော်လည်းဖြန့်ထားတဲ့ လက်ဝါးပြင်ကို စုစည်းလိုက်ရင် လက်သီးဆုပ်အသွင်အားပါတဲ့ အင်အားစုတစ်ခုလိုပါပဲ။ WUG တွေ စုစည်းပြီး WUA အသင်းအထိ တိုးမြှင့်ဖွဲ့စည်းဖို့ လိုအပ်တယ်။ ဒီလိုမှသာ လူအင်အား၊ ရန်ပုံငွေ အင်အား ပိုမိုစုစည်းမှုတွေဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောကြားသည်။

ထိုကဲ့သို့ ရေအသုံးချသူများ ကိုယ်တိုင်ပူးပေါင်းပါဝင်သည့် ဆည်မြောင်းစနစ်ကို လက်တွေ့အသုံးချဆောင်ရွက်နိုင်ရန်အတွက် ရေအသုံးချသူများ အဖွဲ့/အသင်းကို ထူထောင်ခြင်း၊ နည်းပညာဖြန့်ဝေခြင်းဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

**ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်**

ဆည်ရေသောက်စနစ်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ရေကို ပိုမိုအကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် Participatory Irrigation Management (PIM) Guide line (မြန်မာဘာသာ) ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

*စာမျက်နှာ ၂၁ သို့*

- **တောင်သူများ၏ စိုက်ခင်းများဆီသို့ ဆည်ရေပေးသွင်းရာတွင် ရေစီမံခန့်ခွဲမှု ပိုမိုတိုးတက်လာစေရေးအတွက် ရေအသုံးချသူ (တောင်သူ) များ ပူးပေါင်းပါဝင်သော စနစ်ကျသော ရေစီမံခန့်ခွဲမှုကဏ္ဍသည် လိုအပ်လာနေပြီဖြစ်သည်။ သို့အတွက် ရေအသုံးချ တောင်သူများကိုယ်တိုင် စီမံခန့်ခွဲသည့် ဆည်မြောင်းစနစ်ဖြစ်လာစေရန် ရေအသုံးချသူများအဖွဲ့ (WUG)၊ ရေအသုံးချသူများ အသင်း (WUA) တို့ကို ဖွဲ့စည်းဆောင်ရွက်လာရခြင်းဖြစ်သည်**
- **တစ်ဖက်မှလည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ဆည်မြောင်းစနစ် စီမံခန့်ခွဲမှုအတွက် ကျင့်သုံးလျက်ရှိသည့်ဦးစီးဌာနမှ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို လျှော့ချပြီး ရေအသုံးချတောင်သူများသို့ လွှဲပြောင်းခြင်း (Irrigation Management Transfer –IMT) ကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်နေပြီဖြစ်သည်**

# စားသုံးသူတို့အတွက် သက်သာသောဈေးနှုန်းများဖြင့် ဆန်များ ရောင်းချပေးနေ

ရန်ကုန် ဩဂုတ် ၂၁

**အခြေခံစားသောက်ကုန်ဖြစ်သော ဆန်ကို ပြည်သူများ တည်ငြိမ်သောဈေးနှုန်းဖြင့် လွယ်ကူစွာဝယ်ယူစားသုံးနိုင်ရန် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ၌ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဩဂုတ် ၃ ရက်မှစတင်၍ နေ့စဉ် ရောင်းချပေးလျက်ရှိသည်။**

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)တွင် တနင်္ဂနွေနေ့မှအပ နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအထိ လူတစ်ဦးလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ရေဝတီပေါ်ဆန်း တစ်အိတ် ကျပ် ၅၂၀၀၀၊ ကျပ် ၅၅၀၀၀၊ ကြားပျံတစ်အိတ် ကျပ် ၅၅၀၀၀၊ ကျပ် ၆၀၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ် ၇၅၀၀၀၊ ကျပ် ၇၇၀၀၀၊ ရက် ၉၀ ဆန် တစ်အိတ်ကျပ် ၃၅၀၀၀၊ ကျပ် ၃၇၀၀၀ ဖြင့် အမျိုးအစားအလိုက် ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ ဆန်ဆိုင်များ၌ ဆန်တစ်ပြည်လျှင် ကျပ် ၁၅၀၀ မှ ကျပ် ၄၀၀၀ အထိ၊ ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၃၅၀၀၀ နှင့် ဆန်ချော တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ အထိ ရောင်းချလျက်ရှိပြီး ဘုရင့်နောင်ကုန်စည်ပွဲရုံမှ ယူဈေးပေါ်မူတည်၍ သယ်ယူစရိတ်၊ အလုပ်သမားစရိတ်ပေါင်းကာ ဆန်ဈေးနှုန်းကို သတ်မှတ်ရောင်းချလျက်ရှိသည်။

"ဆန်ကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးတဲ့အတွက် သူတို့လည်း ဝမ်းသာကြပါတယ်။ ဆန်ဈေးတက်တာ မဟုတ်ပါဘူး။ ကျန်တာတွေလည်း တက်လို့ပါ။ လာမယ့်လ ဆန်ဈေးနှုန်းကိုတော့ ပြောလို့မရပါဘူး။ ဒီမှာ တစ်ရက်ကို ဆန်အိတ် ၃၅၀ မှ ၄၀၀ ရောင်းချပေးနေပါတယ်။ ပြည်သူတွေ ဈေးနှုန်းသက်သာစွာစားသုံးနိုင်ဖို့ အဓိကဖြစ်တဲ့အတွက် သုံးလရောင်းချပြီးရင် ထပ်တိုးပြီး ရောင်းချပေးဖို့ ကြိုးစားလုပ်ဆောင်သွားမှာပါ။ စားသုံးသူတွေ သက်သာစွာ ဝယ်ယူစားသုံးနိုင်အောင် ရောင်းချပေးရတာကိုလည်း ကျေနပ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။



ရန်ကုန်မြို့နေ ပြည်သူများသည် နေ့စဉ်ဆန်အမျိုးအစား ၁၀ မျိုးခန့်ကို စားသုံးလျက်ရှိပြီး ယခင်က ရေဝတီပေါ်ဆန်းကို စားသုံးခဲ့ရာမှ ၂၀၀၂ ခုနှစ်တွင် ပေါ်ထွက်လာသော ရွှေဘိုပေါ်ဆန်းနှင့် ရေဝတီပေါ်ဆန်း ဈေးနှုန်းမကွာချိန်တွင် ရွှေဘိုပေါ်ဆန်းစားသုံးမှုများလာ၍ လက်ကျန်နည်းသွားချိန်တွင် ရွှေဘိုပေါ်ဆန်းဈေးနှုန်း ပိုမိုမြင့်တက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရေဝတီပေါ်ဆန်းကို ပြောင်းလဲစားသုံးခြင်းဖြင့် လည်းကောင်း၊ ဈေးနှုန်းသင့်သော၊ ဆန်အရည်အသွေး မကွာသော ရက်၉၀၊ ကြားပျံ၊ တောင်ပျံ၊ ပေါ်ကျဲ၊ ရေမင်း၊ ပလန်းဆန်များကို ပြောင်းလဲစားသုံးခြင်းဖြင့် လည်းကောင်း စားသုံးမှုပုံစံပြောင်းလဲခြင်းဖြင့် ဆန်ဈေးနှုန်းတည်ငြိမ်မှုကိုလည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၌ မိုးစပါးဧက ၁၃ သိန်းကျော် စိုက်ပျိုးရန်လျာထားပြီး ဧက ၁၀ သိန်းကျော် စိုက်ပျိုးထားရှိ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးစပါးတန်ချိန် ၁၃ သန်းထွက်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဆန်ဈေးနှုန်း ထပ်မံမြင့်တက်နိုင်မှုမရှိသလို လက်ရှိတွင် ပြည်သူများ ဈေးနှုန်းသက်သာစွာဝယ်ယူစားသုံးနိုင်ရန် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)၊ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) တို့ ပူးပေါင်း၍ ဆန်အမျိုးအစားလေးမျိုးကို ရောင်းချပေးလျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

---

*စာမျက်နှာ ၂၀ မှ*

ရေသောက်စနစ်အတွင်း တူးမြောင်းများအားလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း စိုက်ပျိုးရေပေးဝေရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ရေလှည့်စနစ်များ ရေးဆွဲ၍ တူးမြောင်းအလိုက်၊ ရေထုတ်ပေါက်အလိုက် အချိန်ခွဲ၍ နေ့/ည စိုက်ပျိုးရေ ပေးဝေနိုင်ရေးကိုသာ စီမံဆောင်ရွက်ရသည်။ ထိုသို့ ရေလှည့်စနစ်များရေးဆွဲရာတွင် WUG များနှင့် ပေါင်းစပ်၍ ရေပေးဝေမှသာ စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်မည်ဖြစ်သည်။

ထိုသို့ဆည်ရေပေးဝေရာ၌ ဌာနဝန်ထမ်းအင်အားဖြင့် မြောင်းမကြီး၊ လက်တံမြောင်းများ၊ လက်တံမြောင်းခွဲများသို့ နေ့/ ည ရေပေးဝေရာတွင် စီမံခန့်ခွဲမှု အားနည်းချက်များ ဖြစ်ပေါ်နိုင်သည့်အတွက် ဌာနနှင့် လယ်သမားပူးပေါင်းစီမံခန့်ခွဲသည့်စနစ်ဖြင့် စနစ်ကျမျှတသော ရေစီမံခန့်ခွဲမှုကို ဖော်ဆောင်ရခြင်းဖြစ်သည်။

**PIM Guide line ၏ ရည်ရွယ်ချက်**

PIM Guide line ၏ ရည်ရွယ်ချက်သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် လယ်သမားအဖွဲ့အစည်းများကြားတွင် လုပ်ငန်းတာဝန်ခွဲဝေခြင်းနှင့် လွှဲပြောင်းတာဝန်ယူခြင်း နည်းလမ်းများကို အဆင့်ဆင့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ PIM Guide Line အတည်ပြုပြီးချိန်မှစ၍ မြန်မာနိုင်ငံအနှံ့အပြား ရေသောက်စနစ်အလိုက် ရေအသုံးချသူများအဖွဲ့ (WUG)၊ ရေအသုံးချသူများအသင်း (WUA) များ ဖွဲ့စည်းတည်ထောင်ကာ စိုက်ပျိုးရေပေးဝေရေးအတွက် ရေစီမံခန့်ခွဲမှုတွင် ပူးပေါင်းပါဝင်စေခဲ့သည်။

"၂၀၂၂ ခုနှစ် ဇူလိုင်လကုန်အထိ ရေအသုံးချသူများ အဖွဲ့ ၈၆၅၄ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကာ အသင်းဝင်ဦးရေ ၂၂၄၉၁၇ ဦးပါဝင်ပါတယ်။ ဖွဲ့စည်းပြီး ရေအသုံးချသူများအသင်း ၁၀ သင်းရှိကာ ပဲခူးတိုင်းဒေသကြီးမှာ ငါးသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ နှစ်သင်း၊ မကွေးတိုင်းဒေသကြီးမှာ နှစ်သင်းနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ တစ်သင်းဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ (၇/၂၀၂၂) လကုန်အထိ ဖွဲ့စည်းပြီး ရေအသုံးချသူများအဖွဲ့ (WUG) ၆၇၀ ရှိပြီးတော့ အဖွဲ့ဝင်ဦးရေ ၁၀၉၂၀ ရှိပါတယ်။ တပ်ကုန်းမြို့နယ်အတွင်းက ဆင်သေဆည်ရေသောက်စနစ်၊ လက်ဝဲမြောင်း၊ လက်တံ (၂) ရေအသုံးချသူများအသင်း (WUA) ဟာဆိုရင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းမှာ ပထမဆုံးဖွဲ့စည်းတဲ့ ရေအသုံးချသူများအသင်း တစ်သင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်တော့ ၁၀ သင်းမြောက် အသင်းတစ်သင်းလည်း ဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

**ရေအသုံးချသူများအဖွဲ့နှင့်အသင်း**

ဆည်ရေပေးသွင်းရာတွင် ဌာနမှ တူးမြောင်းမကြီးမှတစ်ဆင့် လက်တံမြောင်း၊ လက်တံခွဲမြောင်း၊ တိုက်ရိုက်မြောင်းတို့၏ ရေထုတ်ပေါက်များအထိ ပေးဝေပြီး ရေထုတ်ပေါက်မှ စိုက်ကွင်းများအတွင်းသို့ တောင်သူများက ရေသွင်းစိုက်ပျိုးသည့်အတွက် စိုက်ကွင်းများအတွင်း အချိန်တိုအတွင်း လိုအပ်သည့်နေရာသို့ ဆည်ရေရောက်ရှိနိုင်ရန်၊ မိမိလယ်ကွက်အတွင်း မိမိမြောင်းဖြင့် လိုအပ်သည့်အချိန်ရေယူနိုင်ရန်၊ အချင်းချင်း ရေပဋိပက္ခများမှ ကင်းဝေးစေရန်၊ ရေအလေအလွင့်နည်းပြီး ပိုမိုများပြားသော လယ်ကွက်များသို့ ဆည်ရေတိုးချဲ့ပေးနိုင်ရန်၊ ဆည်ရေပေးဝေရာတွင် မိမိတို့ကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်နိုင်ရန် (WUG) ကို ဖွဲ့စည်းကြသည်။ ထို့အတူ မြောင်းမကြီး၊ လက်တံမြောင်း (သို့မဟုတ်) လက်တံခွဲမြောင်း (သို့မဟုတ်) ၎င်းတို့၏ အစိတ်အပိုင်းတစ်ခု၌ ရေအသုံးချသူများအသင်း (WUA) ကို ဖွဲ့စည်းခြင်းဖြစ်သည်။

"အဓိကတော့ ဒီအဖွဲ့တွေ၊ အသင်းတွေဆိုတာ စိုက်ပျိုးတောင်သူ အဆင်ပြေဖို့ ရည်ရွယ်တာပါ။ တူးမြောင်းမကြီးကနေတစ်ဆင့် လက်တံမြောင်း၊ လက်တံခွဲမြောင်း၊ တိုက်ရိုက်မြောင်းတွေကနေ ရေထုတ်ပေါက်တွေအထိ စိုက်ပျိုးရေပေးဝေတယ်။ ဒီ ရေထုတ်ပေါက်ကနေ စိုက်ကွင်းတွေအတွင်းကို တောင်သူတွေက ရေသွင်းစိုက်ပျိုးတဲ့အခါ အချိန်တိုအတွင်း လိုအပ်တဲ့နေရာ ဆည်ရေရောက်ရှိဖို့၊ ဒီလိုယူတဲ့အခါ အချင်းချင်း ရေပဋိပက္ခတွေ ကင်းဝေးစေဖို့နဲ့ ရေအလေအလွင့်နည်းနည်းနဲ့ ဆည်ရေကို စိုက်ပျိုးရေးအတွက် စနစ်တကျ အသုံးချနိုင်ဖို့ပါ။ ရေအသုံးချသူများအသင်း (WUA) အဆင့်အထိ တရားဝင်ဖွဲ့စည်းနိုင်တဲ့အတွက် အကျိုးများမှာပါ။ အသင်းအထိ ဖွဲ့စည်းနိုင်ရင် စိုက်ပျိုးတောင်သူအတွက် တစ်ကွင်းတစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်မှာဖြစ်သလို တောင်သူအတွက် လိုအပ်တဲ့ သွင်းအားစုဖြည့်ဆည်းမှုအတွက် အကူအညီတွေ ရရှိလာမယ်" ဟု တပ်ကုန်းမြို့နယ် ကျေးချောင်းရွာမှ WUG ခေါင်းဆောင် ဦးမြင့်အောင်က ပြောကြားသည်။

**အကျိုးကျေးဇူးများ**

ရေအသုံးချသူများအသင်း (WUA) ဖွဲ့စည်းခြင်းဖြင့် ဆည်ရေသောက်ဧရိယာအတွင်း တောင်သူများ ရေလိုအပ်ချက်ကို မျှမျှတတ ဖြည့်ဆည်းပေးနိုင်ခြင်း၊ တွက်ခြေကိုက်သည့် သီးနှံအမျိုးအစားရွေးချယ်စိုက်ပျိုးနိုင်ခြင်း၊ တစ်ကွင်းတစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်ခြင်း၊ လိုအပ်သောသွင်းအားစုများကို အချိန်ကိုက်ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်း၊ အဖျက်ပိုးမွှားရောဂါအန္တရာယ်များ မကျရောက်နိုင်ရေး စုပေါင်းကာကွယ်ခြင်း၊ အကယ်၍ ကျရောက်ခဲ့ပါကလည်း ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်သည်။

"WUA အားကောင်းလာတာနဲ့အမျှ Value added ,Value chain စတဲ့လုပ်ငန်းတွေ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လာနိုင်မယ်။ ရေသောက်စနစ်မှာပါဝင်တဲ့ တောင်သူတွေမှာ တခြားလိုအပ်ချက်ရှိရင်လည်း စုပေါင်းအင်အားနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှာဖြစ်သလို ကောင်းမွန်တဲ့ရလဒ်တွေရရှိလာမယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ရေသောက်စနစ်အလိုက် ရေအသုံးချသူများအသင်း WUA များ တိုးမြှင့်ဆောင်ရွက်သွားနိုင်ဖို့ ဌာနနဲ့ တောင်သူ အတူကြိုးပမ်းဖော်ဆောင်သင့်ပါတယ်" ဟု ရေတွင်းဖြူကျေးရွာမှ WUG ဒုတိယ ခေါင်းဆောင် ဦးပြုံးချိုက ပြောကြားသည်။

ဆည်ရေပေးဝေမှုစနစ်တွင် ရေလှောင်တမံ၊ ရေလွှဲဆည်မှ ရေပေးတူးမြောင်းမကြီး၊ တူးမြောင်းမကြီးမှတစ်ဆင့် လက်တံမြောင်း၊ လက်တံမြောင်းမှတစ်ဆင့် လက်တံခွဲမြောင်း၊ ၎င်းမှတစ်ဆင့် လယ်ကြားမြောင်းများသို့ အဆင့်ဆင့်ပေးဝေရသည်။ ဆည်မြောင်းအဆောက်အအုံများ၊ ရေအရင်းအမြစ်ထိန်းသိမ်းမှု၊ မြောင်းမကြီးနှင့် အခြားလက်ဝဲ/လယ်ယာမြောင်းမကြီးများတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ပိုင်ရှင်အဖြစ် အလုံးစုံတာဝန်ယူဆောင်ရွက်ပြီး WUG များအနေဖြင့် Turn Out (TO) များ၊ လယ်ကြားမြောင်းများ ထိန်းသိမ်းခြင်း၊ ဆည်ရေပေးဝေခြင်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရေပေးမြောင်းငယ်များကို စုပေါင်းပြီး လက်တံမြောင်းတစ်ခု၏ ရေစီမံခန့်ခွဲမှုအတွက် တောင်သူများ ကိုယ်တိုင်ပါဝင်သည့် ရေအသုံးချသူများအသင်း (WUA)များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အတွက် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်အပါအဝင် ရေစီမံခန့်ခွဲမှုလွှဲပြောင်းခြင်း (Irrigation Management Transfer) ကိုပါ ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။ ထို့အတူ စိုက်ပျိုးရေလိုအပ်ချက်ကို လိုအပ်သည့်ရေပမာဏကိုသာ အသုံးပြုကြခြင်းဖြင့် WUG တစ်ဖွဲ့ချင်းမှသည် တူးမြောင်းအလိုက် ရေသောက်စနစ်အလိုက် ရေကို ချွေတာသုံးစွဲလာသည့် အလေ့အကျင့်များလည်း ရရှိလာမည် ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနှံ့အပြားရှိ ဆည်ရေသောက်ဧရိယာများတွင် ရေအသုံးချသူများအဖွဲ့ (WUG) နှင့် ရေအသုံးချသူများအသင်း (WUA) တည်ထောင်ခြင်းဖြင့် စိုက်ပျိုးရေကို စနစ်တကျ အထက်အောက်မျှမျှတတ သုံးစွဲလာနိုင်ခြင်း၊ ရေကို လိုအပ်သလောက်သာ ချွေတာသုံးစွဲလာနိုင်ခြင်း၊ တောင်သူတစ်ဦးချင်းမှသည် တစ်ဖွဲ့ချင်း၊ တစ်သင်းချင်း အချင်းချင်းဖေးမကူညီစာနာတတ်လာခြင်း၊ စည်းလုံးမှုရှိစေခြင်း၊ အခက်အခဲတစ်ခုခု ကြုံတွေ့လာပါက စုပေါင်းအားဖြင့် ဖြေရှင်းကျော်လွှားခြင်း စသည့် အလေ့အကျင့်ကောင်းများ ပေါ်ပေါက်လာပြီး တောင်သူများ ဝင်ငွေတိုးတက်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အတွက် စားနပ်ရိက္ခာများဖူလုံသည်မှ ပိုလျှံသည်အထိ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံဝင်ငွေ တိုးတက်ကာ သာယာဝပြောသောနိုင်ငံတစ်ခု ဖြစ်လာရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့အရင်အပတ်က မပြီးပြတ်သေးတဲ့ Subject (ကတ္တား) နဲ့ Verb (ကြိယာ) တို့ရဲ့ Agreement (ကိုက်ညီမှု)အကြောင်းကို ဆက်လက်ဖော်ပြလိုက်ရုံတင်မက ပိုမိုနားလည်စေရန် လေ့ကျင့်ခန်းများဖြင့်လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း “Shortest way to talk about your vacation-3 ” ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate


အရင်အပတ်ကဖော်ပြခဲ့တဲ့ Subject (ကတ္တား) နဲ့ Verb (ကြိယာ) တို့ရဲ့ Agreement (ကိုက်ညီမှု)အကြောင်းကို ဆက်လက်ဆွေးနွေးဖော်ပြထားပါတယ်။ ကတ္တားပုံစံက ဘယ်လိုဆိုရင် အနည်းကိန်းသုံးရမယ်၊ ကတ္တားက ဘာနဲ့တွဲရင် အနည်းကိန်းသုံးရမယ်ဆိုတာတွေကို ဖော်ပြပေးလိုက်ပါတယ်။

တစ်ခုကိန်းကတ္တားကို အခြားနာမ်၊ နာမ်စားတစ်ခုနှင့် with၊ together with၊ accompanied by၊ after၊ as well as စသည်တို့ဖြင့် ဆက်သွယ်ထားလျှင် ကတ္တားသည် ပြောင်းလဲသွားခြင်းမရှိပေ။ ထို့ကြောင့် အနည်းကိန်းကိုသာ သုံးရမည်။ ဥပမာ–

- The woman ***with*** the baby is asking for help.
- My aunt ***together with*** her daughter goes shopping.
- The headmaster, ***accompanied by*** his assistant teachers, goes round the school.
- Man ***after*** man is applying for a job.
- You ***as well as*** Min Min is to blame.

Each၊ every၊ everyone၊ everything၊ anything၊ anybody၊ some–body၊ everybody၊ many a စသည်တို့သည် အနည်းကိန်းကို ရည်ညွှန်းသည့်အတွက် ၎င်းတို့ကို အနည်းကိန်းကြိယာဖြင့်သာ ရေးရမည်။ ဥပမာ–

- ***Each*** of the five winners gets a prize.
- ***Every*** cloud has a silver lining.
- ***Every*** man, woman and child is happy.
- ***Everybody*** wants to be rich.
- ***Many a*** student has gone tuition.




အများကိန်းပုံစံရှိသည့် တစ်ဦးဆိုင်နာမ်တစ်ခုသည် အရာဝတ္ထုတစ်ခုတည်းကို ရည်ညွှန်းလျှင် အနည်းကိန်းကြိယာနှင့်တွဲရမည်။ ဥပမာ –

- The United States of America ***is*** very interesting.
- Six Tales from Shakespeare ***is*** very interesting.

အများကိန်းပုံစံရှိသည့် ကတ္တားသည် ပမာဏတစ်ခုကို တိတိကျကျ ရည်ညွှန်းပါက တစ်ခုကိန်းကြိယာသုံးရမည်။ ဥပမာ–

- ***Fifty yards*** is a short distance.
- ***2000 K*** is the minimum price for this book.
- ***Two–thirds*** of the work is done.

အရင်ပတ်က ဖော်ပြခဲ့တဲ့ Subject (ကတ္တား) နဲ့ Verb (ကြိယာ) တို့ရဲ့ Agreement (ကိုက်ညီမှု)အကြောင်းကို အတော်အသင့်နားလည်သွားပြီဆိုရင် အောက်မှာပေးထားတဲ့ လေ့ကျင့်ခန်းကိုလည်း လုပ်ကြည့်ပါဦး။

**Exercise–I**

Insert a “verb to be” or a “verb to have” in agreement with the subject in each blank space.

1. You ………… early, but she ………… late.
2. I ………… angry, but they ………… smiling.
3. The poor farmer ………… sold his cow.
4. The little baby ………… been crying for a long time.
5. Tin Tin and I ………… good friends.
6. One boy together with one girl ………… absent today.
7. Bread and butter ………… all we want.
8. The crown and glory of life ………… character.
9. My uncle, with his two sons, ………… arrived.
10. Gold as well as silver ………… gone up in price.
11. Not a man or woman ………… in the garden.
12. Either Ni Ni or War War ………… written this essay.
13. Ten thousand kyats ………… too much for such a longyi.
14. Many a day ………… passed, yet he ………… not returned.
15. Neither my aunt nor her daughters ………… come.

## VOCABULARY (ANTONYMS)

| | | | |
|---|---|---|---|
| 1. | hatred (မုန်းတီးခြင်း) | ≠ | love (ချစ်ခြင်း) |
| 2. | healthy (ကျန်းမာသော) | ≠ | sick (ဖျားနာသော) |
| 3. | heavy (လေးလံသော) | ≠ | light (ပေါ့ပါးသော) |
| 4. | height (အမြင့်) | ≠ | depth (အနက်) |
| 5. | hell (ငရဲ) | ≠ | heaven(ကောင်းကင်ဘုံ) |
| 6. | help (အကူအညီ) | ≠ | hinder(အနှောက်အယှက်) |
| 7. | here (ဒီမှာ) | ≠ | there (ဟိုမှာ) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about your vacation in English– 3

**ဒီတစ်ပတ်မှာတော့ အားလပ်ရက်မှာ ကိုယ်ဘာကြိုက်လဲ၊ ဘာမကြိုက်လဲနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို “Shortest way to talk about your vacation–3” ဆိုပြီး ဖော်ပြလိုက်ပါတယ်။**




၁။ each day was pretty similar (နေ့တိုင်းဟာ အတူတူလိုပါပဲ)

စိတ်ဝင်စားစရာမကောင်းဘူး။ ငြီးငွေ့လာပြီ။ နေ့တိုင်းဟာ ဒီလိုပဲ ကုန်ဆုံးနေတယ်။ ကိုယ်မကြိုက်တော့ဘူးဆိုရင်တော့ ဒီလိုပြောနိုင်ပါတယ်။ ဥပမာ–

- It was relaxing but by the end I was getting quite bored ***because each day was pretty similar.***

၂။ I wasn’t so keen on … (မနှစ်သက်တော့ဘူး)

ကိုယ်တစ်ခုခုကို မနှစ်သက်တော့ဘူး၊ မကြိုက်တော့ဘူးဆိုရင် ဒီလိုမျိုးပြောနိုင်ပါတယ်။ ဥပမာ –

- I wasn’t so keen on the food in the hotel.
- I wasn’t so keen on the museums– I didn’t think they were very interesting.

၃။ for my tastes (ကိုယ့်ရဲ့ရှုထောင့်ကနေပြောရမယ်ဆိုရင်၊ ကိုယ့်ရဲ့အမြင်ကတော့)

မကြိုက်တဲ့သဘော ကိုယ့်ရဲ့အမြင်ကို ပြောပြီးတဲ့အခါမှာ ကိုယ်ပြောလိုက်တာကို တိုက်ရိုက်မဟုတ်ဘဲ အနည်းငယ်ဖော့လိုက်တဲ့ သဘောဖြစ်ပါတယ်။ ဥပမာ –

- It’s a nice area, but it’s too deve–loped and touristy for my tastes.

၄။ It was like nowhere I’ve ever been before (အရင်ကရောက်ခဲ့ဖူးတဲ့ ဘယ်နေရာနဲ့မှ မတူဘူး)

တစ်နေရာရာကို ကိုယ်ရောက်ခဲ့တယ်။ အဲဒီနေရာကိုလည်း ကိုယ်ကသဘောကျတယ်။ ပြီးတော့လည်း ဘယ်နေရာနဲ့မှ မတူဘူးဆိုရင် ဒီလိုပြောနိုင်ပါတယ်။ ဥပမာ –

- I loved Krabi, because ***it was like nowhere I’d ever been before.***

၅။ I liked … most of all (အားလုံးထဲမှာ အကြိုက်ဆုံးပဲ)

ကိုယ့်အားလပ်ရက်မှ ကိုယ့်အကြိုက်ဆုံးအကြောင်းကို ပြောချင်တဲ့အခါမှာ ဒီလိုပြောနိုင်ပါတယ်။ ဥပမာ–

- ***I think I liked the general atmosphere most of all.***

၆။ I wish + the past perfect (had done) (ပိုရခဲ့သင့်တာ)

အတိတ်ကလုပ်ခဲ့တာကို နောင်တရတဲ့အနေနဲ့ အားမလိုအားမရပြန်ပြောတဲ့အခါမှာ သုံးနိုင်ပါတယ်။ ဥပမာ –

- I wish we’d had more time to explore the city.
- I wish we hadn’t stayed in that awful hotel.

ဒီတစ်ပတ်စကားပြောပိုင်းမှာ Kathy၊ Sophie နဲ့ Matt တို့က သူတို့ရဲ့အားလပ်ရက်အပေါ် သူတို့ကြိုက်တာ၊ မကြိုက်တာနဲ့ပတ်သက်ပြီး ပြောပြထားပါတယ်။

**Kathy:** I went to the countryside with my family for a couple of weeks. It was relaxing but by the end I was getting quite bored ***because each day was pretty similar.***

**Sophie:** I went to Thailand with a group of friends for ten days. I loved Krabi, because ***it was like nowhere I’d ever been before. I wasn’t so keen on Bangkok***. It’s a cool place but it’s a bit big and noisy for my tastes.

**Matt:** My girlfriend and I went to Rome for a long weekend. ***I think I liked the general atmosphere most of all.*** Walking around the little streets in the center felt like being in an old film. ***I wish it had been*** less crowded though.

အားလပ်ရက်နဲ့ပတ်သက်ပြီး မေးမြန်းပြောဆိုနိုင်တဲ့ မေးခွန်းပုံစံတချို့ကို ဖော်ပြလိုက်ပါတယ်။

- What the best vacation you’ve ever had?
- What about the worst vacation you’ve ever been on?
- What made these holidays so good or so bad?
- What did you like and dislike about your last holiday?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# တစ်သျှူးငှက်ပျောစိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ စစ်ဆေးခွင့်ပြုမည်

**မြစ်ကြီးနား ဩဂုတ် ၂၁**

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်သည့် တစ်သျှူးငှက်ပျောများကို နိုင်ငံတကာအရည်အသွေးမီ စိုက်ပျိုးထုတ်လုပ် တင်ပို့ဖြန့်ဖြူးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဥပဒေလုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ကွင်းဆင်းစစ်ဆေး၍ ခွင့်ပြုဆောင်ရွက်သွားရန်လိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားသည်။ (ယာပုံ)




ဩဂုတ် ၁၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၂)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံနှင့် ပြည်နယ်၏ စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး ခွင့်ပြုချက်တင်ပြ လျှောက်ထားလာမှုများအပေါ် ကော်မတီအဖွဲ့ဝင်များအနေဖြင့် စနစ်တကျ ကွင်းဆင်းစစ်ဆေးပြီး ခွင့်ပြုပေးနိုင်ရေး တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း မှာကြားသည်။

အစည်းအဝေးတွင် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသိမ့်သိမ့်မိုးက ယခင် (၅/၂၀၂၂)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် နိုင်ငံတကာအရည်အသွေးမီ တစ်သျှူးငှက်ပျော စိုက်ပျိုးထုတ်လုပ်တင်ပို့ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် ကုမ္ပဏီနှစ်ခုက အတည်ပြုမိန့်ထုတ်ပေးနိုင်ရေး တင်ပြလျှောက်ထားလာမှုများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူများကလည်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တစ်သျှူးငှက်ပျော စိုက်ပျိုးထုတ်လုပ် တင်ပို့ဖြန့်ဖြူးခြင်းလုပ်ငန်းများအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ကော်မတီအဖွဲ့ဝင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကလေးမြို့တွင် ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

**ကလေး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကံပုလဲရွာ ကမ္ဘာအေးဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်းမှ ပန်းခင်းစီမံချက်အဆင့်(၂)နှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးနှင့် ဝန်ထမ်းများမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ အသစ်လဲလှယ်ပေးခြင်း၊ ပျောက်ဆုံးပျက်စီးသူများအား မိတ္တူပြုလုပ်ပေးခြင်းများကို တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပန်းခင်းစီမံချက် ဆောင်ရွက်သည့် အခမ်းအနားသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် သန့်ဇင်ဦး၊ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှစိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကံပုလဲရွာနှင့် နှောညောင်ပင်ကျေးရွာမှ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာန၌ တမာပျိုးပင်နှစ်သောင်း ပျိုးထောင်ထား

**ပွင့်ဖြူ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက လာမည့် ၂၀၂၃ ခုနှစ် မိုးရာသီအတွက် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရန်အတွက် မြို့မပျိုးဥယျာဉ်ခြံ၌ အရိပ်ရတမာပျိုးပင် ၂၀၀၀၀ ကြိုတင်၍ ပျိုးထောင်စိုက်ပျိုးထားရှိရာ ဩဂုတ် ၁၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်မြတ်ခိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသစိမ်းလန်းစိုပြည်စေရေးအတွက် အရိပ်ရပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းကာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝဘေးကြောင့် ပျက်စီးသည့် သစ်တောသစ်ပင်များ ကောင်းမွန်စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးရာသီတွင်လည်း မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် လူထုဖြန့်အနေဖြင့် ကျွန်း၊ ယူကလစ်၊ ဝါး၊ ခရေ၊ တမာ၊ မဲဇလီ၊ သစ်စိမ့်၊ စိန်ပန်း၊ မြန်မာကုက္ကို စသည့် အရိပ်ရပျိုးပင်ပေါင်း ၄၀၀၀၀၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း ၇၂၇ ဧက၌ စိုက်ပျိုးရန် ယူကလစ်၊ ကျွန်း၊ လျှော်ဖြူ စသည့် အရိပ်ရပျိုးပင်ပေါင်း ၁၀၉၀၅၀ ၊ ရေဝေရေလဲစိုက်ခင်းဧက ၃၀ ၌ စိုက်ပျိုးရန်အတွက် ဆီး၊ ဆီးဖြူ၊ သစ်စိမ့် စသည့် အရိပ်ရပျိုးပင် ၇၂၀၀ ပင် စုစုပေါင်း အရိပ်ရပျိုးပင် ၁၅၆၂၅၀ ကို စိုက်ပျိုးထားကြောင်း ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးအောင်မော်ထံမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ဒေးဒရဲမြို့၌ ငါးကောင်ရေ ၁၃၅၀၀၀ မျိုးစိုက်ထည့်

**ဒေးဒရဲ ဩဂုတ် ၂၁**

ဒေးဒရဲမြို့နယ်အတွင်း ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးသယံဇာတများ တိုးပွားလာစေရန်နှင့် ငါးရိက္ခာ ဖူလုံစေရန် ရည်ရွယ်၍ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကြေးတိုင်ရအင်းသားကြီးများ ပူးပေါင်း၍ ငါးမျိုးစိုက်ထည့်ပွဲကို ထောင်မှူးချောင်ကျေးရွာအုပ်စုရှိ တိုးမြစ်၊ သံဒိပ်မြစ်နှင့် အကယ်(ဒုံရမ်း)မြစ် ဆုံရပ်၌ ဩဂုတ် ၁၉ ရက်က ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး မွန်မြတ်သူစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အင်းသားကြီးများက သုံးလက်မအရွယ် ငါးတန်သားပေါက်ကောင်ရေ ၁၃၅၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**အေဇာလင်း**




## ဒိုက်ဦးမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာကော်မတီအသစ် ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်

**ဒိုက်ဦး ဩဂုတ် ၂၁**

ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၂ ရက်က မြို့နယ်မြစိမ်းရောင် ကျေးရွာဖွံ့ဖြိုးရေး (ငါးကဏ္ဍ) စီမံကိန်း ကော်မတီအဖွဲ့ဝင်များနှင့် အတူ နတ်ကင်းကျေးရွာ ရွှေဘုံသာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် နတ်ကင်း မြစိမ်းရောင် ကျေးရွာဖွံ့ဖြိုးရေး (ငါးကဏ္ဍ) စီမံကိန်းကော်မတီဝင် ကိုးဦးအား အသင်းဝင် (၁၈၅) ဦးမှ ဆန္ဒပြု၍ တတိယ (၃) နှစ် သက်တမ်းအတွက် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

နတ်ကင်း မြစိမ်းရောင် (ငါးကဏ္ဍ) စီမံကိန်း ရန်ပုံငွေမှာ အတိုးနှင့် အရင်းပေါင်း (၆၁၇၈၉၇၀၀) ရှိပြီး အသင်းဝင်များအား ငွေထုတ်ချေးခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် ဆောင်ရွက် လိုသည်များကို အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်၌ ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ကြယ်လိပ် ၂၀၇၂ ကောင်အထိ ပေါက်ဖွားလျက်ရှိ



**မင်းဘူး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်၌ ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ကြယ်လိပ်များ ၂၀၇၂ ကောင်အထိ မျိုးပွား၍ ပေါက်ပွားလျက်ရှိကြောင်း ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထံမှ သိရသည်။

ရွှေစက်တော် ဘေးမဲ့တောရှိ ကြယ်လိပ်များသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၌ သာတွေ့ရသော ဒေသရင်းဖွား မျိုးစိတ်ဖြစ်သည်။ မြန်မာ့ကြယ်လိပ် (ခ)ပင့်ကူလိပ် (Burmese Star Tortoise) များ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် မန္တလေးရတနာပုံဥယျာဉ်၊ လောကနန္ဒာဘေးမဲ့တော၊ မင်းစုံတောင်ဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တောတို့၌ ခြံခတ်မွေးမြူခြင်းကို သစ်တောဦးစီးဌာန၊ သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုး ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ၂၀၁၄ ခုနှစ်က ၂၉၇ ကောင်မှ ယခုအချိန်တွင် ၂၀၇၂ ကောင်အထိ ပေါက်ပွားလျက်ရှိသည်။

ကြယ်လိပ်များကို ကျေးလက်တောရွာများ၌ နေထိုင်ကြသူများက စားသုံးရန် အမဲလိုက်ခွေးများအသုံးပြု၍ ရှာဖွေဖမ်းဆီး သတ်ဖြတ်ခြင်း၊ လူချမ်းသာများက ကြယ်လိပ်များကို အိမ်အလှမွေးတိရစ္ဆာန်အဖြစ် တွင်ကျယ်စွာ မွေးမြူလာခြင်းတို့ကြောင့် တရားမဝင်ရောင်းဝယ်မှုများ ရှိခြင်း၊ လိပ်များ ကျက်စားသည့်နယ်မြေရှိ သစ်တော၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေ ပြုလုပ်လာခြင်းတို့ကြောင့် ကြယ်လိပ်များ မျိုးသုဉ်း၍ ရှားပါးလာခဲ့သည်။ ထို့ကြောင့် မျိုးသုဉ်း ပျောက်ကွယ်မည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ခြံခတ်၍ မွေးမြူလာခဲ့ခြင်းဖြစ်သည်။

ကြယ်လိပ်များ၏ မျိုးပွားမှုမှာ စက်တင်ဘာလနှောင်းပိုင်းမှ မေလအထိ ဥများ ဥချလေ့ရှိပြီး တစ်ခါဥလျှင် ၁၁ လုံးအထိ ဥ၍၊ တစ်နှစ်လျှင် သုံးလေးကြိမ်ဥသည်။ ဇွန်၊ ဇူလိုင်လများတွင် အကောင်ပေါက်လေ့ရှိကြကာ ဩဂုတ်လအထိ မပေါက်သော ဥများမှာ ပျက်စီးကြသည်။ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အပူချိန်မြင့်မားသည့်အပြင် သဲမြေများ ဖြစ်သောကြောင့် အကောင်ပေါက်ပွားနှုန်း ၅၀ မှ ၇၀ ရာခိုင်နှုန်းအတွင်းသာ အကောင်ပေါက်ကြသည်။ လိပ်သားပေါက်များသည် ပုံမှန်အစာ စားကြသော်လည်း ခန္ဓာကိုယ်အလေးချိန် လျော့ကျပါကသန်ကျဆေး တိုက်ကျွေးရသည်၊ ရေခဓာတ်ခန်းခြောက်လျှင် ဆီးအိတ်၌ ကျောက်တည်ပြီး နှာရည်ယိုခြင်း၊ ခေါင်းပြန်မသိမ်းနိုင်ခြင်း၊ အစာမစားခြင်း၊ မျက်လုံးရောင်ခြင်း၊ ပါးစပ်ဟခြင်းတို့ ဖြစ်လာပါကတိ/ကု ဆရာဝန်ဖြင့် ပြသရသည်။ ကြယ်လိပ်များကို အစာအဖြစ် ကန်စွန်းရွက်၊ ဘူးသီး၊ ဂေါ်ဖီ၊ ဖရဲသီး၊ ပေါက်ပေါက်စသည့်အစာများ ကျွေးမွေးနိုင်သည်။

ယခင်နှစ်များက မန်းရွှေစက်တော်ပွဲတော်ချိန်တွင် ဘုရားဖူးလာပြည်သူများ ကြယ်လိပ်များကို လေ့လာနိုင်စေရန် ပြခန်းရှိ ခြံလှောင်အိမ်ထဲ၌ သဘာဝကျောက်တုံး ကျောက်ဆောင်ငယ်များ ပြုလုပ်ကာ မွေးမြူ၍ ပြသခဲ့သေးသည်။ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်၌ နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုး၊ ငါးမျိုးစိတ် ၂၂ မျိုး၊ ငှက်မျိုးစိတ် ၁၁၃ မျိုး တွေ့ရှိနိုင်သည့်အပြင် ဇွေ့ငှက်၊ နဖားကြူးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသား၊ ဗိုက်ဖြူ ရွှေသမင်နှင့် ကြယ်လိပ်တို့ ကျက်စားနေထိုင်ကြပြီး မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိလာသဖြင့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ထည့်သွင်းကာ ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# မုဒုံမြို့နယ်အတွင်းရှိ တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာရောင်းချပေး

**မုဒုံ ဩဂုတ် ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ တောင်သူများ စပါးသီးနှံစိုက်ပျိုးမှုနှင့် အခြားစိုက်ပျိုးရေးကဏ္ဍများ၌ အောင်မြင်ဖြစ်ထွန်းစေရန် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာကို ပြည်နယ်အစိုးရ၏ညွှန်ကြားမှုဖြင့် ဩဂုတ်လ ဒုတိယပတ်မှစတင် ရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မုဒုံမြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက ၇၆၇၇၅ ဧက လျာထားရာ ယခုအချိန်တွင် ၇၈၁၂၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး စပါးစိုက်ဧကများအနက် မျိုးစေ့ထုတ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ကွက်များကိုလည်း ဖော်ဆောင်၍ စိုက်ပျိုးထားကြောင်း၊ ဒေသခံတောင်သူများအနေဖြင့်လည်း မိမိတို့၏ လယ်ယာမြေအတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဝယ်ယူ၍ အချိန်ကိုက်အချိုးကျထည့်သွင်းနိုင်မည်ဖြစ်ရာ သီးနှံအထွက်နှုန်းပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဩဂုတ် ၂၁ ရက်တွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၉၆၅ အိတ်ကို တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀ ဖြင့် ပထမအကြိမ် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**သားငယ် (မုဒုံ)**

# ကော့ကရိတ်ခရိုင်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာ ၁၉ ရွာ၌ ဆောင်ရွက်ပေးနေ

**ကော့ကရိတ် ဩဂုတ် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များအတွင်းရှိ ကျေးရွာ ၁၉ ရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၁၉၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာများ၏ ပကတိလိုအပ်ချက်များဖြစ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းက ဖွံ့ဖြိုးမှုနည်းပါးတဲ့ ကျေးရွာတွေကို ဆောင်ရွက်ပေးတယ်။ ကျေးရွာမှာ လိုအပ်တဲ့လုပ်ငန်းတွေကို နိုင်ငံတော်က ခွင့်ပြုတဲ့ငွေနဲ့ ပြည်သူလူထုရဲ့ ထည့်ဝင်ပါဝင်မှုနဲ့ ဦးစားပေးလုပ်ငန်းအလိုက် လုပ်ငန်းစီမံချက်ရေးဆွဲပြီးတော့ ကျေးရွာရဲ့ ပကတိလိုအပ်တဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တွေကို ပြည်သူကိုယ်တိုင် ဖော်ထုတ်ပြီး၊ ဦးစားပေးလုပ်ငန်းအလိုက် စီမံချက်ရေးဆွဲပြီး ၎င်းတို့ကိုယ်တိုင် မိမိတို့ရဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးနိုင်ဝင်းက ပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၁၉၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၆ ဒသမ ၉ သန်းဖြင့် ကော့ကရိတ်မြို့နယ်ရှိ ကျေးရွာ ၁၀ ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ခုနစ်ခု၊ ကျေးရွာမီးလင်းရေးလုပ်ငန်း သုံးခုကို လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာ ကိုးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ငါးခု၊ ကျေးရွာမီးလင်းရေးလုပ်ငန်း တစ်ခု၊ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း နှစ်ခု၊ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း တစ်ခုကို လည်းကောင်း ဩဂုတ်လပထမပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

# အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ပညာပေးဆွေးနွေး

**အုတ်တွင်း ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဥယျာဉ်တော်ကျေးရွာအုပ်စု သာစည်ကျေးရွာ၌ ဩဂုတ် ၂၀ ရက်က ပြုလုပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်မြင့်မားလာစေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လာရောက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်းဦးက ကန်ထရိုက်လယ်ယာစနစ်ဖြင့် သုံးသီးစိုက်ပျိုးမည့် အစီအစဉ်၊ သုံးသီးစိုက်ပျိုးမည့် မျိုးရွေးချယ်မှုနည်းပညာနှင့် သဘာဝဓာတ်ဖျန်းအားဆေးဖြင့် ငါးအမိုင်နိုအက်စစ်ပြုလုပ်နည်းကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသစ်လွင်က စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသား ကြက်တောင် အားကစားခန်းမ၌ ဆက်လက်ကျင်းပသည်။

အကြို ဗိုလ်လုပွဲများအပြီးတွင် ဗိုလ်လုပွဲပြိုင်ပွဲများသို့ အမျိုးသားအသင်းလိုက် ပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ဟိန်းထွဋ်(ရန်ကုန်တိုင်းဒေသကြီး)နှင့် ရဲမင်းလွင်(ရှမ်းပြည်နယ်) တို့ တက်ရောက်သွားသည်။ ထို့နောက် အမျိုးသား နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် သူရိန် + မိုးသော်ထင် (ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ ခန့်သူနှင့်ဘုန်းထက်ဇော် (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ စိုင်းမင်းခန့်+ ကောင်းပိုင်မင်းခန့် (ရှမ်းပြည်နယ်)နှင့် ပြည့်စုံထွန်း+ ကျော်ကျော်ဟန် (ရှမ်းပြည်နယ်) တို့က ပူးတွဲတတိယအသီးသီး ရရှိသွားကြသည်။

အမျိုးသမီး အသင်းလိုက် ဗိုလ်လုပွဲပြိုင်ပွဲများသို့ ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲတွင် ဆုလာဒ်(ရန်ကုန်တိုင်းဒေသကြီး)နှင့် ငါးမြွာ (ကယားပြည်နယ်) အသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် မေမြတ်စိုး + ဝေဝေ (ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ ထူးခင်ခင်+ ဂျူလိုင်ထွန်း (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ လင်းသီရိဟန်+ အိမ့်မှူးစံ (ပဲခူးတိုင်းဒေသကြီး) နှင့် ယွန်းသက်ထားမောင် + ခိုင်သဇင်ဖူးဝေ (မန္တလေးတိုင်းဒေသကြီး) တို့က ပူးတွဲတတိယ ရရှိသွားကြသည်။

**အာကာစိုး**






## ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာ့ဘောလုံး အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်း မြှင့်တင်ရေးနှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ "၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေးကွင်းအမှတ် (၁)နှင့် (၃)တို့၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာအသင်းကို ခုနစ်ဂိုး– တစ်ဂိုးဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး – နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

### အခမဲ့ကြည့်ရှုအားပေးနိုင်

ဩဂုတ် ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ရာ ဘောလုံး အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## နိုင်ပွဲရခဲ့သည့် မြဝတီအသင်း ပထမအကျော့အပြီး ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် သေချာ

**ရန်ကုန် ဩဂုတ် ၂၁**

၂၀၂၂ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ဒုတိယနေ့အဖြစ် ရှောဝတီနှင့် မြဝတီအသင်းတို့ ဩဂုတ် ၂၁ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

MNL သို့ တစ်ကျော့ပြန် တန်းတက် လာသော်လည်း စွမ်းဆောင်ရည်ကောင်းများ ပြသနေသည့် မြဝတီအသင်းသည် ပထမ အကျော့ နောက်ဆုံးပွဲတွင် ရှောဝတီကို အနိုင်ယူ၍ ပထမ အကျော့အပြီး ထိပ်ဆုံးသုံးသင်း စာရင်းဝင်ရန် သေချာသွားခဲ့သည်။ မြဝတီအသင်းသည် တိုက်စစ်မှူး နိုင်ဇင်ထက်၏ ဟက်ထရစ်ဖြင့် အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရှောဝတီအသင်းမှာမူ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ယခုရာသီတွင် ပထမဆုံးအကြိမ် ရှုံးပွဲဆက်ခဲ့သည်။

ရှောဝတီ အသင်းသည် ဇော်လင်း၊ တင်ဝင်းအောင်၊ အောင်နိုင်ဝင်း၊ ကောင်းမြတ်သူ၊ ရန်ကျော်ထွေးတို့ဖြင့် ပွဲထွက်ခဲ့ပြီး ကွင်းလယ်အသာစီးရရန် ကြိုးပမ်းခဲ့သော်လည်း မြဝတီအသင်း၏ ပွဲစကတည်းက တိုက်စစ်ဦးစား ပေးကစားပုံကြောင့် အခက်တွေ့ခဲ့ရသည်။ မြဝတီအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၄ မိနစ်နှင့် ၁၂ မိနစ်တွင် နိုင်ဇင်ထက်က နှစ်ဂိုးဆက် သွင်းယူခဲ့သည်။ နှစ်ဂိုးဆက် ပေးလိုက်ရသောကြောင့် ရှောဝတီအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်း လာကာ ၂၁ မိနစ်တွင် နောက်ခံလူဇော်လင်းက ချေပဂိုး တစ်ဂိုး ပြန်သွင်းခဲ့သည်။ ၅၅ မိနစ်တွင် နိုင်ဇင်ထက်က ၎င်းအတွက် ဟက်ထရစ်နှင့် မြဝတီအသင်းအတွက် တတိယဂိုး သွင်းယူခဲ့သည်။ ရှောဝတီအသင်းသည် ချေပဂိုးရရန် တောက်လျှောက် ကြိုးပမ်းခဲ့သော်လည်း မြဝတီဂိုးသမား ထွန်းနန္ဒဦး လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သဖြင့် ရှောဝတီအသင်း ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။

ပထမအကျော့ ပွဲအားလုံး ယှဉ်ပြိုင်အပြီးတွင် မြဝတီအသင်းက ကိုးပွဲကစား ခြောက်ပွဲနိုင်၊ သုံးပွဲရှုံး၊ ရမှတ် ၁၈ မှတ်၊ ရှောဝတီအသင်းက ကိုးပွဲကစား လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် ၁၄ မှတ်ရရှိခဲ့သည်။

ပွဲစဉ် (၉) တတိယနေ့ကို ဩဂုတ်၂၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့်မဟာယူနိုက်တက် အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံ မကျေပွဲတွင် ဂျိုရှူအာကို ထပ်မံအနိုင်ရရှိခဲ့သည့် အူဆိုက်

ယမန်နေ့က ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံ မကျေပွဲအဖြစ် အန်သိုနီ ဂျိုရှူအာနှင့် အူဆိုက်တို့ပွဲစဉ်ကို ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အူဆိုက်က ထပ်မံအနိုင်ရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ဗြိတိန်လက်ဝှေ့ကျော် ဂျိုရှူအာသည် ပေါင်းစည်းဟဲဗီးဝိတ်ချန်ပီယံဖြစ်ခွင့် အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။

ဂျိုရှူအာသည် ပထမအကြိမ်တွေ့ဆုံမှုကထက် ယခုပွဲစဉ်မှာ နိုင်ပွဲရရှိ လိုမှု၊ အာရုံစူးစိုက်မှု ပိုမိုတိုးတက်လာခဲ့သော်လည်း ဒုတိယမြောက် ရှုံးပွဲနှင့် ထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ၁၂ ချီအပြီးတွင် အမှတ်ပေးဒိုင်နှစ်ဦးသည် အူဆိုက်ကို ၁၁၅–၁၁၃၊ ၁၁၆–၁၁၂ မှတ်ပေးခဲ့ပြီး ကျန်တစ်ဦးက ဂျိုရှူအာ ကို ၁၁၅–၁၁၃ မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဂျိုရှူအာသည် ယခုပွဲစဉ်တွင် ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့မှုကြောင့် ၎င်း၏ လက်ဝှေ့ကစားသမားဘဝတွင် စုစုပေါင်း ရှုံးပွဲသုံးပွဲအထိ ရှိလာပြီလည်း ဖြစ်သည်။ အူဆိုက်က ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် ၎င်း၏ လက်ဝှေ့ကစားသမားဘဝတွင် စုစုပေါင်း ပွဲ ၂၀ ထိုးသတ်ထားပြီး ပွဲ ၂၀ စလုံး အနိုင်ရရှိသည့် စံချိန်ကို ဆက်လက် ထိန်းထားနိုင်ခဲ့သည်။

ဂျိုရှူအာနှင့် အူဆိုက်တို့၏ ပထမအကြိမ်ထိုးသတ်မှုကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အူဆိုက်ကပွဲပြီးချိန်တွင် ဒဗလျူဘီစီချန်ပီယံ တိုင်ဆန်ဖျူရီနှင့် ထိုးသတ်ချင်ကြောင်း ပြောကြားခဲ့သည်။

**အောင်ဇော်**




## နာမည်ကြီး ချယ်ဆီးအသင်း လီဒ်စ်ကို သုံးဂိုးပြတ် ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၂၁**

ပရီမီယာလိဂ်ပွဲစဉ် (၃) မှ လီဒ်စ်အသင်းနှင့် ချယ်ဆီးအသင်းတို့ ပွဲစဉ်ကို ဩဂုတ် ၂၁ ရက်ညပိုင်းက လီဒ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဒ်စ်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပုံစံကောင်းရှိနေသည့် လီဒ်စ်အသင်းသည် ယခုပွဲစဉ်တွင် ချယ်ဆီးအသင်းကို ဖိအားပေး ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် အာရွန်ဆန်နှင့် ရိုဒရီဂိုတို့၏ သွင်းဂိုး နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ လီဒ်စ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် အာရွန်ဆန်က သွင်းယူပေးပြီး ဒုတိယဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ရိုဒရီဂိုက သွင်းယူပေးခဲ့သည်။ တားလင်း၊ ဟာဗက်ဇ်၊ မောင့်တို့ ဦးဆောင်ပွဲ ထွက်လာသည့် ချယ်ဆီးအသင်း တိုက်စစ်သည် အဆုံးသတ်ပိုင်းတွင် လိုအပ်ချက်များစွာရှိနေခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ချယ်ဆီးအသင်းသည် လီဒ်စ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် အကြိမ်ကြိမ် ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ လီဒ်စ်အသင်းက ရရှိလာသည့် အခွင့်အရေးကို ထိရောက်စွာ အသုံးချနိုင်ခဲ့သည့်အတွက် ပွဲချိန် ၆၉ မိနစ်တွင် တတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ဟာရစ်ဆင်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၅ မိနစ်တွင် ချယ်ဆီးအသင်းမှ ခံစစ်ကစားသမား ကူလီဘာလီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်မိနစ်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ ချယ်ဆီးအသင်းသည် လီဒ်စ်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ် ပွဲစဉ် (၃) မှ အခြားသောပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် ဘရိုက်တန်အသင်းက အလစ်စတာ၊ ထရိုဆတ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# တရားမဝင် စားသောက်ကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးသုံးပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ စစ်ဆေးရေးအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၁)မိုင် (၅) ဖာလုံတွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Compound Multi – gas Detector, Model BH – 4 စက် ၁၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ် တစ်စီးပေါ်၌ တရားမဝင် တင်သွင်းလာသော ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် အိတ် ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)၊ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၇၀၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စလွန်း Express အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း၊ သံလွင်တံတား စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၅၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၇၅၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် ကြွေပြားချပ် ဖာ ၃၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀) နှင့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို လည်းကောင်း၊ မြဝတီ-သဃ်န်းညီနောင် သွားလမ်းပေါ်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကန်ဒါ အမျိုးအစား ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၀၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၈၁၅၀၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်




## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဦးဝင်း ၁၂/ကတတ(နိုင်) ၀၀၁၂၀၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၁၅၂၁၃၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နိုင်လင်းဦး ၁၃/ရစန(နိုင်) ၀၉၆၅၄၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၅၅၈၂၇၃

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၇၂၇၁၉ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝေ ၁၃/တကန(နိုင်)၁၃၂၀၁၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(တောင်ကြီး)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**တောင်ကြီးခရိုင်တရားရုံး**

**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၆**

| | | |
|---|---|---|
| ဒေါ်မြနွယ် | နှင့် | ၁။ ဦးဖြိုးဝေအောင် |
| | | ၂။ ဒေါ်နွဲ့နွဲ့ရီ |
| တရားလို | | တရားပြိုင်များ |

၁။ ဦးဖြိုးဝေအောင်၊ ၂။ ဒေါ်နွဲ့နွဲ့ရီ (အတူနေလင်မယား)၊ ငွေအိမ်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ အမှတ်(၂/၂၆၈)၊ ကံ့ကော်လမ်း၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ)နေသူများအား သိစေရမည်။

သင့်အပေါ်၌တရားလိုက ချေးငွေကျပ် ၅၀၀၀၀၀၀၀/-(သိန်းငါးရာတိတိ)နှင့်နစ်နာကြေးငွေကျပ် ၂၀၀၀၀၀၀၀/-(သိန်းနှစ်ရာတိတိ)၊ စုစု ပေါင်းငွေကျပ် ၇၀၀၀၀၀၀၀/-(သိန်းခုနစ်ရာတိတိ)ရလိုမှု နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမ ဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ် စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၃၁ရက်(၁၃၈၄ခုနှစ် တော်သလင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့ တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဩဂုတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၃၉)၊ အကွက်အမှတ် (၄၅)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကအကျယ်အဝန်းရှိသော မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်ကို အမည်ပေါက်သူ ဦးမြင့်အောင် ၁၀/သထန(နိုင်)၀၀၅၉၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံတရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွမ်းအောင်ထွေး**
**အထက်တန်းရှေ့နေ(စဥ်-၅၈၂၆၈)**
**အမှတ်(၂၈၈)၊ အောင်ရတနာလမ်း၊ ပုလုံးတုံတုံးကျေးရွာ၊ ကော့သောင်းမြို့၊**
**ဖုန်း-၀၉-၂၅၉၉၇၇၀၆၅**

## ဒေါ်ခင်စန်းရင်(ဘ)ဦးဘကြူ (H/RGN-၀၁၈၉၃၆)သိစေရန်

ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်ကုန်းအရှေ့ပိုင်းရပ်၊ အကွက်အမှတ်(၅၁)၊ မြေကွက်အမှတ်(၁၄/၅၇)၊ ဦးပိုင်အမှတ် (၅/၂)၊ ဧရိယာ (၀ဒသမ၂၇၆)ဧကရှိ ဒေါ်ခင်စန်းရင်အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အမှတ်(၇၃-အေ) ဟုခေါ်တွင်သော(၁)ထပ်တိုက်နေအိမ် အဆောက်အအုံတို့ကို ဒေါ်ခင်စန်းရင်က ၇-၁၀-၁၉၈၃ရက်စွဲပါ မြေနှင့်အိမ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်ခင်စန်းရင်၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်အုန်းကြည် လက်မှတ်ရေးထိုးထားကာ ကျွန်ုပ်၏အမှုသည် ဦးစန်းမောင်(ဘ)ဦးချစ်ထွန်း အမျိုးသားမှတ်ပုံတင်အမှတ် AD-၀၂၅၂၉၆(ယခု) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/မရက(နိုင်)၀၇၉၄၆၁အား ရောင်းချခဲ့ရာ ကျွန်ုပ်၏အမှုသည်က ရောင်းဖိုးငွေအပြေအကျေပေးချေပြီး မြေကွက်နှင့်နေအိမ်တို့ကို လက်ရောက်ရယူပြီး နေထိုင်လာရာမှ မြေကွက် အမည်ပြောင်းရန်လိုအပ်လာသဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးရန် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်၏ အမှုသည်နှင့်ဆက်သွယ်ပြီး မြေနှင့်နေအိမ်အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ချုပ်ဆိုပေးရန် တောင်းဆိုပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်ဝင့်စိုး(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀၉)၊ နဝဒေးလမ်း၊ မင်္ဂလာရပ်ကွက်၊ အောင်ပန်းမြို့၊**
**ကလောမြို့နယ်၊ ဖုန်း-၀၉-၇၉၆၁၅၄၉၁၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်းအမှတ်/အမည်-RA II/ကွက်ပြင်-၂၊ ဦးပိုင်အမှတ် (၁၀၀-ည/191/338)၊ ဧရိယာ(၀.၃၇)ဧကရှိ ဂရန်အိမ်နှင့်မြေကွက်အား ဒေါ်ခင်ရီ ၉/မမန(နိုင်) ၀၃၀၁၃၄နှင့် ဦးစိုးမြင့်အောင် ၉/မရမ(နိုင်) ၀၈၅၅၃၄တို့က အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းတို့ထံမှ ဦးကိုကိုစိုး ၁၂/ကတတ(နိုင်)၀၁၂၄၇၃က ဝယ်ယူပြီး(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကိုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | ညွှန်ကြားချက်အရ- |
| ဦးကိုကိုစိုး | ဒေါ်ဖြိုးသူဇာလင်း(LL.B) |
| ၁၂/ကတတ(နိုင်)၀၁၂၄၇၃ | "ဖြိုး"အမှုလိုက်နှင့်ဥပဒေအတိုင်ပင်ခံရုံး |
| | အခန်းအမှတ်(၁၃)၊ မြေတိုင်းတိုက်တန်း၊ |
| | ဗိုလ်ချုပ်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့၊ |
| | ဖုန်း-၀၉-၄၄၉၉၀၀၁၅၅၊ ၀၉-၇၉၅၃၆၁၉၂၆ |

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ကွင်းအမှတ်၆(က)ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(၄၈၁)၊ မြေဧရိယာ(၀ဒသမ၀၃၄) ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ်(၃၄/၁၉၉၂-၁၉၉၃)အရ ဒေါ်ကြူသန်း အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်ကြူသန်းသည် (၅-၈-၂၀၀၁)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် မောင်နှမအရင်းတော်စပ်သူ ဒေါ်နာဂျီယာထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၃/၂၀၂၂)ဖြင့်ဒေါ်သန်းသန်းမူမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၈-၆-၂၀၂၂)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်သန်းသန်းမူ ၆/ပလန(နိုင်) ၀၀၀၂၁၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြိတ်မြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃၈-ဖက်တန်း)၊ ဦးပိုင်အမှတ်(၅၈/ဆ)၊ မြေဧရိယာ(၀ဒသမ ၀၂၆)ဧကရှိဘိုးဘပိုင်မြေကွက်အား မူလအမည်ပေါက် ဒေါ်ဂျော်လန်း၏ အမွေဆက်ခံသူများဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၂၀၂/၂၀၁၅) အရ ပိုင်ဆိုင်သူများထံမှ မြေကွက်သက်သက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၆၈/၂၀၁၅)အရ ဝယ်ယူလက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးအောင်ကျော်ဆန်း နှင့် ဒေါ်သီတာမိုးလှိုင် တို့က မြေကွက်သက်သက်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၆/၂၀၂၂)ဖြင့် ဒေါ်ဖြူဖြူသောင်း၊ ဒေါ်ဝါဝါသောင်းနှင့် ဦးဘိုဘိုသောင်းတို့ထံ ရောင်းချထားရာ မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ် ၀၃၀/ဘိုးဘ/၂၀၂၂-၂၀၂၃အရ မူလအမည်ပေါက် ဒေါ်ဂျော်လန်းအမည်မှ ဒေါ်ဖြူဖြူသောင်း၊ ဒေါ်ဝါဝါသောင်းနှင့် ဦးဘိုဘိုသောင်းတို့၏အမည်သို့ အမည်ပြောင်းလဲခွင့်လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါအိမ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက အမည်ပြောင်းလဲခြင်းကို ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၄၃)(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာဝင်းရှိ ၈ခန်းတွဲ ၈ထပ်တိုက်၏ ပထမထပ်ရှိ အကျယ်အဝန်း (၁၃၅၀) စတုရန်းပေ၊ အခန်းအမှတ်(၁-OH)ဟုခေါ်တွင်သော တိုက်ခန်းကို ဦးထွန်းလင်းနိုင် ၁/ပတအ(နိုင်) ၀၂၇၂၆၇က တရားဝင်ပိုင်ဆိုင်၍ လွတ်လပ်စွာစီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်မ ဒေါ်ခေါလ်ဆန်းလွန်း ၄/တဇန(နိုင်) ၀၁၄၅၈၃က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွမည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခေါလ်ဆန်းလွန်း (ဖုန်း-၀၉-၄၂၀၉၈၈၇၃)**
**အမှတ်(၅၃)၊ (ငါးလွှာ)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်**

စာအုပ်စာပေ လူ့မိတ်ဆွေ

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် ဩဂုတ် ၂၁

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာတွင် ကိုရန်နောင်ထူးသည် "Paradise" အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါနာမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ သတင်းစာပါရက်မှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ကိုရန်နောင်ထူး ၉/ကဆန(နိုင်) ၁၄၁၀၁၆ (ဖုန်း-၀၉-၉၅၃၇၃၅၈၈၉၊ ၀၉-၇၇၆၇၇၀၆၂၉)**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ၅-၁၂-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။
(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၈-၂၀၂၂ ရက်နေ့မှ ၂၃-၉-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။
(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။
(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း)[အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A** (၁၀၀၀၀)ကျပ်၊ စုစုပေါင်း(၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိနိုင်ရေးအသိပေးကြေညာခြင်း**

၁။ ၂၀၂၂ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေသည် ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ အဆိုပါဝင်ငွေရရှိသူ ပြည်ပနေ နိုင်ငံသားများအနေဖြင့် ယင်းငွေအား ပြည်တွင်းသို့ လွှဲပြောင်း၍ ပြည်တွင်း၌မော်တော်ယာဉ်များ၊ အိမ်ခြံမြေစသည့် အခြေပစ္စည်းများ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အစုရှယ်ယာများဝယ်ယူ၊ ထည့်ဝင်ရင်းနှီးမြှုပ်နှံခြင်းတို့ ဆောင်ရွက်ရာတွင် တည်ဆဲဝင်ငွေခွန်ဥပဒေအရ **ဝင်ငွေခွန်ထပ်မံပေးဆောင်ရန် မလိုအပ်ပါ။**

၂။ သို့ရာတွင် ပြည်ပနေနိုင်ငံသား၏ ပြည်တွင်းသို့လွှဲပြောင်းငွေသည် တရားဝင်ငွေလွှဲခွင့်လိုင်စင် ရရှိထားသည့်ဘဏ်၊ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့မှသာ တည်ဆဲအခွန်ဥပဒေအရ ဝင်ငွေခွန်ထပ်မံပေးဆောင်ရန်မလိုအပ်သည့် အခွန်ဆိုင်ရာအကျိုးခံစား ခွင့်များ ရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ပနေနိုင်ငံသားများအနေဖြင့် အခွန်ကင်းလွတ်ခွင့်ရှိသောလစာဝင်ငွေဖြင့် အခြေပစ္စည်းများဝယ်ယူရာတွင် အခွန်ဆိုင်ရာအကျိုးခံစားခွင့်များကို ပြည့်ပြည့်ဝဝရရှိနိုင်ရေးအတွက် ပြည်တွင်းသို့ငွေလွှဲပေးပို့ရာ၌ **တရားဝင်ငွေလွှဲခွင့် လိုင်စင်ရရှိထားသည့်ဘဏ်၊ သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ကြပါရန်** အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အထူးဈေးဖြင့်ရောင်းရန်ရှိသည်

ရန်ကုန်မြို့၊ လှည်းတန်းနှင့်နီး၍ ဘုရင့်နောင်လမ်းမကြီးပေါ်တွင်ရှိသော ကွန်ဒိုတိုက်ခန်းများ အထူးဈေးဖြင့်ရောင်းချလိုပါသည်။ လုံခြုံမှုစနစ်ကောင်းမွန်ပြီး ခေတ်လေ့ကားပါရှိသော ဧရိယာစတုရန်းပေ ၁၂၀၀ နှင့် ၁၃၀၀အတွင်းရှိသော အခန်းများကို စိတ်ကြိုက်ပြုပြင်ရန် အနေအထားဖြင့် တစ်စတုရန်းပေလျှင် တစ်သိန်းအောက်ဈေးနှုန်းဖြင့်သာ ရောင်းချမည်ဖြစ်ပါသည်။ ဘဏ် Account ဖြင့် လည်းပေးချေနိုင်သဖြင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံသင့်သော နေရာများဖြစ်၍ စိတ်ဝင်စားပါက အောက်ဖော်ပြပါဖုန်းနံပါတ်ကို ဆက်သွယ်ကြည့်ရှုဝယ်ယူနိုင်ပါသည်-

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၁၈၁၈၄၉၃**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/5310 ယာဉ်လက်ဝယ်ရှိသူ ဦးယောလင်းထက် ၈/ဆမန(နိုင်)၀၅၀၉၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၄ယ/၅၆၄၄၈ (Suzuki) ယာဉ်အမည်ပေါက်သူ ဦးထင်ဖျင် ၁၃/တကန(နိုင်)၁၄၉၈၅၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/6280 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၄၀၉

| | | |
|---|---|---|
| ဦးဇင်ကိုလတ် | နှင့် | ဒေါ်မြင့်မြင့်အေး(ခ) ဒေါ်စမ်းမြင့် |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါ အမှုမှ တရားပြိုင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် (ဗ-၁)၊ MNN-၀၄၀၆၆၉၊ (ဘ) ဦးဘအေး၊ ဒေါ်မြင့်မြင့်အေး(ခ) ဒေါ်စမ်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်၊ ( ၁၃၈၄ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဩဂုတ်၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်၊

**( နိုင်လင်း )**
**ဒုတိယခရိုင်တရားသူကြီး( ၃)**
**မန္တလေးခရိုင်တရားရုံး**

### စက်မှုဝန်ကြီးဌာန
### အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
### အမှတ် (၃၁) အကြီးစားစက်ရုံ (သရက်)
### Public Private Partnership (PPP) အတွက်
### စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ
### (Expression of Interest – EoI) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊အမှတ်(၃၁) အကြီးစားစက်ရုံ (ဘိလပ်မြေစက်ရုံ-သရက်) အား ပြည်တွင်း/ပြည်ပမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership (PPP) ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest – EoI) ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသောပြည်တွင်း/ပြည်ပ ကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့လိပ်မူ၍ ၇-၉-၂၀၂၂ ရက်၊ ညနေ ၃:၀၀ နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် စာရွက်စာတမ်းများကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ **(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၆၇၈ ၊ ၀၆၇-၃၄၀၈၆၇၉)**

### စက်မှုဝန်ကြီးဌာန
### အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
### အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ)
### Public Private Partnership (PPP) အတွက်
### စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ
### (Expression of Interest – EoI) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၁) အကြီးစားစက်ရုံ (တာယာစက်ရုံ-သထုံ) အား ပြည်တွင်း/ပြည်ပမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership (PPP) ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest – EoI) ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာကို စီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့လိပ်မူ၍ ၇-၉-၂၀၂၂ ရက်၊ ညနေ ၃:၀၀ နာရီ (မြန်မာစံတော်ချိန် ) အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် စာရွက်စာတမ်းများကို စီမံရေးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်တွင် လာရောက် ထုတ်ယူနိုင် ပါသည်။ **(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၆၇၅ ၊ ၀၆၇-၃၄၀၈၆၇၆)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၁ယ/၆၇၀၄၇ (ဟွန်ဒါဒရင်း) ယာဉ်အမည်ပေါက်သူ ဦးကျော်ကိုကို ၁၂/မရက(နိုင်)၁၀၈၂၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၅)၊ အကွက်အမှတ်(၂၅/တရုတ်ဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၃၇/က)၊ ဧရိယာ ၀ ဒသမ ၀၉၅ဧကရှိ မြေငှားဂရန် အမှုတွဲအမှတ် ၃၂၂-၅/၂၀၁၇-၂၀၁၈ (အေ) မြေကွက်အား ဦးရွှေလင်း(ခ)ဆွေလင်း ၁၃/လရန(နိုင်)၀၃၇၄၇၅ အမည်ပေါက်မြေကွက်အား စာချုပ်အမှတ်(၃၃၅I/၂၀၂၀)ဖြင့် ဒေါ်ရှောက်ထောင် (အီး-အယ်လ်အက်စ်အိုင်-၂၂၀၉၄၇) သို့ ရောင်းချပြီးဖြစ်၍ ဒေါ်ရှောက်ထောင် အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိကရက်ပေါင်း(၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ လိုအပ်သောရုံးသုံးစက်ကိရိယာပစ္စည်း ၁၄ မျိုးနှင့် အခြား (၂)မျိုးတို့အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ဌာနမှသတ်မှတ်ထားသည့် အမျိုးအစား၊ Specification များအတိုင်း တိကျမှန်ကန်စွာတင်သွင်းနိုင်သော စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များအား တင်ဒါစည်းကမ်းချက်တွင် ပူးတွဲဖော်ပြထားပြီး တစ်စောင်လျှင် (၁၀,၀၀၀/-) ကျပ်တစ်သောင်းတိတိနှုန်းဖြင့် အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပြီး ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | - | ၂၂-၈-၂၀၂၂ ရက်မှ ၁၅-၉-၂၀၂၂ ရက် ညနေ (၁၆:၀၀)နာရီထိ |
| **တင်ဒါပိတ်မည့်ရက်** | - | ၁၅-၉-၂၀၂၂ ရက် ညနေ (၁၆:၀၀) နာရီထိ |
| **တင်ဒါဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရန်** | - | စီမံ၊ထောက်ပံ့နှင့်ဘဏ္ဍာဌာန၊ ထောက်ပံ့ဌာနခွဲ ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော် |

၃။ အသေးစိတ်အချက်အလက်များကိုသိလိုပါက ဖုန်း-၀၆၇-၄၃၁၃၆၇၊ ၄၃၁၃၃၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ရုံးအမှတ် (၄၈)၊ နေပြည်တော်**

### ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၂၂ နှင့် ဆက်နွယ်သည့်
### ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၄၆

| | | |
|---|---|---|
| ဦးအောင်လင်းဝင်း | နှင့် | ဦးဟုတ်ကြည် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

အေးသာယာမြို့၊ ရပ်ကွက်(၂)၊ အကွက်အမှတ်(၂၃)နေ တရားရှုံး ဦးဟုတ်ကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်လင်းဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက် (၁၃၈၄ခုနှစ် တော်သလင်းလဆန်း၈ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

### ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၂၃ နှင့် ဆက်နွယ်သည့်
### ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် – ၄၇

| | | |
|---|---|---|
| ဦးအောင်လင်းဝင်း | နှင့် | ဒုတိယဗိုလ်မှူးကြီး မင်းဆွေ |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

အေးသာယာမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(၁၈)နေ တရားရှုံး ဒုတိယဗိုလ်မှူးကြီးမင်းဆွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်လင်းဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင်ပြ၍ ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက် (၁၃၈၄ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

### ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄ နှင့် ဆက်နွယ်သည့်
### ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် – ၄၈

| | | |
|---|---|---|
| ဦးအောင်လင်းဝင်း | နှင့် | ဗိုလ်မှူး စိုးလွင် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

အေးသာယာမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(၂၀)နေ တရားရှုံး ဗိုလ်မှူးစိုးလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်လင်းဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်(၁၃၈၄ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

### ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီယာ ၄ လမ်း၊ အမှတ်(၁၇၅)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဦး (ဘ)ဦးကျော်ထွန်း ၉/မလန(နိုင်)၁၀၁၇၃၁နှင့် ဒေါ်ချယ်ရီအောင် (ဘ) ဦးအောင်ညွှန့် ၉/တတဥ(နိုင်)၁၀၁၇၀၁ တို့သည် အကြင်လင်မယားများ ဖြစ်ကြပြီး ဇနီးဖြစ်သူသည် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ပြီး ၎င်း၏သဘောဆန္ဒအလျောက် ၁၆-၈-၂၀၂၂ ရက်တွင် နေအိမ်ပေါ်မှဆင်းသွားခဲ့ရာ အဆက်အသွယ် ပြုလုပ်ခြင်းမရှိသဖြင့် ယခုသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပြီဖြစ်၍ မိမိနှင့်ပတ်သက်သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် နောက်နောင်တွင် ၎င်း၏ကိစ္စအဝဝနှင့် ပတ်သက်၍ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းအများသိရှိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သောင်း(စဉ်-၉၂၇၉)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း - ၀၉-၄၃၁၃၈၅၆၄**
**ဦးသိန်းဝင်း(စဉ်-၂၀၈၀၃)**
**အထက်တန်းရှေ့နေ**
**ဖုန်း- ၀၉-၉၇၁၅၃၉၇၈၁**

သင့်
စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရမှာ ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကို စုစည်းပြီး လွတ်လပ်ရေးရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာ အနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာအရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနဲ့တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှု ဆောင်ရွက်လျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

**နေပြည်တော် ဩဂုတ် ၂၁**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ နှင့် လူငယ်၊ လူရွယ်များအား နယ်စပ် ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက် ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

**ယနေ့ သတင်းအညွှန်း**

**မန္တလေးမြို့တွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးနေသည့် တရားခံများကို ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ - ၁၀

**နာမည်ကြီး ချယ်ဆီးအသင်း လိဒ်စ်ကို သုံးဂိုးပြတ် ရှုံးနိမ့်**

အားကစားသတင်း စာ - ၂၅





မိုင်းထောင်ဖောက်ခွဲခံရသည့် တာဝါတိုင် အမှတ် - ၁၇၃ ၏ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

## KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင်နှစ်ခုကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင်နှစ်ခုကို ဩဂုတ် ၂၀ ရက် ည ၁၁ နာရီခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရှိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍